
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

BURMESE CLASSIC

မျောက်လိုလူတို့နှင့် လူလိုမျောက်ကောင်

(ပထမအကြိမ်)

စီစဉ်သူ - အတီး

ဖြန့်ချိရေး

နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com

# "မျောက်လိုလူတို့နှင့် လူလိုမျောက်ကောင်"

ကိုပိုက်/-

"သည်မိုးတော့ စဲလိမ့်မယ်မထင်ဘူး ကိုလင်းရေ . . ကျွန်တော်တို့တွေ ပြောင်သေမြောင်ကိုပဲ တန်းသွားကြလျှင် ကောင်း မယ်ဗျ.. မိုးစဲကို စောင့်လျှင်ဖြင့် ကျွန်တော်တို့ သည်ကနေ ပြောင်သေ မြောင်ကို ရောက်တော့မှာ မဟုတ်ဘူး.."

"ဆရာလေးတို့မယ် အရေးကြီးကိစ္စမရှိလျှင်ဖြင့် သည်မယ် တညအိပ်သွားကြချေ.. မိုးကမသည်းဘူးဆိုပေမင့် သည်ရွာနေတဲ့ မိုးက တောင်ပြိုတာတွေ ဘာတွေဖြစ်နိုင်တယ်လေ... တကယ် တော့ ဆရာလေးတို့ သွားမယ့်ပြောင်သေမြောင်က လမ်းအဆိုးသား ကလား.. တောင်ကမ်းတွေမြင့်တယ်.. ရွှံ့မြေတွေဆိုတော့..ချော ကျပါဦးမယ် .. နက်ဖြန် ခပ်စောစောသွားကြချေပေါ့. ခြောက်ခြောက် သွေ့သွေ့ဆို ပိုမကောင်းဘူးလား.."

သို့ ဝါးခုတ်တဲမှ ကရင်ကြီးပြောသည်ကို ကျွန်တော်တို့ အလေး ဂရုထားသင့်ပေ၏။ သို့ဖြစ်သော်လည်း ပြောင်သေမြောင်တွင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆို့ တစ်ချက်တစ်ကောင်မြင့်မောင်နှင့် ချိန်းထားသည်ကြောင့် မဖြစ်မနေသွားရပေလိမ့်မည်။ဘယ့်တွက်မူ တစ်ချက်တစ်ကောင်မြင့်မောင်သည် ကျန်းမာရေးကောင်းသူမဟုတ်။ တလောက လေဖြတ်ထားသည်ဟုကြားရ၏။ ဆေးဆရာအစွမ်းကြောင့် အခြေအနေကောင်းလာသည်ဟုဆို၏။ ပြီးတော့ လှုပ်လှုပ်ရှားရှားလုပ်ပေးလျှင် ပိုသင့်မည်ဟုတွက်ဆထားသည်ကြောင့် ကျွန်တော်တို့နှင့် ပန်းပုတ်ကြီးဘက်တွင်တောဝက်ပစ်ရန် ချိန်းထားလေသဖြင့် သူလို ကျန်းမာရေးမကောင်းသူတောင်မှ ပြောင်သေမြောင်ရောက်လာချေပြီး (ချိန်းထားတဲ့အတိုင်း) ကျွန်တော်တို့က ရောက်မသွားပါလျှင် လွန်မင်းစွာအားနာဖို့ကောင်းပေတော့၏။ သို့ကြောင့်

"ကျေးဇူးတင်တယ် ဖထီးရယ် ..နို့ပေမင့်လို့ ပြောင်သေမြောင်ကို ကနေ့ရောက်မှဖြစ်မှာကြောင့် သွားလိုက်ပါဦးမယ်..."

သို့ဆိုလျှက် ကျွန်တော်သည် လင်းမြင့်လှိုင်ကို မျက်ရိပ်ပြကာထိုတဲမှ ထွက်ခဲ့ချေတော့၏။

"အပြန်ကျ ဝင်ဦးမလား.."

"အခြေအနေကြည့်ပြီး ဝင်သင့်ဝင်တာပေါ့ဗျာ..ကဲ.. သွားပြီနော်."

"အေးအေး."

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဆင်လမ်းအတိုင်း လျှောက်ခဲ့ကြခြင်းဖြစ်၏။ မိုးရွာနေလေခြင်းကြောင့် တောသည် ပို၍ တိတ်ဆိတ်နေသည်ဟု ထင်မိ၏။ ဘယ့်တွက်မူ တောတိရစ္ဆာန်များသည်လည်း မိုးရေစိုနေကြခြင်းကြောင့်ဖြစ်ချိမ့်မည်။ သစ်ပင်ကြီး အောက်တွင်လည်းကောင်း၊ လှိုဏ်ထဲတွင်လည်းကောင်း၊ ဂလိုင်ထဲတွင်လည်းကောင်း၊ သစ်ခေါင်းပေါက်တွင်လည်းကောင်း၊ ကြခတ်ဝါးရုံပင်အောက်တွင်

www.burmeseclassic.com

www.burmeseclassic.com


လည်းကောင်း၊ မိုးခိုကြပေရော့မည်။ မဖြစ်မနေသွားလာနေသူ ကျွန်တော်တို့နှစ်ယောက်ကဲ့သို့ မဖြစ်မနေသွားလာကြမည့် တောတိရစ္ဆာန်အကောင်တို့ရှိလိမ့်မည်မဟုတ်ဟု ထင်မိခဲ့၏။

သို့ကြောင့် ကျွန်တော်တို့နှစ်ယောက် ဆင်လမ်းဖြူးဖြူးအတိုင်း ခပ်သွက်သွက်လျှောက်ခဲ့ကြတော့၏။

နွယ်တက်သစ်ပင်ကြီးတို့ တွေ့ပေဖြား မျောက်တကောင်တလေတွေ့လေမလားကြည့်မိ၏။

သစ်ပင်ကြီးတို့အောက်ခြေတွင် ဝပ်တွားနေမည့် ဂျီကောင်သည်လည်းကောင်း၊ ဆတ်ကောင်သည်လည်းကောင်း၊ အခြားသတ္တဝါငယ်သည်လည်းကောင်း၊ တွေ့လိုတွေ့ငြားကြည့်မိချေတော့၏။

တောတွင်းတိရစ္ဆာန်တွေသည်လည်း ဘယ်ရောက်နေကြပါလိမ့်... သို့မှ

"ဟာ"

ဘဲပေါက်လေးသုံးကောင် ကျွန်တော်တို့၏ သွားလမ်းရှေ့မှ ဖြတ်ပြေးသွားသည်ကြောင့် လိုက်ဖမ်းရန် ကြိုးစားမိသေး၏။

သုံးကောင်မှ တစ်ကောင်ကို မိလိုက်၏။

"ဘဲလေးက ချစ်စရာလေးရယ်.."

"ဂတ်..ဂတ်..ဂတ်..ဂတ်.."

ကျွန်တော်၏ လက်တွင်းမှ ဘဲပေါက်လေးသည် သိုန္နယ်အော်ဟာစ်၊ အမွေးအတောင်မပြည့်စုံသောအတောင်ကို လှုပ်ခတ်ရုန်းကန်နေလေ၏။

"လွှတ်ပေးလိုက်ပါဗျာ..သူ့အဖော်တွေနဲ့သွားပါစေ.."

သို့ဆိုတော့ ကျွန်တော်သည် ထိုဘဲပေါက်လေးအား သူ့အဖော်များပြေးသွားရာ လမ်းကြောင်းပေါ် လွှတ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂတ်··ဂတ်··ဂတ်··ဂတ်··"

သို့နှယ်အော်ဟစ်တောင်ပံဖြန့် လှုပ်ခါပြေးသွားလေတော့၏။

"ကိုပိုက်ရေ·· ခပ်သွက်သွက်လျှောက်ချေ။ မိုးတွေအုံ့လာပြန်ပြီ၊ သည်မိုးမစဲတဲ့အပြင် လေကောမိုးပါ သည်းသည်းမဲမဲလာတော့မယ့်လက္ခဏာပေပဲဗျ··"

"လင်းမြင့်လှိုင်ပြောလေသည့်အတိုင်း ကျွန်တော်တို့ လျှောက်လမ်းနောက်ဘက်တောင်ကြောပေါ်မှ မိုးသားလိပ်လိပ် မည်းမည်းကြီးကိုကြည့်ပြီး ကျွန်တော် ခြေလှမ်းကို သွက်သွက်လှမ်းလိုက်ချေတော့၏။

သို့ဖြူးနေသော ဆင်လမ်းအတွင်း ခပ်သွက်သွက် လျှောက်ခဲ့ရမှ···

"ဝူး···"

"ဝူးလ်··"

"အူး··ဝူး··"

ခပ်လှမ်းလှမ်းရှိ ဝါးတောအတွင်းမှ သို့ဆိုသလို ဆင်ရိုင်းကောင်၏ အော်သံကြောင့် ကျွန်တော်တို့နှစ်ယောက် ခြေလှမ်းများ ရပ်တန့်သွားကြတော့၏။

"ကိုလင်း··ဘယ်လိုလုပ်မလဲ··ရှေ့လမ်းမယ် တောဆင်ရိုင်းကောင်တွေရှိနေတယ်··"

ကျွန်တော်တို့ ထိုဝါးရုံလေးကို ဖြတ်ရပေမည်ဖြစ်၍ သို့မေးလိုက်ခြင်းဖြစ်တော့၏။

လင်းမြင့်လှိုင်က ရှေ့မှ မားမားမတ်နေချေပြီး ဝါးရုံတောသားဘက်သို့ လှမ်းကဲကြည့် နားကိုစွင့်ထားဟန်တူချေ၏။ သို့ကြောင့်

"ဘယ်လိုဆက်လုပ်မလဲ ကိုလင်း··"



www.burmeseclassic.com

www.burmeseclassic.com


သည့်တခါတော့မှဖြင့် ကျွန်တော် ခပ်ကျယ်ကျယ်ပြောလိုက်ရ၏။ သို့မှ

"ဘယ်လို ဆက်သွားလို့ဖြစ်မှာလဲဗျာ..."

"နို့ဖြင့် နောက်ပြန်လှည့်ရမှာလား.."

"ခက်တာက မြင့်မောင်ကြီး ရောက်နေလောက်ပြီ· ပြောင်သလေပြောင်စခန်းမှာ ဝါးခုတ်သမားတွေ ရှိကြတာမဟုတ်ဘူး..။ သည့်တော့ မြင့်မောင်ကြီးတစ်ယောက်တည်း ဝါတဲတဲလုံးမှာ ကျွန်တော်တို့ကို မျှော်နေရောမယ်··ကျွန်တော်တို့ ကနေ့အရောက်မသွားလျှင်ဖြင့် မြင့်မောင်ကြီးတစ်ယောက်တည်း ပြောင်သလေပြောင်စခန်းမှာ ညအိပ်နေရပါလိမ့်မယ်.. သည့်ကောင်ကြီးက ကြောက်တတ်တဲ့သူမဟုတ်ပေမင့်လည်း တစ်ယောက်တည်းဆိုတော့ စိတ်ခြောက်ခြားနိုင်တယ်.. ကိုပိုက်လဲ ပြောင်သလေပြောင်အကြောင်း သိတာပဲ·· ပြောင်သလေပြောင်မှာ လွန်ခဲ့တဲ့လက ဝါးခုတ်သမားလေးကို ဟင်းကောင်းဝင်ဆွဲသွားတယ်လို့ ကြားရဲ့နဲ့ကြောင့် မြင့်မောင်ကြီးအတွက် စိတ်မချတာဗျ.."

"သည့်တော့ ကိုလင်းက ဘယ်လိုလုပ်ချင်လဲ.. "

"စမ်းကြည့်ရမှာပဲ.."

လင်းမြင့်လှိုင်က ပြောပြောဆိုဆို သူ့သေနတ်ဖြင့် ဝါးတောဘက်ကို ပစ်မှတ်လှမ်းချိန်လိုက်ချေ၏။

"ခြောက်လှန့်မောင်းထုတ်ချင်တာလား.."

ကျွန်တော်က မေးလိုက်၏။

"အဲ့လို စဉ်းစားမိတာပဲ.."

"ချောက်"

လင်းမြင့်လှိုင်က ပြောလည်းပြော သူ့ချောင်းကိုလည်း မောင်း

www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်ချေတော့၏။

"ဒိန်း"

"ဒိန်း"

"ဒိန်း"

လင်းမြင့်လှိုင် ကျည်သုံးတောင့်ကို ဖြုန်းလိုက်၏။ ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ဝါးတောအတွင်းရှိသော ဆင်ကောင်များ ထိတ်လန့်တကြားဖြင့် ပြေးသွားသံကို ကြားလိုက်ကြရ၏။

တော်ပါသေးရဲ့. ဆင်ကောင်တို့၏ ဦးတည်ပြေးလမ်းကြောင်း သည် ကျွန်တော်တို့သွားလမ်းနှင့် ဆန့်ကျင်ဘက်အရပ်သို့ ဖြစ်နေခြင်း ကြောင့်ပင်..။

ပြေးလွှားသံများ နားစွင့်ရင်း တွက်ချက်ရလိုက်သည်မှာ တောဆင်ရိုင်းကောင်များ ဝါးတောအတွင်းရှိနိုင်လိမ့်မည် မဟုတ်ပါချေ။ သို့ကြောင့် ကျွန်တော်တို့ နစ်ယောက်သည် ဝါးတောအတွင်း ဝင်ခဲ့ ကြတော့၏။

"ဝါးတောလေးထဲမယ် သားကောင်တွေ့လျှင်ကောင်းမယ်"

သို့ ကျွန်တော်က စဉ်းစားလိုက်ပေမင့် တဘက်ကမ်းဝါးတော လေးအစပ်တွင် ကျွန်တော်တို့တွေ့လိုက်သည်မှာ စပါးကြီးမြွေကောင် ဖြစ်ချေတော့၏။

ထိုစပါးကြီးမြွေကောင်သည် ဝါးတောအစပ်အတွင်းပိုင်းလေး အနီးတွင်ရှိ ကျွန်းပင်ကြီး၏ အခြေနေရာတွင် တွေ့လိုက်ခြင်းဖြစ်တော့၏။

စပါးကြီးမြွေကောင် မိုးပေါက်မိုးစက်တို့ကြားမှ ငြိမ်သက်စွာ ခွေနေရချေ၏။

ကျွန်တော်က ထိုစပါးကြီးမြွေကောင်ကို လက်တွင်ရှိသေနတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဦးခေါင်းကို လှမ်းချိန်လိုက်သည့်ကြောင့်

"သူလည်း ဒုက္ခသည်ပဲ ပြောရတော့မပေါ့··။ မလုပ်ပါနဲ့··ကိုပိုက်ရယ်··သူ့ကို အလွတ်ပေးလိုက်ပါ· ကျွန်တော်တို့တွေ ဆာလောင်ခြင်းလည်းမရှိကြသေးတာ··"

"ဟုတ်တယ်ဗျ·· " ဆိုလျက် ကျွန်တော်က

"ကဲ··စပါးကြီးမြွေကောင်ရေ·· နင့်အသက်တစ်ခါလွတ်ပြီး ငါ့အသက်သည်လည်း ဆယ်ခါပြန်လွတ်ရပါစေ··"

သို့ပြောလိုက်သည်ကို··ကျွန်တော်က တိုးတိုးရေရွတ်လိုက် ပေမြား လင်းမြင့်လှိုင်က ကြားသွားသည်ထင့်··

"ကိုပိုက်ရယ်·· တယ်တရားမျှတပါ့ကလား·· သူ့အသက်ကြ တော့ တစ်ခါလွတ်တဲ့··ကိုယ့်အသက်ကြတော့ ဆယ်ခါလွတ်ရပါလို ၏ ဆိုပါကလား··ဟား··ဟား··ဟား··"

သို့ ပြောကာရယ်မောနေသဖြင့်··

"သိပေဘူးဗျ··ငယ်ငယ်က ပြောနေကျအတိုင်း ပြောလိုက် တာလေဗျာ··ဘာရယ်တော့မဟုတ်ပါဘူး··ဟင်း··ဟင်း··"

"ကိုပိုက်··ယုံကောယုံကြည်လား··"

"ဘာကိုဆိုလိုတာလဲ··"

"အော်·· တူသောအကျိုးပေးဆိုတာလေ··"

"အင်း··လက်ခံသင့်တာကိုတော့ လက်ခံရပါလိမ့်မယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် ဘာကိုသဘောကျသွားလေသည်မသိ··ကြိတ်၍ ပြုံးလိုက်ကာမည်သို့မျှ ဆက်မပြောလေတော့ဘဲ ရှေ့ဆက်လျှောက်သွားလေတော့၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နောက်မှ ကပ်လိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ကျွန်တော်တို့ ဝါးတောအတွင်းရောက်သည့်တွင် မိုးသားများ သည်လည်း လေနှင့် လွင့်ပါးရောက်လာလေပြီးဖြစ်၍ မဲမှောင်သွားချေ တော့၏။

မိုးသားများ မည်းနေခြင်း သစ်ပင်ကြီးတို့ အရွက်ဖားဖား ခပ်စိတ် စိတ်ပေါက်နေခြင်းအပြင် ကျွန်တော်တို့သည် ကြခတ်ဝါးတောလေး အတွင်း ရောက်နေကြခြင်းကြောင့် ပို၍ မဲမှောင်သွားသည်ဟု ထင်ရခြင်း ပင်‥။ သို့မှ မိုးစက်မိုးပေါက်တို့ ကျလာချေတော့၏။ လေပြင်းလည်း ပါလာသဖြင့် ကျွန်တော်တို့သည် ဝါးတောအတွင်းမှ ခပ်သွက်သွက် လျှောက်လိုက်ကြတော့၏။

မိုးများသည်းထန်လာခြင်းကြောင့် ရှေ့မြင်ကွင်းကို ကောင်း ကောင်းမြင်ရခြင်း မရှိပါချေ‥။

"ကျွန်တော်တို့ တနေရာမယ် မိုးခိုနားကြမှထင်တယ်‥"

ကျွန်တော်က ပြောလိုက်၏။

"သည်မယ်တော့ ခိုနားစရာမတွေ့ပေဘူးဗျ‥သစ်ပင်ကြီးတွေ အောက်လည်း မနားဝံ့ပါဘူး‥ သည်လေ သည်မိုးက ကြောက်ဖို့ ကောင်းသားကလား‥"

"သည်တော့ ‥"

"ဖြစ်နိုင်လျှင် ကျွန်တော်တို့တွေ ယိမ်းထိုးနေတဲ့ ပင်လုံးဖြောင့် ဖြောင့် သစ်ပင်ကြီးတွေအောက်ကနေ ထွက်ကြပြီး လျှိုလိုနေရာမယ် နားကြမှဖြစ်မယ်ထင်တယ်‥"

လင်းမြင့်လှိုင်ပြောသည်ကို လက်ခံရပေမည်။ သစ်ပင်ကြီးများ သည် တဖြောင့်တည်းရှိနေကြလေခြင်းကြောင့် ယိမ်းခါနေသဖြင့် သစ်ပင်ထက်ပိုင်းကျိုးကျလာမည့် အန္တရာယ်ကိုလည်း ကြောက်ရသေး

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ သို့ကြောင့် ကျွန်တော်တို့သည် ဝါတောလေးအတွင်း သစ်ပင်ကြီးတို့အောက် သိပ်မသွားဝံ့သေးပဲ အတတ်နိုင်ဆုံး ကွင်းရှောင်သွားကြခြင်း ဖြစ်တော့၏။

သို့မှ

"ဟာ"

"ဟင်"

ကျွန်တော်တို့၏ သွားလမ်းရှေ့တွင် မှုန့်မှုန့်ဝါးဝါးမြင်လိုက်ရသည့် မြင်ကွင်းကြောင့် လွန်မင်းစွာထိတ်လန့်သွားကြတော့၏။

ကျွန်တော်တို့သွားလမ်းရှေ့တည့်တည့်လောက်တွင် တောဆင်မကြီးတစ်ကောင်ကို မားမားရပ်လျှက်ရှိစဉ် တွေ့လိုက်ရ၏။

ထိုဆင်ရိုင်းမကြီးသည် ကျွန်တော်တို့ကို တွေတွေကြီး မိုးရေအောက်မှ ကြည့်နေချေ၏။

"ဘယ်လိုလုပ်မလဲ• • •"

နောက်ပြန်လှည့်၍လည်း အချိန်မရနိုင်ပါသဖြင့် ကျွန်တော်က သို့မေးလိုက်လေပြီး လက်တွင်းရှိ သေနတ်ဖြင့် ထိုဆင်ရိုင်းမကြီးကို ထိုးချိန်လိုက်တော့၏။ လင်းမြဲ့လှိုင်သည်လည်း ကျွန်တော်လိုပင် လာမည့်ဘေးပြေးတွေ့မည်သဘောဖြစ်ချိမ့်မည်• • ။

"ခဏလေးတော့စောင့်ကြည့်ပါဦးဗျ• • သည့်ဆင်မကြီးငြိမ်ပြီး ရပ်နေတယ် • • ကျွန်တော်တို့ကို မြင်လို့လား ဘာလို့လဲတော့ မသိဘူး• • သူလှုပ်ရှားမှုစပြီဆိုလျှင်ဖြင့်တော့ ကိုပိုက်လက်မနှေးနဲ့ဗျ• ကျွန်တော်က ဦးခေါင်းကိုပစ်မယ်• • ကိုပိုက်က ရှေ့လက်မြင်ကို ပစ်ခြေဗျ• သည့်လောက်အကွာအဝေးမှာကျွန်တော်တို့ စုချက်လွဲလို့ကတော့ နစ်ယောက်စလုံး မြေမှာပြားပြီလို့သာ တွက်လိုက်ချေ

www.burmeseclassic.com

www.burmeseclassic.com



တော့ဗျို့..."

လင်းမြင့်လှိုင်၏ အာပေးစကားဖြစ်ချေ၏။ သို့ကြောင့် လက်ဦးမှုရယူဖို့ရာ ကျွန်တော်စဉ်းစားလိုက်၏။

"ဝူးလ်"

သို့ ကျွန်တော်စဉ်းစားမိလိုက်ချိန်မှာပင် တောဆင်ရိုင်းမကြီးသည် သို့နှယ်အော်ဟစ်လိုက်ချေပြီး နှာမောင်းကိုမြှောက်လိုက်ကာ ခေါင်းကို တချက်ယမ်းခါလိုက်ချိန်တွင်

"ဒိုန်း"

"ဂျိမ်း"

သို့ ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ ပတ်ဝန်းကျင် တခွင်လုံး လင်းသွားချေတော့၏။

နားကွဲလုမတတ် ကျွန်တော်ခံစားလိုက်ရ၏။ ယမ်းနံ့တို့သည် လည်း မွှန်သွားပေတော့၏။

တောဆင်ရိုင်းမကြီးသည်လည်း တောတွင်းသို့ တချိုးတည်းပြေး သွားသည်ကို လက်ကနဲ အလင်းရောင်ကြားမှ တွေ့လိုက်ရချေတော့ ၏။ သို့ဖြစ်ရပ်သည် အံ့ဖွယ်ပင်ကောင်းသေးတော့၏။

ကျွန်တော်သေနတ်မောင်းခလုတ်ကို ဆွဲညှစ်မည်အပြုတွင် သို့ ဆိုသလို မိုးကြိုးပစ်လာလေခြင်းဖြစ်တော့၏။

ကျွန်တော်တို့ ကံကောင်းသည်ဟု ဆိုရပေမည်။

ထိုမိုးကြိုးက ဆင်ရိုင်းမကြီးကို မောင်းထုတ်လိုက်ခြင်း ဖြစ်ပေတော့သည်။ တကယ်တော့ ကျွန်တော့်ပစ်ချက်က ဆင်ရိုင်းမကြီးကို သေချာမှန်လိမ့်မည်မဟုတ်..။ ဘယ့်နှယ်မှု ရေတို့ တကိုယ်လုံး ရွှဲနစ်လေခြင်းကြောင့် ချမ်းတုန်နေသဖြင့် လက်တို့သည်

www.burmeseclassic.com

www.burmeseclassic.com


လည်း ကျင်နေသည်ကြောင့် သေနတ်မောင်းထိန်းခလုတ်ကို အားယူ ဆွဲညှစ်ရပေမည်။ ထိုအခါ ပစ်မှတ်လွဲချော်သွားဖို့ သေချာလေ၏။

သို့ဆိုတော့ ဆင်ရိုင်းမကြီးသည်ကျွန်တော်တို့နှစ်ယောက်ကို ပိပြားသွားအောင် နင်းခြေပေရော့မည်။ နှာမောင်းဖြင့် လွှဲပစ်ပေရော့ မည်။ မတွေဝံ့စရာပါကလား··။

"ဘယ်လိုကြောင့်သည်ကောင်ကြီးတစ်ကောင်တည်း ဝါးတော ထဲ ကျန်နေခဲ့တာပါလိမ့်···"

လင်းမြင့်လှိုင်၏ ခြောက်လှန့်မှုကြောင့် ဝါးတောအတွင်းရှိ တောဆင်ရိုင်းကောင်တို့ ခြေဦးတည့်ရာ ပြေးသွားကြသည်ဆိုပြား သို့ အကောင်က ဘယ့်တွက် ကျန်ခဲ့ပါလိမ့်···။

"မိုးကြီးက သည်နားတဝိုက် ပစ်လိုက်လေတာဖြစ်မယ်·· ယမ်းနံ့ညှော်သွားတာပဲ··"

ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

"ဟိုးရှေ့က ကျွန်းပင်ကြီးကိုဗျ··"

မိုးသည်းထန်နေရာမှအတန်ငယ်စဲသွားလေခြင်းကြောင့် ရှေ့ မြင်ကွင်းကို ကောင်းကောင်းမြင်ရလေသဖြင့် လင်းမြင့်လှိုင်က သို့ပြောနိုင် ခြင်းဖြစ်တော့၏။

အလိုလေးဗျာ··ကျွန်းပင်ကြီး မိုးကြိုးကြောင့် မီးစွဲလောင်နေ ပါကောလား·· ကျွန်းပင်ကြီးအထက်ပိုင်းသည် နစ်ခြမ်းကွဲနေချေပြီ ဖြစ်တော့၏။

ကျွန်းပင်ကြီးကို ကျွန်တော်တို့ ငေးမောကြည့်နေချိ၏။

"ရော··ရော··ဝရော·· ဝရော··"

သို့အသံကြောင့် အသံလာရာနံဘေးသို့ လှမ်းကြည့်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်တော်တို့၏ ညာဘက်တောင်စောင်းလေးပေါ်မှ မြွေကောင်ကြီး လျှောတိုက်ဆင်းလာခြင်းဖြစ်တော့၏။

အောက်သို့ ဆင်းလာသည်ဆိုပေဖြား ကျွန်တော်တို့နှင့် အတော်ကလေးအလှမ်းဝေးလေ၏။

"စပါးကြီးကောင်ဗျ.. နဲတဲ့ကောင်ကြီးမဟုတ်ဘူး.."

ကျွန်တော်တို့သည် စပါးကြီးမြွေကောင်တောင်စောင်းမှ လျှောတိုက်ဆင်းလာ ဦးတည်လမ်းကြောင်းကို ကြည့်နေမိခြင်းကြောင့် ထိုမြွေကောင်ကြီး မိုးကြိုးပစ်ခံရသော ကျွန်းပင်ကြီးတည်ရှိရာသို့ သွားနေသည်ကို သိလိုက်ကြတော့၏။

မိုးလည်း စဲလေပြီဖြစ်သည်ကြောင့် ကျွန်တော်တို့နှစ်ယောက်သည် ရှေ့ဆက်လျှောက်ခဲ့ကြတော့၏။

သို့မှ မိုးကြိုးပစ်ခံရသည့် ကျွန်းပင်ကြီးနားရောက်လုတွင်

"ဟာ.."

"ဟင်.."

ကျွန်တော်တို့မြင်လိုက်ရသောမြင်ကွင်းကြောင့် အံ့သြမိကြသေးတော့၏။ မိုးကြိုးဒဏ်ခံလိုက်ရသော ကျွန်းပင်ကြီး၏ ကိုင်းကြီးတစ်ခုအောက်တွင် ဂျီလေးတစ်ကောင် ကံဆိုးစွာ ပိညှပ်နေလေတော့၏။

"ပွဲလ်..ပွဲလ်..ပွဲလ် .."

ရုန်းထွက်မရ အော်ဟာစ်နေလေ၏။

"ဂျီကောင်လေး ဒုက္ခရောက်နေတယ်. သည်ကိုင်းကို ခုတ်ဖြတ်ပေးမှပဲ.."

သို့ ကျွန်တော်က ပြောကာ ခါးချိတ်ဓါးကို ထုတ်လိုက်လေ၏။ ထိုဂျီကောင်လေးပိနေသည့် ကျွန်းပင်ကိုင်းကြီးကို ခုတ်ဖြတ် ဖယ်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရန်ဖြစ်ပေ၏။

"ကိုပိုက်··သွားကူစရာမလိုပေဘူးဗျ·· သည်မှာပဲ ရပ်နေပြီး သေသေချာချာကြည့်ချေဗျာ··"

"ဟင်"

သို့ဆိုတော့မှ ကျွန်တော် ရှေ့မြင်ကွင်းကို ရှင်းရှင်းမြင်တွေ့လိုက်ချေတော့၏။

ဘယ့်တွက်မှု ကျွန်တော်တို့ရှေ့မှ ဖြတ်သွားသော စပါးကြီးမြွေကောင်သည် ဂျီကောင်လေးပိနေသည့် သစ်ကိုင်းကြီးကို သူ၏ ခန္ဓာကိုယ်ဖြင့် ရစ်ပတ်ကာ ဖယ်ထုတ်နေလေခြင်းဖြစ်ချေတော့၏။ ထူးဆန်းသောမြင်ကွင်းဟု ဆိုရချိမ့်မည်။

တကယ်တော့ ဂျီကောင်လေးသည် မြွေကောင်၏ အစာပင် မဟုတ်ပါကလား·· အခုတော့ မြွေကောင်ကြီးက ဒုက္ခရောက်နေသော ဂျီကောင်လေးကို ကယ်တင်ရန် ကြိုးစားနေလေခြင်းများလေလား။

"ကိုလင်းရေ·ကျွန်တော်တို့ သည်ကနေ့ ဘယ်လိုတွေ ကြုံနေရလဲမသိဘူးဗျ·· ထူးဆန်းတယ်လို့ပဲပြောရမှာပေါ့··"

"အေးဗျာ·· ခုမြင်ရတဲ့ မြင်ကွင်းက တကယ်ထူးဆန်းတယ်ဗျာ·· ကင်မရာပါလာလျှင် မှတ်တမ်းတင်ထားဖို့တောင် ကောင်းသေးတယ် ကျွန်တော်တို့ ခဏလေးစောင့်ကြည့်တာပေါ့··"

လင်းမြင့်လှိုင်က ပြောလာလေ၏။

သို့ကြောင့် ကျွန်တော်တို့သည် ခပ်လှမ်းလှမ်းနေရာသို့ဆက်မှ သို့ ထူးဆန်းသည့်မြင်ကွင်းကို စူးစိုက်ကြည့်နေကြချေတော့သည်။

ဂျီကောင်လေးသည် မြွေကောင်ကို တွေ့သည်နှင့် ပို၍ပင် ထိတ်လန့်သွားတော့၏။ မြွေကောင်က သူ့အား ဒုက္ခရောက်နေစဉ်

www.burmeseclassic.com



ဆယ်ဆင့် လာရောက်ဒုက္ခပေးမည်ဟု ထင်လိုက်၍ဖြစ်၏။ သို့ဆိုသလို ကျွန်တော်သည်လည်း သို့တွေးထင်မိသည်ကြောင့်

"သည်မြွေကောင် အသိဉာဏ်တော့ရှိသားကလား··။ ဂျီကောင်လေးကို ဝါးမြိုဖို့တွက် လျောလျောရှုရှုဖြစ်အောင် သစ်ကိုင်းပိနေတာကို ဖယ်ရှားပြီးလောက်မှ မြိုမဲ့ဟန်ပေပဲဗျ··"

"ကျွန်တော်တို့ စောင့်ကြည့်နေကြတော့တာပေါ့··တကယ်လို့ ဆိုလင်းရယ် ကျွန်တော်ရယ် သည်မြွေကောင်ကို ပစ်သတ်မယ်ဆိုလျှင် သတ်သင့်တယ်ထင်လား··"

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် အံ့ဩသွားကာ

"အလိုလေးဗျာ··ဘယ်လိုကြောင့်လဲ·· သူ့အစာလေ ကျွန်တော်တို့က စည်းထားရမယ်လေ··"

"နို့တော့ ကျွန်တော်လက်မခံနိုင်ဘူးဗျ· ဘာလို့လဲဆိုတော့ ဒုက္ခရောက်နေတဲ့အချိန်ကို အခွင့်ကောင်းယူတဲ့သဘောဖြစ်နေတာလေ၊ နို့ကြောင့် ကျွန်တော် သည်မြွေကောင်ကို သတ်ချင်တာလေ··"

"ခဏလေးတော့ စောင့်ကြည့်ပါဦးဗျာ·· ထူးဆန်းသလို ကျွန်တော်ခံစားရလို့ပါ·သူ့အစာပဲဖြစ်ချေဦးတော့ စနစ်တကျလုပ်နေပုံပဲဗျ၊ ပိနေတဲ့သစ်ကိုင်းကို ဖယ်ထုတ်ပြီးမှ စားမဲ့ပုံဗျ၊ အံ့ဩစရာမကောင်းပေဘူးလား··"

"လင်းမြင့်လှိုင်က ပြောသည်ကို ကျွန်တော်သဘောပေါက်လိုက်ချေ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို အတည်မပြုသေးဦးတော့ သစ်ကိုင်းကြီးအောက်မှ ဂျီကောင်လေး လွတ်သွား၍မြွေကောင်က ဒုက္ခပေးလာဦးတော့ ကျွန်တော်၏ ဆုံးဖြတ်ချက် ရောက်မကျလောက်သေးပေ။ သို့ကြောင့် သို့လုပ်ရပ်ကို စောင့်ကြည့်နေမိ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

ကြည့်နေရင်းမှပင် ဂျိုကောင်လေးကိုပိနေသည့် သစ်ကိုင်းကြီးသည် လွတ်ထွက်သွားချေတော့၏။

"ပွဲလ်"

သည်တွင် ဂျိုကောင်လေးက ရုန်းထကာ ပြေးထွက်သွားသော်လည်း သစ်ကိုင်းဒဏ်ကြောင့် ခြေသုံးလေးလှမ်းမျှသာ လှမ်းရသေး၏ ခွေကျသွားတော့၏။ သို့ဆိုတော့ ဂျိုကောင်လေးမြွေကောင်၏ ဝါးမြိုခြင်းကို လည်ဆင်းခံရမည့်သဘောဖြစ်လေသည်ကြောင့်

"ချောက်"

ကျွန်တော်သေနတ်မောင်းကိုတင်လိုက်၏။ သို့မှ မြွေကောင်ကြီးရှိရာသို့ ပစ်မှတ်ချိန်လိုက်၏။

"ဟင်"

ကျွန်တော်၏ ဆုံးဖြတ်ချက်ကို ကပျာကသီ ရုပ်သိမ်းလိုက်ရချေ၏။ ဘယ့်တွက်မှုမြွေကောင်သည် ကျွန်တော်ထင်ထားသလို ဂျိုကောင်လေးကို သွားရောက်ဝါးမြိုခြင်းမပြုဟန် တူချေ၏။ ထိုနေရာလေးမှ ဂျိုကောင်နှင့် ဆန့်ကျင်ဘက် အရပ်ရှိရာသို့ လျှောတိုက်ထွက်သွားချေတော့၏။

"အင်းဗျာ‥ အင်မတန်ကို အံ့ဩစရာကောင်းတယ်ဗျာ‥"

ကျွန်တော်က တအံ့တဩပြောလိုက်ချေတော့၏။ သို့ပြောပြီး လင်းမြင့်လှိုင်ကိုကြည့်လိုက်သည်တွင် ၄င်းက ကျွန်တော်အား သွားဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေတော့၏။

"ကျွန်တော်တို့ သည်တော ရောက်လာမှ အင်မတန်ကို ထူးဆန်းတာတွေနဲ့ ကြုံရတာပဲဗျာ‥"

www.burmeseclassic.com



သို့ ကျွန်တော်က ပြောလိုက်လေ၏။

"ကိုပိုက်မြွေသားစားလိုစိတ်ရှိသေးလား. ."

လင်းမြင့်လှိုင် ဘယ့်တွက်သို့မေးလေသည်ကို ကျွန်တော် သိလိုက်၏။ ကျွန်တော်သည် စပါးကြီး၊စပါးအုံမြွေတို့ကို မီးမြိုက် မီးကျပ်တိုက်၍ ချက်ပြုတ်စားရသည်ကို ပို၍ နှစ်သက်သူဖြစ်၏။ သို့ ကြောင့်လည်း စပါးကြီး၊ စပါးအုံမြင်လျှင် အလွတ်မပေးတတ်သူဖြစ်၏။ သို့ကြောင့် လင်းမြင့်လှိုင်က သို့မေးလေခြင်းဖြစ်တော့၏။

"အင်းဗျာ. .ကျွန်တော် ခုံးဖြတ်လိုက်ပြီ. . စပါးကြီးစပါးအုံ မှ မဟုတ်ဘူး. . မြွေဆိုလျှင် ဘယ်လိုမြွေမှ မစားတော့ဘူးဗျာ. . ခုန်ကုန်ပြောလျှင်ဖြင့် ပဲလင်မြွေသီးတောင်မှ "မြွေ" ဆိုတဲ့ စကား ပါလို့ မစားတော့ဘူးဗျို့. ."

"ဟား. .ဟား. .ဟား. .ဟား. .ဟား. "

လင်းမြင့်လှိုင်က သဘောကျရယ်မောနေလေတော့၏။

"ကဲ ကိုပိုက်ရေ . . အချိန်ရှိတုန်း ပြောင်သေမြောင်ကို သွားကြစို့ဗျာ မိုးလည်း လုံးလုံးလျားလျားကြီး စဲသွားပြီပဲ. . "

လင်းမြင့်လှိုင်က သို့ပြောလည်းပြော. .ရှေ့မှလည်း ခပ်သွက် သွက်လျှောက်သွားလေသဖြင့် ကျွန်တော်သည်လည်း နောက်မှ သွက် သွက်လျှောက်ခဲ့ရပေတော့သည်။

သို့မှ ကျွန်တော်သည် ပြောင်သေမြောင်အနီးရှိ ဝံကိုက်မြောင် သို့ ရောက်ခဲ့ကြ၏။

ကံအားလျော်စွာဖြင့် "ဝံကိုက်" တွင် ကျွန်တော်တို့ မျောက်မြီး ရှည်ကောင်ကို ရိုက္ခာအလို့ငှာ ပစ်ခတ်ရလိုက်ချေ၏။ ဝံကိုက်နှင့် မြောင်

www.burmeseclassic.com

www.burmeseclassic.com



သေမြောင်းသည် ဝေးလှသည်မဟုတ်သဖြင့် မကြာသောအချိန်ကလေးတွင် ပြောင်သေမြောင်းသို့ ရောက်ခဲ့ကြချေတော့သည်။

ပြောင်သေမြောင်းတွင် ဝါးခုတ်တဲများရှိတတ်သည်။ ဝါးခုတ်သမားများသည် တလောကလေးက အခြားဝါးခုတ်ကွက် ပြောင်းသွားကြသည်ကြောင့် တဲများသာ ကျန်ခဲ့ကြချေ၏။

ဝါးခုတ်တဲဆီမှ လူများရွှေ့ပြောင်း သွားခြင်းကြောင့် ထိုနေရာတစိုက် တိတ်ဆိတ်ငြိမ်သက်လို့ ရှိနေချေ၏။

"မြင့်မောင်ကြီး ရှိမှရှိပါ့မလား••"

လူမရှိသော တဲစုကို ကျွန်တော်ကြည့်ပြော လိုက်လေ၏ မည်သည့်လူ အရိပ်အယောင်မျှ မတွေ့ရလေခြင်းကြောင့် ဖြစ်သည်။

"မြင့်မောင်ကြီးက ချိန်းလျှင်လွဲခဲတယ်ဗျ•• ရှိပါလိမ့်မယ်••ဟိုးနားသည်နား သွားနေတာလားမသိဘူး••"

သို့ နှစ်ယောက်သား စကားတပြောပြောနှင့် ဝါးခုတ်တဲသို့ ချဉ်းကပ်လာကြသည်တွင်

"ဒိန်း"

ချောင်းဘက်မှ သို့ဆိုသလို သေနတ်သံတစ်ချက် ကြားလိုက်ရ၏။

"မြင့်မောင်ကြီးရောက်နေတာကြာပြီထင်တယ်•• သားကောင်သွားပစ်တာဖြစ်မယ်••

သို့ ကျွန်တော်က သုံးသပ်ပြောလိုက်၏။

လူမနေတဲစုမှ ခပ်လတ်လတ်တဲတစ်လုံးတွင် ငါကြည့်ရာ အိတ်ဖောင်းဖောင်းတစ်လုံးကို တွေ့လိုက်ရသည်ကြောင့်သည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ယမထာကြိမ်လုံးကို တွေ့လိုက်လေခြင်းကြောင့် မြင့်မောင်ကြီး ရောက်နေခြင်းကို အတတ်သိလိုက်ကြချေတော့၏။

"မြင့်မောင်ကြီး ကိုင်နေကျ ယမထာကြိမ်တောင်ဝှေးပဲဗျ··"

သို့ ကျွန်တော်က ပြောလိုက်ပြီး ထိုတဲပေါ် တက်ထိုင်လိုက်ချေတော့၏။ လင်းမြင့်လှိုင်သည်လည်း တဲပေါ်တက်ထိုင်လိုက်လေပြီး ပက်လက်လှန်လှဲချလိုက်ချေတော့၏။

သို့မှ ကျွန်တော် ကျွန်တော်သည်လည်း ခြေဆန့် လက်ဆန့်လဲလိုက်၏။ သို့မှ မှေးကနဲ တစ်ချက်ဖြစ်ကာ ပင်ပမ်းနွမ်းနယ် နေလေခြင်းကြောင့် အိပ်ပျော်သွားတော့၏။

မည်မျှ ကြာကြာအိပ်ပျော်သွားသည်မသိ··။

"ကိုပိုက်··ကိုပိုက်··ကိုပိုက်··"

လှုပ်ကိုလှုပ်ခတ်နိုးလာလေခြင်းကြောင့် ကျွန်တော် အိပ်ပျော်ရာမှ နိုးလာရချေ၏။

လင်းမြင့်လှိုင်ဖြစ်ချေ၏။

"ကိုမြင့်မောင်ကြီး ရောက်ပြီလား··"

ကျွန်တော်က မေးလိုက်၏။ လင်းမြင့်လှိုင်က ပါးစပ်ဖြင့် မပြောပဲ ခေါင်းငဲ့ကာ တဲရှေ့ဒလွှယ်ခုတ်နေရာသို့ မေးငေါ့ပြလေသဖြင့် လှမ်းကြည့်လိုက်၏။

မြင့်မောင်ကြီးဖြစ်၏။ ထင်းမီးပုံမီးတောက်ရဲရဲရှေ့တွင် တံစို့ထိုးအသားများကို မီးကင်နေခြင်းဖြစ်၏။

"သူ ဂျီကလေးရလာတယ်··နို့ကြောင့် ကျွန်တော်တို့ပစ်လာတဲ့မျောက်ကောင်ကို သူမိတ်ဆွေ ဝါးခုတ်သမားတွေကို ပေးလိုက်တယ်"

"ကျွန်တော်··ရေချိုးချင်တယ်··"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်သွားချိုးပြီးပြီ• ကိုပိုက် ပင်ပမ်းလို့ အိပ်ပါစေဆိုပြီး မနှိုးတော့တာ•••"

"ကျေးဇူးတင်ပါတယ်••• ကဲ••ကျွန်တော်ချောင်းဘက်သွား ချေဦးမယ်••"

ပြောပြောဆိုဆို ကျွန်တော်သည် သေနတ်ကို ကောက်ကိုင်၍ ရေချိုးထွက်ခဲ့ချေတော့၏။

ညနေအတော်စောင်းနေချေပြီဖြစ်တော့၏။

သို့မှ ကျွန်တော်သည် ချောင်းစပ်သို့ ရောက်လာခဲ့၏။

"ဟင်"

ချောင်းတွင်း လူတစ်ယောက်ကို လှမ်းတွေ့လိုက်၏။ ဘယ်သူ ပါလိမ့်•• မြင့်မောင်ကြီး တစ်ယောက်တည်းလားမမေးမိခဲ့ခြင်းကြောင့် ထိုသူကို ကျွန်တော်တယ်သူဘယ်ဝါမသိလေခြင်းဖြစ်လေ၏။ ကျွန်တော် ထိုသူရှိရာ ချောင်းတွင်းဆင်းလိုက်သည့်တွင်

"ဟင်"

ချောင်းထဲမှလူသည် ကျွန်တော်ကိုမြင်လိုက်သည်ကြောင့် ချောင်းကမ်းပေါ် ပြေးတက်သွားချေလေ၏။

မည်သို့ကြောင့်ပါလိမ့် ••။

"ဟိတ်••ဟိတ်••ဟိတ်လူ••"

သို့ ကျွန်တော်က အသံပြုလိုက်၏။ ပို၍ သွက်သွက်လျှောက် သွားဟန်တားလိုက်လေခြင်းဖြစ်လေ၏။ ကျွန်တော်တွေးမိလိုက်သည်မှာ ကျွန်တော့် လက်ထဲသေနတ်တွေ့သွားသည်ကြောင့် တမိုးတည်ထိတ်ကာ ပြေးသွား လေခြင်းဟုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


သို့မှ ကျွန်တော်သည် ချောင်းတွင်ဆင်း ရေချိုးလိုက်၏။ ထိုသူ ပြေးတက်သွားသော တောင်ကြောပေါ်တွင်မတော့ ကျေးငှက်သာရကာ တို့အသံမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်လို့ရှိချေ၏။

သို့မှ

"အုဝ္··အုဝ္··အုဝ္··အုဝ္··"

မျောက်ကောင်တို့၏ သံပြိုင်အော်ဟစ်သံကို ကြားလိုက်ရ၏။ မျောက်အုပ်ချောင်းကမ်းပေါ်တွင်ရှိနေသည်ကိုး·· ကျွန်တော် အသံလာ ရာသို့ မြင်ရခြင်းမရှိသည့်တိုင် လှမ်းမော်ကြည့်မိသေးတော့၏။

"အုဝ္··အုဝ္··အုဝ္··အုဝ္··"

ဘုရားရေ· ကျွန်တော်ဂရုတစိုက်နားထောင်လေမှ မျောက် အူသံမဟုတ်မှန်းသိလိုက်၏။ လူတို့ မျောက်ကဲ့သို့ အော်ဟစ်နေသံဖြစ်လေ တော့၏။ သို့ဆိုတော့ ဘယ်သူတွေပါလိမ့်· စောစောက ပြေးသွားသူ တို့၏ လူတစုဖြစ်ပေလိမ့်မည်။ သို့ပေမင့်လည်း စဉ်းစားမရသည်မှာ ဘယ့်တွက်သို့ အချိတ်အဆက်ပြုသံပေးနေကြရတာပါလိမ့်··"

လူဆိုးလူကောင်း မခွဲခြားတတ်ချေ။

သို့အသံတို့ကြားမှ ကျွန်တော်သည် စခန်းရှိရာသို့ သွက်သွက် ပြန်ခဲ့ချေတော့၏။

သို့ပြန်ခဲ့သည်တွင် ကျွန်တော် နောက်ကျောမလုံ၊ နောက်သို့ လှည့်ကာကြည့်ကာဖြင့် ပြန်ခဲ့လေခြင်းကြောင့်··

"ကိုပိုက်· ဘာဖြစ်နေတာလဲ· နောက်က ဘယ်သူလိုက်လာ လို့လဲ"

စခန်းတဲပေါ်မှထိုင်ရင်း လှမ်းမေးလာသည့် တစ်ချက်တင်ကောင် မြင့်မောင်ကြီးကို ကျွန်တော်က ချောင်းတွင် လူတစ်ယောက်တွေ့ခဲ့

www.burmeseclassic.com


မိမိအားမြင်၍ ပြေးထွက်သွားပုံ ပြီးတော့ . .မျောက်သံ သို့မဟုတ် လူတို့ အသံပြုနေခြင်းကို ပြောပြလိုက်ချေတော့၏။

"ဝါးခုတ်သမားတွေဖြစ်မပေါ့ . ."

"သူတို့က ဘယ်မှာရှိလို့တုန်း . ."

"အင်း . .ရှေ့တောင်ကြောမှာလေဗျာ . . သူတို့ ဝါးခုတ်နေကြတာ . .ကိုလင်းကတောင် မျောက်ကောင်ပေးလိုက်သေးတယ် . . ကျွန်တော့်မိတ်ဆွေတွေပါ . . ဘာမှ မဟုတ်ပါဘူး . ."

သို့ဆိုတော့ ကျွန်တော်ဆိတ်ဆိတ်ပင် နေလိုက်ချေတော့၏။ သို့ပေမင့် ကျွန်တော် မြင့်မောင်ကြီးကို စောဒကမတတ်လို၍ ဖြစ်၏။ သို့ မျောက်အူသံကို အသံပြုနေကြသူများသည် ကျွန်တော့်အထင်တော့ ဖြင့် ဝါးခုတ်သမားများမဟုတ်လောက်ဟု တွက်မိ၏။ သို့ဆိုတော့ဘယ် သူတွေဖြစ်မည်နည်း။ ကျွန်တော်မပြောနိုင်ပါတော့ချေ။

"ကိုပိုက်ရေ . . အသားကင်လည်းရတော့မှာ . . တော်ကြာနေ ဝိုင်းလိုက်ကြတာပေါ့ . ."

"ကောင်းပြီ . .ကိုလင်း . ."

နောက်နာရီဝက်လောက်အကြာတွင် ကျွန်တော်တို့ သုံးယောက် ဝိုင်းထိုင်လိုက်ကြချေတော့၏။ မြင့်မောင်ကြီးသည် အတော်ကလေး သောက်နိုင်သူဖြစ်ချေ၏။ သုံးယောက်ကို သုံးပြားလောက်ကုန်သွားချေ ၏။ မြင့်မောင်ကြီးက ခွက်ရေအများဆုံးဖြစ်ချေ၏။ သို့ဆိုတော့ သူစောစော ပင် တိုက်ပွဲကျသွားရလေ၏။

"ကဲ . .ကိုပိုက်ရေ . . မြင့်မောင်ကြီးတော့ ခေါင်းပြီ . ကျွန်တော်တို့လဲ အိပ်ကြစို့ မနက်စောစော ခရီးထွက်တာပေါ့ . ."

သို့ဖြစ်၍ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တဲကြမ်းခင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



လှဲချလိုက်ကြချေတော့၏။ မြင့်မောင်ကြီးကတော့မူ ခေါင်းချသည်နှင့် အိပ်ပျော်သွားပုံပင်‥။ ကျယ်လောင်စွာ ဟောက်လို့ပင်နေသေးတော့၏။

လင်းမြင့်လှိုင်သည်လည်း မကြာလောက်သောအချိန်တွင် အိပ်ပျော်သွားပုံပင်‥ သူ့ထံမှပင် ဟောက်သံထွက်လာချေ၏။

ကျွန်တော်သည် ဘာကြောင့်ရယ်မသိ၊ အတော်နှင့် အိပ်မပျော်ချေပြီ‥။ ညနေက ချောင်းတွင်းဆင်းခဲ့စဉ် ကြုံခဲ့ရသော မျောက်ကောင်များအော်သံကိုသာ စိတ်ထဲစွဲနေသောကြောင့် ဖြစ်ချိမ့်မည်။

အိပ်မပျော်လေသည်ကြောင့် ဟိုတွေးသည်တွေးကြားမှ ပတ်ဝန်းကျင်တွင် အမှောင်ထုဖုံးလွှမ်းလာလေသဖြင့် ကျွန်တော် ခေါင်းထောင်ကြည့်လိုက်၏။ မီးပုံမီး ငြိမ်းလုငြိမ်းခင်ဖြစ်သွားခြင်းဖြစ်၏ သို့ကြောင့် ထင်းမီးပုံ မီးထပ်ထိုးရန် အိပ်ယာမှ လူးလဲထလိုက်၏။ သို့နောက် ထင်းပုံ ရှိရာသို့ သွားကာ ထင်းခြောက်တစ်ကိုင်း (ခပ်ကြီးကြီး) ကို ယူ၍ မီးပုံပေါ်သို့ အသာတင်လိုက်၏။ အတန်ကြာတွင် ထိုထင်းခြောက်ကို မီးစွဲလာချေတော့၏။ သို့မှ ကျွန်တော်သည် သေလုသေခင်ဖြစ်နေသာ မီးပုံကို ပြန်တောက်လောင်အောင်လုပ်နိုင်ချေတော့၏။

သို့ဆိုတော့လည်း ပတ်ဝန်းကျင်တခွင်ပြန်လင်းလာချေတော့၏။

ကျွန်တော်သည် မီးပုံနံဘေးရှိ ကျိကောင်သားမီးကင်တစ်ချောင်းကို ဆွဲနှုတ်ယူကာ စားလိုက်ချေ၏။

"အာပါး‥ပါး‥ ချိုလိုက်တာ"

သို့မှ ကျွန်တော်သည် မီးပုံနံဘေးတွင် ထိုင်ကာ ပတ်ဝန်းကျင်ကို လှည့်ပတ်လှည့်ကြည့်လိုက်၏၊ တတောလုံး တိတ်ဆိတ်လို့ နေချေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဝေါ··ဝေါ··ဝေါ· ဝေါ··ဝေါ··"

သို့မှ တောင်ကြောပေါ်မှ သို့ဆိုသလို တော်လဲသံကြီး ထွက်လာလေ၏။ လေပြင်းတိုက်သံကဲ့သို့ ဖြစ်ချေ၏။

ကျွန်တော် ထင်းမီးပုံတွင်း အစိပ်ပွါးယ်မဲ့ တုတ်ချောင်းဖြင့် ထိုးစွ နေမိတော့၏။

သို့မှ

"အုဝူ··အုဝူ··အုဝူ··အုဝူ··"

ရှေ့တောင်ကြောပေါ်မှ မျောက်အုပ်၏ ဆူဆူညံညံအသံကို ကြားလိုက်ရ၏။ မျောက်အုပ်၏ အသံဟု ကျွန်တော်လွယ်လင့်တကူ ပြောလိုက်ခြင်းဖြစ်၏။ တကယ်တော့ ညနေက ကျွန်တော်ကြားရသည့် မျောက်အူသံကဲ့သို့ အသံများဖြစ်ချေ၏။

ကျွန်တော့်ရှေ့တောင်ကြောပေါ် စေ့စေ့ကြည့်နေလိုက်၏။ သို့ အသံတို့ကို နားစိုက်ထောင်နေလိုက်၏။

သို့မှသည် ထိုအသံတို့သည် ရှေ့တောင်ကြောမှပင်မဟုတ်· ရှေ့နောက်ဘေးပတ်ပတ်လည်လေးဘက်လေးတန် မှ ကြားရခြင်းဖြစ် သဖြင့် ကျွန်တော် တွေးမရဖြစ်ရတော့၏။

"တော်ချောက်တာများလား··"

သို့အသံတို့သာ ကြားရ၏။ လှုပ်ရှားမှုကိုတော့ဖြင့် မတွေ့ရပါ ချေ··။

အသံတို့က တိုးလိုက် ကျယ်လိုက်ဖြစ်လေ၏။ ကျွန်တော် ထိုင်ရာမှ ထလိုက်၏။ တဲပေါ်တွင် အိပ်နေသည့် လင်းမြင့်လှိုင်နှင့် မြင့်မောင်ကြီးကို ကြည့်လိုက်၏။ သူတို့ သို့အသံကြား၍ နိုးတာကြ လေမည်လား··။ သို့ပေမင့်··။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေပုံပင်။ သို့ကြောင့် ကျွန်တော်သည် တဲပေါ်မှ သေနတ်ကိုသွားယူလိုက်၏။ မီးပုံနားပြန်သွားလိုက်၏။ သို့အသံများ ဆူဆူညံညံကြားနေရသေး၏။

အမှောင်ထုတွင်း ကျွန်တော်စေ့စေ့ကြည့်လိုက်ပြန်၏။ လှုပ်ရှားမှုတွေ့ပါလျှင် ပစ်ခတ်ရန်အလို့ငှာဖြစ်ချေ၏။

"ဖျောက်‥ဖျောက်‥ဖလပ်‥ဖလပ်‥"

နံဘေးမှ သို့အသံကြောင့် ကပျာကသီ လှည့်ကြည့်လိုက်၏။ မှောင်ရိပ်တွင်း ပြေးလွှားသွား သဏ္ဌာန်တွေ့လိုက်သဖြင့် ရုတ်ခြည်းဆိုသလို ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ပစ်လိုက်ချေတော့၏။

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံထွက်လာပြီးနောက် မျောက်သံများ ပျောက်သွားချေတော့၏။

"ကိုပိုက်‥ဘာဖြစ်တာလဲ‥"

လင်းမြင့်လှိုင်အနားရောက်လာမေးလေ၏။ မြင့်မောင်လည်း ပါလာလေ၏။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ပြောလိုက်၏။

"မျောက်လိုအသံတွေကြားတာ ဟုတ်ပါတယ်‥ခုလို ညကြီးမင်းကြီး မျောက်အုပ်က အဲလိုဆူဆူညံညံလုပ်တာမျိုး ကျွန်တော် တခါမှ မကြုံဖူးပါဘူး‥ ကျွန်တော်သည်စခန်းမယ်လည်း အရင်ကလာနေကျပါ"

သို့ မြင့်မောင်ကြီးက ပြောချေ၏။

"ညနေက ချောင်းထဲဆင်းတော့ ကျွန်တော် ကြားသေးတယ်"

ကျွန်တော် ညနေက ကိစ္စပါ ပြောလိုက်၏



www.burmeseclassic.com

www.burmeseclassic.com


"ကိုပိုက် ခြောက်လုနှ်ပစ်လိုက်တော့ကာ - - ထွက်ပြေးသွားပြီ ထင်ပါရဲ့ - - ကဲ ကိုပိုက် အိပ်လိုက်ချေဦး - - "

သို့ဆိုတော့ ကျွန်တော်သည် တဲပေါ်တက် လင်းမြင့်လှိုင်တို့နှင့်အတူ ကြမ်းခင်းပေါ်လှဲချလိုက်ချေတော့၏။

ကျွန်တော်ထင်မိထင်ရာ စဉ်းစားနေသည်ကြားမှ အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ - -

"ဒိန်း"

ယမ်းအားပေါက်ကွဲသံကြောင့် အိပ်ယာမှ နိုးလာရ၏။

မီးပုံနံဘေးတွင် မြင့်မောင်ကြီးရှိချေ၏။ သူပစ်လိုက်သော သေနတ်သံဖြစ်ချေ၏။

"မြင့်မောင်ကြီး ဘာပစ်တာလဲ - - "

လင်းမြင့်လှိုင်က မေးလိုက်ခြင်းဖြစ်၏။

"ဟိုးရှေ့ချပ်လှမ်းကနေ လူရိပ်တွေ့လို့ လူတော့ မဟုတ်လောက်ပါဘူး - - နို့ပေမင့် ကျွန်တော် ခြောက်လှန့်ပစ်လိုက်တာ"

သည်တွင် လင်းမြင့်လှိုင်က လက်မှ နာရီကို ကြည့်လိုက်ပြီး

"အင်း - - သန်းခေါင်ကျော်ပဲ - - အချိန်ရှိသေးတယ်လေ - - နို့ဆိုတော့ လူမဖြစ်နိုင်ပါဘူး - - "

"နို့ကြောင့် ကျွန်တော် ခြောက်လှန့်ပစ်လိုက်တာ - - ပြီးတော့ အဲသည်ဘက်ကနေ မျောက်လိုအော်သံကြားရတယ် - - ကျွန်တော်စိတ်ထင်အချက်ပေးအသံပြုသံလို့ထင်တာပဲ - - "

"ဟုတ်ပြီ - - ကျွန်တော်ကြားရတဲ့ မျောက်အော်သံတွေဆိုတာပဲ တကယ်တော့ လူတွေမျောက်လို အချက်ပေးကြတာမျိုးဗျ - - နို့ဆိုတော့

www.burmeseclassic.com



သည့်ဝန်းကျင်တဝိုက် လူတစုရှိနေတာများလား..."

"ဟား..ဟား..ဟား..ဟား..ဟား ..ဟား ကိုပိုက်ရယ် သည့် နေရာတဝိုက်မယ် လူတစုမကရှိပါတယ်ဗျာ။ ဘာဆန်းလို့လဲ· ဝါးခုတ်သမား··သစ်ခုတ်သမားတွေလေ··ဟင်း··ဟင်း··ဟင်း··"

လင်းမြင့်လှိုင်က သို့နှယ့်ပြောပြီး ရယ်မောနေလေသဖြင့်

"ကျွန်တော်ဆိုလိုချင်တာ အဲလိုမဟုတ်ဘူး ကိုလင်းရဲ့··"

"နို့ဖြင့်ဘယ်လိုများလဲ··ဟဲ··ဟဲ··ဟဲ··"

"လူရိုင်းတွေရှိနေတယ်ထင်လို့လေ··"

"ဟား··ဟား··ဟား··နို့ကမှ ပိုပြီး ရယ်စရာတွေဖြစ်သွားပြန်ပြီကိုပိုက်ရယ်··သည့်လိုနေရာကို အာဖရိက တောနက်ကြီးလို့ ထင်နေပြန်ပြီလား··ဘယ်လိုဖြစ်နိုင်မှာလဲကိုပိုက်ရယ်··"

"ကျွန်တော်စိတ်ထဲ အဲလို ခံစားနေရတယ်·· လူရိုင်းတွေ ပတ်ပတ်လည် ဝန်းရံနေကြတယ်လို့ ထင်တယ်ဗျာ··"

ကျွန်တော်၏ ခံစားချက်ကို ထုတ်ဖော်ပြောလိုက်ခြင်းဖြစ်ချေ၏။

သို့ဆိုတော့ "ကိုပိုက်ကျန်းမာရေးကောင်းပါတယ်နော်" လို့ မြင့်မောင်ကြီးမေးခြင်းကို ခံလိုက်ရလေ၏။

"ကိုပိုက် တောခြောက်ခံနေရတာဖြစ်ပါလိမ့်မယ်··"

"ကဲ··ကျွန်တော်တို့ အိပ်မပျော်ကြတော့မဲ့အတူတူ မီးပုံနား မယ်ထိုင်ပြီး နောက်ထပ်ညသန်းခေါင်ယံပွဲလေး လုပ်ကြတာပေါ့··"

သို့လည်း လင်းမြင့်လှိုင်က ပြောလာပြန်၏။

သို့မှ ကျွန်တော်တို့သည် သန်းခေါင်ယံ သောက်ပွဲလေး ဖန်တီးလိုက်ကြပြန်တော့၏။

၄ ကိုးသား မီးကာင်သည်လည်း ရဲရဲနီ ကြွပ်ကြွပ်လေးဖြစ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပိုအဆင်ပြေလေတော့၏။

ကျွန်တော်တို့ သို့ဆိုသလို သောက်စားနေကြစဉ်

"အူး••အူဝူ••အူဝူ••"

"ဟော ကိုလင်းကြားလား••မြင့်မောင်ကြီး ကြားလား••"

ကျွန်တော်က သို့ဆိုသလို မျောက်အူသံ သဲ့သဲ့ကြားသဖြင့် သို့မေးလိုက်ခြင်းဖြစ်တော့၏။

သို့ဆိုတော့ မြင့်မောင်ကြီးနှင့် လင်းမြင့်လှိုင်သည် နားစိုက် ထောင်နေကြချေတော့၏။

"အူဝူ••အူဝူ••အူဝူ••အူဝူ••"

"ဟာ•• ဟုတ်တယ်ဗျ••ဟိုရှေ့တောင်ကြောပေါ်က ကြားရတယ်။ မျောက်အုပ်ဖြစ်မယ်••ဘယ်နှယ့် ညကြီးမင်းကြီး ဘာတွေ ဖြစ်နေတာပါလိမ့်••"

မြင့်မောင်ကြီးက သို့ပြောလေသြား လင်းမြင့်လှိုင်က မျက်မှောင်ကုပ်ကာ အသံကို သေသေချာချာနားစိုက်ထောင်နေချေပြီး

"အချက်ပေးကြတာများလား••"

"ဘာရယ်••"

မြင့်မောင်ကြီးက လင်းမြင့်လှိုင်စကားကို နားမလည်သဖြင့် သို့မေးလာခြင်းဖြစ်တော့၏။ ကျွန်တော်ကတော့မှ သိလိုက်၏။ [illegible]မြင့် လှိုင်သည် ကျွန်တော့်ကဲ့သို့ မျောက်အူသံမဟုတ်နိုင်ဟုယူဆလိုက်ပုံပင်။

"သည်တောင်ကြောမယ်ရှိတဲ့လူတစ်စု တစ်ယောက်နဲ့တစ် ယောက်အချက်ပေးနေကြပုံပဲဗျ••"

"နို့ပေမင့် သည်အသံတွေက မြေပြင်ကနေတာမဟုတ်ဘူး သစ်ပင်တွေဆီကလာတဲ့အသံဗျ••"

www.burmeseclassic.com

www.burmeseclassic.com



"နို့ဆိုတော့လဲ စဉ်းစားစရာပေါ့… မျောက်တွေလဲ ဖြစ်နိုင်တာပဲလေ…"

ကျွန်တော်က ပြောလိုက်၏။

"အုဝု…အုဝု…အုဝု…"

"အုဝ ဝု…အုဝု…အုဝု…"

သို့အသံများ ကျယ်လောင်လာ၏။ လေးဘက်လေးတန်မှ ဖြစ်ချေ၏။

"အရေအတွက် များတယ်ထင်ရသဗျ"

လင်းမြင့်လှိုင်က သူ၏သေနတ်ကို ဆုပ်ကိုင်ကာ ပြောလာလေ၏။

"ကိုမြင့်မောင်ကြီး ဘယ်လိုထင်လဲ…"

"အေးဗျာ… ကျွန်တော်သည်စခန်းမှာ မကြာခဏ လာနေဖူးတယ်…သည်လိုကိစ္စမျိုး အခုမှ ကြုံဖူးတယ်ဗျ…"

မြင့်မောင်ကြီးကလည်း သို့ပြောပြီး သူ့သေနတ်ကို တင်းတင်းကိုင်ထားလေ၏။

"ကျွန်တော်တစ်ချက်ခြောက်လှန့်ပစ်ချေဦးမယ်"

ကျွန်တော်က ပြောလိုက်၏။

"မလုပ်နဲ့…"

လင်းမြင့်လှိုင်က တားလေ၏။

"တောခြောက်တာလဲ ဖြစ်မပေါ့…"

မြင့်မောင်က ပြောလေ၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီး

"ကိုပိုက်နဲ့ ကိုမြင့်မောင်ကြီး အသာနေကြချေဦး… ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



မယ် အကြံရှိတယ်..."

လင်းမြင့်လှိုင်ကသို့ပြောပြီး လေးဘက်လေးတန် အရပ်ရပ်သို့ စူးစိုက်ကြည့်လိုက်ချေပြီး သူ၏ သေနတ်ကို ပစ်ခတ်ရန် အလို့ငှာ အမှောင်ထုတွင်း လှမ်းထိုးချိန်လိုက်၏။

"လင်းမြင့်လှိုင် ဘာကိုတွေ့လို့ပါလိမ့်.."

သူ့သေနတ်ပြောင်းဦးတည်ရာသို့ လိုက်ကြည့်လိုက်၏။

ကျွန်တော်ဖြင့် ဘားမှ မမြင်ပါချေ.. မှောက်အူသံသာ ကြားရချေ၏။

"ဘာတွေ့လို့လဲ.."

ကျွန်တော့်အမေးကို လင်းမြင့်လှိုင်မဖြေပါချေ..။ စူးစိုက်လို့သာ အမှောင်ထုကို ကြည့်နေချေ၏။

သို့တွက် ကျွန်တော်သည် ငြိမ်သက်ကြည့်နေရုံပင်.. မြင့်မောင်ကြီးသည်လည်း လင်းမြင့်လှိုင်၏ ပစ်မှတ်ကို စေ့စေ့ကြည့်နေပုံပင်။ သူသည်လည်း ဘာမှ တွေ့မြင်ပုံမပေါ်ချေ..။

သို့ပေမင့်လို့

"ဒိန်း"

"ခြောက်လှန့်ပစ်လိုက်တာလား.."

ကျွန်တော်က မေးလိုက်၏။

"ကျွန်တော်တစုံတရာကို တွေ့လိုက်လို့.. ပစ်လိုက်တာ"

"ကျွန်တော်တို့တော့ ဘာမှမမြင်ဘူး.."

"ဆရာလျှပို့.. ဘာကိုပစ်လိုက်တာလဲ.."

မြင့်မောင်ကြီးက မေးချေ၏။

"တစုံတရာလို့ပဲ.. လောလောဆယ်ပြောနိုင်တယ်.. မနက်ကျ

www.burmeseclassic.com



လျှင်ဖြင့် အဖြေတိတိကျကျပြောနိုင်လိမ့်မယ်ထင်တာပဲ‥"

လင်းမြင့်လှိုင်က ပြောလေ၏။

"ကိုလင်း ပစ်ချက်ကဝေးလို့လား‥"

"ဘာဝေးမှာလဲ ရှေ့ကို ၂၀၀ လောက်မှာပါ‥"

"နို့ဖြင့် ခုသွားကြည့်လျှင် မကောင်းဘူးလား‥"

"ဟုတ်တယ်‥ ကျွန်တော်လဲ သိချင်ပြီ‥"

မြင့်မောင်ကြီးကပါ ပြောလာလေသဖြင့်

"ကျွန်တော့်ပစ်ချက်က ချက်ကောင်းထိလျှင် ကိစ္စမရှိဘူး‥ နို့ကြောင့် အန္တရာယ်ဖြစ်နိုင်တယ်‥ စိတ်ရှည်ရှည်ထားကြတာပေါ့ဗျာ၊ မနက်မှ သွားကြည့်ကြတာပေါ့‥"

သို့ဆိုတော့ မြင့်မောင်နှင့် ကျွန်တော် လင်းမြင့်လှိုင်ကို စောဒက မတက်ကြချေတော့ဘဲ တဲရှိရာသို့ သွားလိုက်ကြတော့၏။

ထူးဆန်းသည်မှာ မျောက်အူသံတို့ လုံးဝတိတ်ဆိတ်သွားခြင်း ဖြစ်၏။ သို့ပြား ‥

လင်းမြင့်လှိုင်ပစ်မှတ်နေရာလောက်ဆီမှ လှုပ်လှုပ်ရှားရှားအသံ တို့ကိုတော့ဖြင့် ကြားနေရချေ၏။

စိတ်ဝင်စားဖို့ပင်ကောင်းသေးတော့၏။

"ကျွန်တော်ပြောနိုင်တာတစ်ခုရှိတယ်‥"

လင်းမြင့်လှိုင်ကပြောလာ၏။

"ပြောလေဗျာ‥ ဘာများတုန်း‥"

"ကိုပိုက်ကော ကိုမြင့်မောင်ပါ ‥အိပ်ပျော်အောင်အိပ်လိုက် ကြပေါ့ဗျာ‥ဘယ်လိုအနှောက်အယှက်မှ လာတော့မှာမဟုတ်ဘူး"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် အံ့ဩမိသေး



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ သူ့ဘာတွေမျှားသိနေတာပါလိမ့်··။

ကျွန်တော်ထင်သည်။ လင်းမြင့်လှိုင်သိထားတာတော့ရှိပေလိမ့်မည်။ လင်းမြင့်လှိုင်သည် အင်မတန်ကို လျှို့ဝှက်နေနိုင်သူဖြစ်၏။

စကားတစ်ခွန်းကို လွယ်လွယ်ပြောတတ်သူမဟုတ်··။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း လွယ်လွယ်နှင့်ချတတ်သူမဟုတ်··။

သို့ဆိုတော့ ကျွန်တော်သည် သူ့ပြောသလို အိပ်ပျော်အောင် အိပ်လိုက်ရပေရော့မည်။

သို့မှ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ··။

"ကျွလိ··ကျွလိ··ကျွလိ··" ရယ်လို့ ကျေးငှက်တို့၏ အသံဆူဆူညံညံကြောင့် အိပ်ယာမှ နိုးလာရပြန်၏။

မိုးစင်စင်လင်းလေပြီကော··။

"ကိုပိုက်ရေ··ကျွန်တော်တို့ နံနက်ခင်းစာစားသောက်ပြီးသွားကြစို့ဗျာ··"

"ကျွန်တော်မနက်စောစော ချောင်းထဲဆင်းတော့ လင်းမြွေတကောင်ရလိုက်တယ်"

တစ်ချက်တစ်ကောင်မြင့်မောင်က ပြောလေ၏။ သို့ဖြစ်၍ ကျွန်တော်တို့သည် မြင့်မောင်စီစဉ်ထားသည့် လင်းမြွေသားမီးကင် ရဲရဲကြွပ်ကြွပ်လေးအား နံနက်ခင်းစာအလို့ငှာ စားလိုက်ကြပြီးနောက် ထိုစခန်းမှ ထွက်ခဲ့ကြတော့၏။ သို့ဆိုတော့ လင်းမြင့်လှိုင်က ညက သူ၏ ပစ်မှတ်ရှိရာသို့ ရှေ့ဆောင်သွားလေတော့၏။

သို့နေရာ ရောက်သည်တွင်

"ဟာ·· သည်မယ်ညက ကိုလင်းပစ်လိုက်တာ မှန်သွားတယ်ဗျ

www.burmeseclassic.com

www.burmeseclassic.com



သွေးကွက်ကြီး··တွေ့လား··"

မြင့်မောင်က ပြောပြလေ၏။ မြေပြင်တွင်ရှိ သစ်ရွက်ခြောက်တို့ပေါ်မှ သွေးကွက်ကို ကျွန်တော်စေ့စေ့ကြည့်လိုက်၏။ လင်းမြင့်လှိုင်က ပတ်ဝန်းကျင်မြေပြင်ကို စူးစိုက်ကြည့်နေလေ၏။

"လူ့ခြေရာတွေပဲဗျ··"

"ဟင်··နိုမြင့် ညက ကိုလင်းပစ်လိုက်တာ လူကို မှန်သွားတာတော့မဟုတ်လောက်ပါဘူးနော်··"

သို့ ကျွန်တော်က စိုးရိမ်တကြီးပြောလိုက်၏။ လင်းမြင့်လှိုင်က ကျွန်တော်၏ စိုးရိမ်ပူပန်မှုကို အသိအမှတ်ပြုသည့်သဘောဖြင့် ပြုံးပြလာချေပြီး··

"သည်လောက်လဲ စိုးရိမ်မနေပါနဲ့ ကိုပိုက်ရယ်··။ သည်သွေးက လူသွေးမဟုတ်ပါဘူး··တောဝက်သွေးပါ··"

သို့ပြောလာသည့်ကိုလင်းကို ကျွန်တော်က မယုံသင်္ကာအကြည့်ဖြင့် ကြည့်လိုက်သည်ကြောင့်ဖြစ်မည်··။

"သည်မယုံကြည့်လေ··"

လင်းမြင့်လှိုင်က သို့ပြောပြီး မြေပြင်ရှိ သစ်ရွက်စိုတစ်ခုကို ကောက်ယူလိုက်ကာ လက်ဖြင့် ပွတ်သပ်လိုက်ချေပြီး··ကျွန်တော့်မျက်စိရှေ့ထိုးပြလာချေ၏။

"ဘာတုန်း··"

"သည်မယ်လေဗျာ··အမွေးကြမ်းကြမ်းတွေ··"

အလိုလေဗျာ·· ဟုတ်ပါရဲ့·· တောဝက်ကောင်၏ အမွေးကြမ်းကြမ်း[illegible]ချောင်းဖြစ်ချေ၏။

[illegible]ရာမှ ထွက်ကျလာသည့် အသားစတွင်ကပ်နေခြင်းဖြစ်၏

www.burmeseclassic.com



"ပြီးတော့ - သည်မယ်တွေလား - တောဝက်ကောင်ခြေရာ"

"နို့ဆိုတော့ ဘယ်လိုသဘောလဲ - "

ကျွန်တော်က မရှင်းသဖြင့် သို့မေးလိုက်ခြင်းဖြစ်၏။

"သည်ဝက်က သတ်သတ်ဗျ - ကျွန်တော်ပစ်လိုက်လို့ မှန်သွားပြီး ဒဏ်ရာနဲ့ပြေးသွားပြီးလေမှ လူတစ်စုက သည်နားရောက်လာကြတာဖြစ်မယ် - "

"သည်လူစုက ဘယ်သူတွေလဲ - ဘယ်ဘက်ထွက်သွားကြလဲ - - ကိုလင်းပစ်လိုက်လို့ ဒဏ်ရာရသွားတဲ့ ဝက်ကောင်နောက်လိုက်သွားကြတယ်လား"

သို့ ကျွန်တော်ကမေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်ချေပြီး

"လာကြချေ - ကျွန်တော်ရှင်းပြမယ်"

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်ရှေ့ဆောင်ခေါ်သွားရာသို့ လိုက်သွားလိုက်၏။ တစ်ချက်တစ်ကောင် မြင့်မောင်တစ်ယောက်ကတော့မူ မြေပြင်တဝိုက် ဘာကိုရှာဖွေနေသည်မသိပါချေ - ။ သူ့အလုပ်နှင့် သူရှုပ်နေပုံပင် - '

"သည်ခြေရာတွေက သည်နားတဝိုက်တင်ရှိတာပဲ - ဘယ်လိုဖြစ်တာလဲ - ဖြစ်ရမှာက သူတို့ သွားလမ်းကြောင်းတစ်လျှောက် ထင်ထင်ရှားရှားမဟုတ်တောင် တချို့တလေ ခြေရာထင်ထင်မဟုတ်တောင် ရေးရေးမြင်ရနိုင်မပေါ့ - "

သို့ ကျွန်တော်က ခြေရာများ ထူးခြားစွာ ရှိနေရာနှင့် ၅ပေ ပတ်လည်လောက်သာတွေ့ရပြီး ပျောက်သွားသဖြင့် သို့မေးလိုက်ရခြင်းဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com


"သူတို့တွေက ကိုယ်ပျောက်လူတွေများလား . ."

ကျွန်တော်မဖြစ်နိုင်မှန်းသိလျက် သို့ အရွှန်းဖောက်မေးလိုက်မြန်၏။

"ကိုယ်ပျောက်လူတော့မဟုတ်ဘူး . မျောက်လူတော့ဖြစ်နိုင်တယ် . ."

"ဗျာ"

ကျွန်တော်က လင်းမြင့်လှိုင်ကို တအံ့တသြကြည့်နေမိတော့၏။

"အော် . . မျောက်လူလို့ပြောလိုက်တာ . ."

"ကျွန်တော်မရှင်းဘူးဗျာ . ."

"သည်လူတွေခြေရာက သည်ငါးပေဝန်းကျင်တွင်သာရှိမပေါ့။ သူတို့က နီးစပ်ရာသစ်ပင်တွေကို တက်သွားကြတာကိုး . . သည်မယ်ကြည့်ပါလား . ."

လင်းမြင့်လှိုင်က နွယ်တက်နေသည့်သစ်တပင်အောက်ခြေကို ပြလာလေသဖြင့် ကျွန်တော်ထိုအပင်ကို ကြည့်လိုက်၏။

ဘုရားရေ . ထိုအပင်အောက်ခြေတွင် ခြေရာဗရပွတွေ့ရချေ၏။

"သည်တပင်တည်းကို ပြုတက်သွားကြတာလား"

များပြားလှသည့် ခြေရာများကိုကြည့်ပြီး ကျွန်တော်က မေးလိုက်ခြင်းဖြစ်၏။

"မဟုတ်ပါဘူး . . နွယ်တက်သစ်ပင်တွေ မှန်လေသမျှလိုက်ကြည့်လေ . . သူတို့တက်သွားကြတာ . ."

သို့ဆိုတော့ ကျွန်တော်တစ်ခုစဉ်းစားမိလိုက်၏။ ကျွန်တော်ကြားကြားနေသည့် မျောက်အူသံဆန်းဆန်းအသံတို့သည် သူတို့အော်ဟစ်

www.burmeseclassic.com


နေကြခြင်းပင်ဖြစ်ချိမ့်မည်။

သို့အမြင်ကို ကျွန်တော်က ပြောလိုက်၏။

"ဖြစ်နိုင်တယ်··ကိုပိုက်··တစ်ခုစဉ်းစားရမှာက သည်နေရာတဝိုက် မျောက်လူတွေရှိတာ အံ့ဖို့ကောင်းတယ်··"

"လူရိုင်းတွေလိုလား··"

ကျွန်တော်က တအံ့တသြမေးလိုက်၏။

"ဘယ်လိုဖြစ်နိုင်မှာလဲ· ကိုပိုက်ရယ်· အဲလိုခေတ်မရှိလောက်တော့ပါဘူး·· လူတစုက ယောက်ျားတွေချည်းမို့လို့ အဲလို သစ်ပင်တက်ကျွမ်းကျင်နေကြတာဖြစ်မယ်·· တစ်ခုစဉ်းစားစရာက ဘယ်လိုလူတွေလဲဆိုတာပဲ ··"

"ကျွန်တော်လဲ သည်ဘက်မကြာခဏရောက်ဖူးပါတယ်··။ ဆရာလင်းပြောတဲ့ မျောက်လူတွေဆိုတာ ကြားတောင် မကြားဖူးပါဘူး။ ပြီးတော့ သည်နားတဝိုက် သစ်ခုတ်ဝါးခုတ်သမားတွေလဲ မပြတ်လာတတ်ကြတာပဲ·· ဘာမှ ထူးထူးဆန်းဆန်းမကြားမိပါဘူး··"

"နို့ဆိုတော့··ကျွန်တော်တို့ကို တောကောင်ပစ် ဖို့တယ်ခေါ်သွားမယ်စိတ်ကူးလဲ ···"

"အလျှင်ပြောထားသလို ပြောင်သေမြောင်ဖျားပေါ့··"

"ဟုတ်ပြီ··ကျွန်တော် အစီအစဉ်တစ်ခုပြောင်းချင်တယ်··"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်သည်ပင် တအံ့တသြဖြစ်သွားကာ ငေးကြည့်နေမိချေတော့၏။

"ဘယ်လို··ဘယ်လို·· ရှင်းအောင်ပြောပါလား··"

ကျွန်တော်က မေးလိုက်ခြင်းဖြစ်၏။

"သည်မျောက်လူတွေကို ကျွန်တော်စိတ်ဝင်စားတယ်· အရိုင်း

www.burmeseclassic.com

www.burmeseclassic.com



အစိုင်းတွေတော့မဖြစ်နိုင်ဘူးထင်တယ်··နို့ပေမင့် ယောကျ်ားသားတွေ ပဲစုနေကြတာဖြစ်မှာပေါ့ဗျာ·· သည်တော့··သူတို့ဘာလို့ အဲလို လုပ်နေကြတာလဲဆိုတာ သိဖို့လိုပြီ ကိုပိုက်ရယ်··"

လင်းမြင့်လှိုင်ဘာပြောချင်သည်ကို ကျွန်တော်သဘောပေါက် လိုက်ချေတော့၏။ သို့ဆိုတော့··

"ကျွန်တော်လည်း စိတ်ဝင်စားပါတယ်" လို့သာ ပြောလိုက်လေ တော့၏။

သည်တွင် လင်းမြင့်လှိုင်က မြင့်မောင်ကြီးသဘောထားကို တောင်းခံသည်ဆန္ဒဖြင့် လှမ်းကြည့်လိုက်လေ၏။

"ကျွန်တော်သဘောတူတယ်··နို့ပေမင့် ကျွန်တော်ခုလာတာ အပျော်ခရီးဖြစ်လေတော့··ခုလိုစိတ်ဝင်စားစရာနဲ့ကြုံတာပဲ··ကိုလင်း ပြောသလိုလုပ်ကြတာပေါ့ဗျာ··"

သို့မှ လင်းမြင့်လှိုင်၊ ကျွန်တော်နှင့် မုဆိုးကြီးမြင့်မောင်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်တော့၏။

ကျွန်တော်တို့ရောက်နေသောတောင်ကြောသည် အောက်ပေါင်း ရှုတ်တောဖြစ်ခြင်းကြောင့် သစ်ပင်ကြီးတို့အတော်များများတွင် နွယ်ပင် တို့ ရစ်ပတ်တက်လျက်ရှိကြချေ၏။

"သည်ဘက်တွေကို ရောက်ဖူးလား··"

ကျွန်တော်က မုဆိုးကြီးမြင့်မောင်ကို မေးလိုက်ခြင်းဖြစ်၏။

သို့ဆိုတော့ မုဆိုးကြီးမြင့်မောင်သည် ပတ်ဝန်းကျင်ကို တချက် ဝေ့ဝိုက်ကြည့်လိုက်ချေကာ··

"လွန်ခဲ့တဲ့ တနှစ်လောက်ကတော့ ရောက်ဖူးခဲ့တယ်··"

"သေချာလား··"

www.burmeseclassic.com

www.burmeseclassic.com



သို့မေးလာသည့် လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော်သည် ပင် ထူးဆန်းသော စကားကဲ့သို့ ထင်မှတ်သွားမိချေ၏။

"ဆရာလင်း··ဘာကိုဆိုလိုချင်တာလဲ··"

လင်းမြင့်လှိုင်ကို မှဆိုးကြီးမြင့်မောင်က သို့ပြန်မေးလိုက်ခြင်း ကြောင့် ကျွန်တော်စိတ်ဝင်တစားဖြစ်လာရပြန်ချေ၏။

"ကျွန်တော့်စိတ်ထင် သည်နေရာကို မှဆိုးအတော်များများ သာလျှင်မဟုတ်··သစ်ခုတ်ဝါးခုတ်သမားတွေလဲ ရောက်ဖူးလိမ့်မယ် မထင်ဘူး"

"ဟင်"

"ဘာ"

ကျွန်တော်တို့ လွန်မင်းစွာ ထိတ်လန့်သွားရပြန်ပေတော့သည်။

သို့ဆိုတော့ မှဆိုးကြီးမြင့်မောင်က ဘေးပတ်ဝန်းကျင်သို့ တဖန် လှည့်ပတ်ကြည့်လိုက်ချေပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားကာ··

"အလိုလေးဗျာ·· ဟုတ်ပါရဲ့· ဆရာလင်းပြောမှ သေသေ ချာချာ ကြည့်မိတော့တယ်·· သည်နေရာတဝိုက် တမျိုးဖြစ်နေသလို ပဲဗျာ·· ဟိုမယ်ကြည့်··ဝါးပင်ဝါးတောက ပေါက်ရောက်နေတာ နှစ်သက်တမ်းအတော်ကြာပြီဖြစ်မယ်· ဝါးလုံးချောတွေအပြင် သက်ရင့် ဝါးလုံးတွေရောပါလား·· သေချာကြည့်လေ··"

သို့မှ မှဆိုးမြင့်မောင်စကားကြောင့် ကျွန်တော်က သူညွှန်ပြ သော ဝါးရုံတောကို စေ့စေ့ကြည့်လိုက်ချေ၏။

ဖြောင့်တန်းဝါးလုံးချောများတွင် အဝါရင့်ရောင် ဝါးလုံးများကို လည်းတွေ့ရခြင်းအားဖြင့် ထိုဝါးရုံလေးသို့ လူတစ်ဦးတစ်ယောက်လေမျှ (ဝါးခုတ်သမား) တွေ့ရှိခြင်းမရှိသဖြင့် ခုတ်ဖြတ်ခြင်းမပြုကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိလိုက်တော့၏။

ထိုဝါးရုံမှမဟုတ် ဝန်းကျင်ရှိ ဝါးရုံများတွင်လည်း ထိုသက်တမ်းရင့် ဝါးလုံးများအတော်များများကိုတွေ့ရ၏။ အချို့ဆိုပါလျှင် ကွဲအက်လို့ပင် ရှိကြချေ၏။ ထိုဝါးရုံလေးသို့ တောဆင်ရိုင်းကောင်များလည်း ရောက်လာဟန်မတူပါချေ··။

"နို့ဖြင့် ကျွန်တော်တို့တွေ လမ်းမှားရောက်လာကြတာဖြစ်မယ်"

မုဆိုးကြီးမြင့်မောင်က သို့ပြောလာလေ၏။

"သိပ်သေချာတယ်·· နို့ဖြင့် သည်လိုလုပ်မယ်ဗျာ·· ချောင်းကို ရှာကြမယ် ·· အဲဒီချောင်း ဘာချောင်းလဲသိလျှင်ဖြင့် ကျွန်တော်တို့ ဘယ်နေရာရောက်နေပြီကိုတော့ အနည်းလေးခန့်မှန်းနိုင်ပြီပေါ့··"

သို့ဖြင့် ကျွန်တော်တို့သည် ထိုဝါးတောလေးအတွင်းပြန်၍ လျှောက်ခဲ့ကြချေတော့၏။

"အုဝု·· အုဝု··အုဝု··"

"ဝု··ဝု ··ဝု··ဝု··အုဝု··အု··ဝု··"

ခပ်လှမ်းလှမ်းမှ သို့အသံတို့ကို ကြားလိုက်ကြသဖြင့် လှမ်းကဲကြည့်လိုက်ချေ၏။

ဝါးရုံထိပ်ဖျားတို့ လှုပ်ခတ်နေခြင်းအားဖြင့် ဝါးတောလေးအတွင်း မျောက်ကောင်တို့ သို့တည်းမဟုတ်·· မျောက်လူတို့ ရောက်နေကြသည်ကို သတိပြုမိကြချေတော့၏။

ထိုဝါးရုံကိုင်းဖျားများမှ ရုံခါဆိုသလို ငှက်ကောင်တို့လန့်ဖျတ်ပျံသန်းသွားကြသည်ကိုလည်း တွေ့လိုက်ကြရ၏။

"ကျွန်တော်တို့တွေ အဲဒီနေရာကို အလျင်သွားကြတာပေါ့·· အဲဒီတွောမယ်··မျောက်သတ္တဝါတွေ ရှိနိုင်ချေများတယ်··"

www.burmeseclassic.com

www.burmeseclassic.com



"မျောက်ကောင်တွေလို့ ကိုလင်းက အတတ်ပြောနိုင်လို့လား"

ကျွန်တော်က မေးလိုက်၏။

"လတ်တလောတော့ မျောက်ကောင်လို့ပဲ သတ်မှတ်လိုက်တာပါ၊ . ကျွန်တော်တို့ ပစ်မှတ်လို့သဘောထားလိုက်ကြတာ မမှားဘူး မဟုတ်လား . ."

"ဟုတ်ပြီလေ . ."

သို့မှ ကျွန်တော်တို့ သုံးယောက်သည် ခပ်လှမ်းလှမ်းထိုနေရာ ဆီသို့ ခပ်သွက်သွက် သွားလိုက်ကြတော့၏။

ထူးဆန်းသည်မှာ ထိုအသံတို့နှင့် ပို၍ နီးကပ်သွားလေခြင်းကြောင့်လားမသိပါချေ . . မျောက်ကောင်တို့အသံမဟုတ်သည်ကို သုံးယောက်လုံးသိရှိသွားကြချေတော့၏။

သာမာန်လူစိမ်းတစ်ယောက်ဆိုပါလျှင် မျောက်အုပ်ဟု ထင်နိုင်လေ၏။ ကျွန်တော်တို့ ကား ဝါရင့်မုဆိုးများဖြစ်ခြင်းကြောင့် သတိထား သိလိုက်ကြခြင်းဖြစ်တော့၏။

ပို၍ ထူးဆန်းသလို ခံစားမိသည်မှာ ထိုအသံတို့သည် ကောင်လုံးသာ မမြင်ရခြင်းဖြစ်၏။ အသံတို့ကတော့မူ ကျွန်တော်တို့နှင့် နီးလိုက်ဝေးလိုက်ဖြစ်သွားသဖြင့် နံဘေးသို့လည်းကောင်း နောက်ဘက်မှလည်းကောင်း ရှေ့ဘက်မှလည်းကောင်း ကြားရသော ထိုအသံသည် ကျွန်တော်တို့အား ဝိုင်းပတ်ခြောက်လှန့်အော်သံပြုနေသည်နှယ် ဖြစ်လာရချေတော့၏။

"ကိုပိုက်ရေ . . သတိတော့ထားဗျို့ . . သည်ကောင်တွေ ကျွန်တော်တို့ကို ဝိုင်းပတ်ထားသလိုပဲ . ."

"ဟင် . . ကိုလင်းဘာပြောချင်တာလဲ . ."

www.burmeseclassic.com

www.burmeseclassic.com


"ကိုပိုက် ဘာမှ မစိုးရိမ်ပါနဲ့ ကျွန်တော်တို့ သည်ကောင်တွေ သတ်ကွင်းထဲရောက်နေပြီ ဖြစ်မယ်ဗျ.."

"ဗျာ.."

"ဟင်"

လင်းမြင့်လှိုင်ကို ကျွန်တော် အားကိုတကြီးကြည့်မိချေတော့၏။

"ဘာဆက်လုပ်ကြမလဲ.. ကျွန်တော်အသံလာရာကို ဖြစ်ဖြစ် ပတ်ဝန်းကျင်ဘယ်နေရာကိုဖြစ်ဖြစ် သေနတ်ပစ်ဖောက် ခြောက်လှန့်ပြီး သတ်ကွင်းက ထွက်လိုက်ချင်တယ်.."

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်၍ ပြုံးလိုက်ချေပြီးနောက်

"အဲဒီလောက်လဲမဟုတ်ပါဘူး.. ကျွန်တော်တို့ သူတို့ကို မမြင်ရပေမင့် တချိန်ချိန်တော့ သူတို့ ကျွန်တော်တို့ရှေ့မှောက် ရောက်လာပါလိမ့်မယ်ဗျ.."

ဘုရားရေ.. သို့စကားကြောင့် ကျွန်တော်ပို၍ ထိတ်လန့်မိချေတော့၏။

"လူရိုင်းတွေတော့ မဟုတ်လောက်ပါဘူးနော်.."

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် ပြုံးလိုက်ပြန်ချေပြီး..

"ဟာ..ဘယ်လိုဖြစ်နိုင်မလဲ..ကိုပိုက်ရယ်.. ကျွန်တော်တို့တွေ အာဖရိကတောထဲရောက်နေတယ်များထင်နေလားဗျာ..ဟင်း ..ဟင်း..ဟင်း.."

လင်းမြင့်လှိုင်က သို့ပြောပြီး ရယ်သွမ်းသွေးလှလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မှ

"ဟာ"

"ဒီနီး"

လင်းမြင့်လှိုင်သည် ပြောလည်းပြော အမြင့်တနေရာဆီသို့ သို့နှယ်လှမ်းပစ်လိုက်လေခြင်းကြောင့်

"ကိုလင်း⋯ ဘာတွေလို့ပစ်လိုက်တာလဲ⋯"

သို့ ကျွန်တော်မေးလိုက်သလို မှဆိုးကြီးမြင့်မောင်သည်လည်း မေးလိုသည်ဖြစ်ချိမ့်မည်။ ကျွန်တော်နှင့် မေးခွန်းခြင်းတူနေတာကြောင့် မြင့်မောင်တစ်ယောက် နှုတ်ဆိတ်နေလိုက်ပြန်ချေပြီး လင်းမြင့်လှိုင် ဘယ်လို ပြန်ပြောလာမည်ကို နားစွင့်နေပုံပင်⋯"

"ကျွန်တော် ကွင်းကွင်းကွက်ကွက်တော့ မြင်လိုက်တာမဟုတ်ဘူး⋯ ရိပ်ကနဲ မြင်လိုက်တာ⋯"

"ဘာလဲ⋯"

"ဘာမြင်တာလဲ⋯"

"သိပေဘူးဗျ⋯ ရိပ်ခနဲဆိုတော့ အကြမ်းဖျဉ်းပြောကြည့်ရလျှင် မျောက်ကောင်ပေါ့ဗျာ⋯"

"ဘယ်လိုသဘောထားလို့ရမလဲ⋯"

ကျွန်တော်ဆိုလိုချင်သည်မှာ ပစ်မှတ်ထိသွားသလား⋯၊ လွဲချော်သွားသလားမေးလိုက်လေခြင်းဖြစ်ချေ၏။

"ကျွန်တော်တို့ရှေ့က သစ်ပင်ကြီးအောက်ခြေသွားကြည့်ကြတာပေါ့⋯"

လင်းမြင့်လှိုင်စကားကြောင့် သူ၏ ပစ်မှတ်လွဲချော်သွားဟန် မတူပါချေ⋯ ။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်တစ်ယောက် ထိုသစ်ပင်အောက်သို့ မပြေးရုံသာ ရှေ့လျှောက်သွားသည်ကို ကြည့်ခြင်းအားဖြင့် သူ၏ ပစ်မှတ်လွဲချော်မှု လုံးလုံးမရှိခြင်းဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့သည် အောက်ခြေတွင်ရှိ ချုံပုပ်နွယ်ပင်တို့ကို ရှောင်ကွင်း၍လည်းကောင်း၊ တိုးဝင်ဖယ်ရှား၍လည်းကောင်း လင်းမြင့်လှိုင် နောက် မျက်ခြေမပြတ်လိုက်သွားကြတော့၏။

တကယ်ဆို ချုံပုပ်နွယ်ပင်တို့သည် ဆူးပင်ငယ်လေးများနှင့် ရောနှောနေလေခြင်းကြောင့် တကိုယ်လုံး ထိခိုက်ရှမိဒဏ်ရာကြောင့် သွေးထွက်ဒဏ်ရာငယ်တို့ ရလိုက်ကြ၏။ ချွေးစေးများကြောင့် စပ်လို့ နေချေတော့၏။

သည့်နောက် လင်းမြင့်လှိုင်လှမ်းပြသည့် သစ်ပင်ကြီးအောက် ခြေသို့ ရောက်ခဲ့ကြတော့၏။

ထိုသစ်ပင်ကြီးအောက်ခြေတွင် သွေးစတို့ကို တွေ့လိုက်သည်။ လင်းမြင့်လှိုင်က ထိုသွေးတို့ကို ကောက်ယူနမ်းကြည့် လက်ညှိုး၊ လက်မ ဖြင့် ပွတ်သပ်ကြည့် လုပ်နေချေတော့၏။

"ကိုလင်း[illegible]ဘာကောင်ဖြစ်မလဲ.."

ကျွန်တော်က မေးလိုက်ချေ၏။

လင်းမြင့်လှိုင်တစ်ယောက် မျက်စိမျက်နှာပျက်နေလေပြီး

"လူ့သွေးများလားလို့.."

"ဗျာ"

"ဟာ"

သို့ဆိုတော့ကျွန်တော်တို့နှစ်ယောက် ထိတ်လန့်တကြားဖြစ် သွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ‥ ဘယ်လိုလုပ်ကြမလဲ‥ ကိုလင်းက မျောက်လို့ ထင်ပြီးပစ်လိုက်တာလား‥"

"ကျွန်တော် အမြင်မမှားဘူး‥ တောမျောက်ခံမနေရဘူးဆို လျှင်ဖြင့် မျောက်ကောင်သေချာတယ်‥"

"ခုက ဘယ်လိုကြောင့် လူသေသွားဖြစ်နေရတာလဲ‥"

ကျွန်တော့်အမေးကို လင်းမြင့်လှိုင်မဖြေ။

မြေပြင်သို့သာ ငုံ့ကြည့် စူးစမ်းနေပုံပင်‥။ သို့ကြောင့် ကျွန်တော် ဆိတ်ဆိတ်နေလိုက်ရပြန် တော့၏။

မုဆိုးကြီးမြင့်မောင်သည်လည်း ကျွန်တော်လိုပင် ဖြစ်ချိမ့်မည်။

သို့မှ ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။ သွေးစက်ကျရာနောက် လိုက်ကြခြင်းဖြစ်၏။

အတန်ကြာကြာ တောတိုးခဲ့ကြရာတွင်မတော့ ကျွန်တော်တို့ ချောင်းမကြီးတစ်ခုတွင်း ရောက်ခဲ့ကြတော့၏။

သို့ကြောင့် ကျွန်တော်တို့သည် ချောင်းမကြီးအတွင်းသို့ ဆင်း လိုက်ကြတော့၏။ ရေစီးယဲ့ယဲ့သာရှိခြင်း၊ ရေခြေကျင်းဝပ်သာသာရှိခြင်းတို့ ကြောင့် ချောင်းတွင်းဆင်းလိုက်ကြခြင်းဖြစ်၏။

ကျောက်ချောင်းဖြစ်ခြင်းကြောင့် ရေကြည်လှချေ၏။ တကယ်တမ်းတွင်မတော့ ထူထူထဲထဲ သစ်တောအုပ်ကြီးဖြစ်ချေ၏။ အောက်ခြေတဝိုက် မှောင်မည်းလို့နေချေ၏။

"ကျွန်တော်တို့တွေ ချောင်းထဲကနေဖြတ်ပြီး တစ်ဖက် တောင်ကြောပေါ် တက်ကြမယ်ဗျာ‥"

"ဟင် ကိုလင်း‥ သေသေချာချာကြည့်ပါဦး‥ကျွန်တော်စိတ်ထဲ မှာတော့ သည်တောထဲ သိပ်မဝင်ချင်ဘူးဗျာ‥ ဘာကြောင့်လဲမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကကို တခုခုခံစားနေရသလိုပဲ‥"

အမှန်ပြောရပါလျှင် ကျွန်တော် ထိုသစ်ပင်အုပ်စိုင်းစိုင်း တောအုပ်ထဲသို့ မဝင်လိုပါချေ ‥။

ထိုတောအုပ်တွင် လမ်းပျောက်သွားပါက ပို၍ ဆိုးလိမ့်မည်ဟု တွက်လိုက်မိလေခြင်းပင်၊ ကျွန်တော့်သဘောမှာ ချောင်းကို စစ်ဆေးပြီးနောက် လုံးဝမသိသောချောင်းဖြစ်နေပါလျှင် ထိုချောင်းအတိုင်း စုန်ဆင်းသွားကြမည်ဆိုပါက လူနေတဲ့စုဖြစ်ဖြစ် ရွာသိမ်ရွာငယ်လေးဖြစ်ဖြစ် ရောက်သွားနိုင်ကောင်း၏ဟု တွက်လိုက်မိလေတော့၏။

"ကိုပိုက်ရယ်‥ ချောင်းစပ်တစိုက်မယ် လူနေတဲ့ရှိတယ်လို့ တွက်ထားပုံပဲ‥ ကျွန်တော်တို့တွေ လမ်းမှားခဲ့ကြရိုးမှန်လျှင် ချောင်းအတိုင်း သွားတာထက်တောလမ်းတိုးသွားတာက ပိုအဆင်ပြေလိမ့်မယ်ဗျ‥"

အလိုလေးဗျာ‥ လင်းမြင့်လှိုင်သဘောက ကျွန်တော်၏ သဘောနှင့် ဆန့်ကျင်ဘက်နိုင်လွန်းလှချေ၏။

သို့ပေမင့်လို့ လင်းမြင့်လှိုင်သည် တခုခုကို သိထားသည်ကြောင့် သို့ပြောလာခြင်းဖြစ်နိုင်ပေသည်။ သို့ကြောင့် သူ့စကားအတိုင်း ထိုတောအုပ်ထူထူတွင်းသို့ ကျွန်တော်တို့ သွားရန် ဆုံးဖြတ်လိုက်ကြချေတော့၏။

သို့ဆိုတော့ ကျွန်တော်တို့ ချောင်းကမ်းစပ်တွင် ခေတ္တမျှ သဘောလောက် ချောင်းရေဖြင့် ခြေလက်ဆေးကြောခြင်း မျက်နှာကို လန်းဆန်းသွားရန် ပက်ဖျန်းကြခြင်း ပြီးလျှင် လင်းမြင့်လှိုင်ထုတ်ပေးလာသည့် မီးကင်ပြီး မြွေသားခြောက်များကို စားလိုက်ကြရင်း ဝီစကီတပြား သောက်သိုက်ကြရန် ဆုံးဖြတ်လိုက်ကြ၏။

သို့ဆိုတော့ ချောင်းစပ်တွင် ထိုင်နားနေလိုက်ကြခြင်းဖြစ်ချေ ပေတော့၏။ သို့မှ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်လောက်ရှိပြီလဲ‥"

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် သူ၏ လက်ပတ်နာရီကို မြောက်ကြည့်လိုက်ချေပြီး‥

"နေ့လယ်ခင်း‥နစ်ချက်တီးတော့မယ်"

တဖက်ချောင်းကမ်းပေါ်တွင် ပင်လုံးဖြောင့် သစ်ပင်ကြီးများအပြင် အကိုင်းအခက်၊ အရွက်အုပ်အုပ်စိုင်းစိုင်းရှိသည့် သစ်ပင်ပုလေးများလည်းရှိချေ၏။ ချုံပုပ်နွယ်ပင်တို့လည်း ရှိချေ၏။

ကျွန်တော်တို့ထွက်လာခဲ့ကြသော တစ်ဖက်ကမ်းနှင့် လုံးဝခြားနားသော အခြေအနေဖြစ်ချေ၏။

အလင်းလည်း တောအုပ်တွင်းရှိလှသည်မဟုတ်‥ ကျွန်တော်တို့သည် လင်းမြင့်လှိုင်ဦးဆောင်မှုဖြင့် ထိုတောအုပ်တွင်း ဝင်ခဲ့ကြ၏။

အေးစိမ့်လို့နေချေ၏။

မြေသားတို့ စိုစွတ်စွတ်ရှိချေ၏။ တိတ်ဆိတ်လို့လည်း ရှိချေ၏။ သို့သော်ငြား ကျေးငှက်သာရကာတို့၏ အသံများကတော့မှ တောနက်တွင်း ပျံ့နှံ့လို့နေချေ၏ဟု ဆိုရချိမ့်မည်။

"တောစိုပေပဲဗျ‥"

ကျွန်တော်တို့သည် လမ်းမြောင်လေးအတိုင်း တောတိုး သွားခဲ့ကြခြင်းဖြစ်၏။

"အုဝု‥အုဝု‥အုဝု‥"

သို့မှ မျောက်အူသံတို့ ကြားရပြန်၏။ သို့ကား အလွယ်ပြောလိုက်ခြင်းဖြစ်၏။ တကယ်တော့ မျောက်ကျောင်စင်စစ်အူသံသာဖြင့် မဟုတ်နိုင်သည်ကို သုံးယောက်စလုံး သတိထားမိကြခြင်းပင်‥။

ထူးဆန်းသည်ကား အသံသာနီးနီးကပ်ကပ်ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com


ကောင်လုံးမပြောလေနှင့် အရိပ် အယောင်ပင် မမြင်ရလေခြင်းကြောင့်ပင်‥ ။

"ကျွန်တော်တော့ အသံကြားတဲ့ဘက် ဆော်ပစ်လိုက်ချင်တယ်"

ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကိုခါးယမ်းလိုက်ချေပြီး

"စိတ်ရှည်ရှည်ထားကိုပိုက်ရဲ‥ ကျွန်တော် တခါပစ်ပြီးပြီလေ။ ကျွန်တော်သိပြီ ‥ကျွန်တော်တို့က တိတ်တဆိတ်သူတို့ကို ချောင်းဖမ်းတာပေါ့"

"နို့ပေမင့်လို့ သူတို့က ကျွန်တော်တို့ကို မြင်နေပုံပဲဗျ ‥ ကျွန်တော်တို့ကသာ မတွေ့မမြင်ကြတာ‥"

မြင့်မောင်က သို့ပြောလာပြန်ချေ၏။

"ကျွန်တော်တော့ သည်လိုလုပ်ချင်တယ်‥"

လင်းမြင့်လှိုင်က သို့ပြောပြီး ရပ်တန့်လိုက်ကာ ကျွန်တော်တို့ဘက် မျက်နှာမူလာလေ၏။

"ပြောကြည့်လေ‥"

သို့ ကျွန်တော်က ပြောလိုက်၏။

"သည်အသံတွေက ကျွန်တော်တို့နဲ့ သိပ်မဝေးလောက်တဲ့ နေရာကဆိုပေမင့် တွက်ဆလို့မရပေဘူးဗျာ‥ သည်တော့ ကျွန်တော်တို့သုံးယောက် လူခွဲသွားကြလျှင် မကောင်းဘူးလား‥"

"ဘယ်လို‥ဘယ်လို"

"ဖြစ်နိုင်ပါ့မလား‥"

"ဖြစ်အောင်လုပ်ရမှာပေါ့ဗျာ‥ ဘယ်လိုလဲ မြင့်မောင်‥"



www.burmeseclassic.com

www.burmeseclassic.com


လင်းမြင့်လှိုင်က ငြိမ်သက်ငေးကြည့်နေသော မြင့်မောင်ကို မေးလိုက်လေခြင်းအားဖြင့် သူသည် တွေဝေနေခြင်းကြောင့် ဖြစ်ချိမ့်မည်ဟု လင်းမြင့်လှိုင်က တွက်ဆထားခြင်းဖြစ်မည်။

"အင်း‥နို့ပေမင့် တစ်ခုတော့ရှိတယ်‥"

"ပြောလေ မြင့်မောင်‥"

"အချိန်မနည်းတော့ဘူး‥ညနေပိုင်းရောက်လာပြီ သည်တောအုပ်က မှောင်သင့်တာထက်ပိုပြီး ဝန်းကျင်က ပိုမှောင်နေတယ်လေ‥သည့်တော့ ညအိပ်စခန်းချဖို့တွက် တစ်ခုခုဆုံးဖြတ်ထားကြရလိမ့်မယ်‥"

မြင့်မောင်ကြီးဘာကိုဆိုလိုသည်ကို ကျွန်တော်ကော လင်းမြင့်လှိုင်ပါ သိလိုက်ကြခြင်းကြောင့်

"ဟုတ်ပြီလေ‥ ကျွန်တော်ဆုံးဖြတ်ကြည့်မယ်‥"

"ပြောပါကိုလင်း‥"

"ဟိုရှေ့က တောင်ကြောတွေ့လား"

"တွေ့တယ်"

ကျွန်တော်နှင့် မြင့်မောင်က ပြောလိုက်၏။

"သီးခြားချွန်ထွက်နေတဲ့ သစ်ပုပ်ပင်ကြီးကောမြင်လား‥"

"မြင်တယ်"

"ဟုတ်ပြီ‥ကျွန်တော်တို့ အဲဒီအပင်ဆီ ဦးတည်သွားကြတာပေါ့‥ သည့်တော့လူစုခွဲသွားကြမှာ ဖြစ်တယ်လား‥"

သို့လည်း အဆင်ပြေသွားကလား‥ ကျွန်တော်တို့ လူစုခွဲလိုက်ကြပေမင့် ပစ်မှတ်နေရာတွင် ခုံမည်ဆိုတော့ကာ အဆင်ပြေသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သွားရင်းလာရင်း သားကောင်ပစ်ကြတာပေါ့· ညနေစာလေး ကျွန်တော်တို့တွေ့ချင်တဲ့သတ္တဝါတွေ့လိုက တော့ တစ်ယောက်နဲ့ တစ်ယောက် သေနတ်ပစ်ဖောက် အချက်ပေးကြတာပေါ့··၊ နို့ဆိုတော့ သည်လိုလုပ်ကြမယ်··"

"ပြော·· ကိုလင်း··"

"ကိုယ့်နည်းကိုယ့်ဟန်နဲ့ဖမ်းပြီး–ဖမ်းမိပြီဆိုလျှင်ဖြင့် မိုးပေါ်ထောင်ပြီး သေနတ်နှစ်ချက်ဆက်တိုက်ပစ် အချက်ပေးကြပေါ့ သည်တော့ အချက်ပေးတဲ့သူဆီ ကျန်တဲ့နှစ်ယောက်က အရောက်လာ ကြတာပေါ့··"

သို့လည်းအဟုတ်သားကလား··။ အဆင်ပြေလောက်ပေ၏ သို့ကြောင့်,ကျွန်တော်တို့သည် ထိုဆုံးဖြတ်ချက်ကို အတည်ပြုလိုက်ကြ ကာ လမ်းခွဲထွက်ခဲ့ကြတော့၏။

သို့ဆိုတော့ လင်းမြင့်လှိုင်သည် လာလမ်းတည့်တည့်သို့ ဦးတည် သွားလိုက်သလို··မြင့်မောင်ကြီးက ညာဖက်ယွန်းယွန်း··ကျွန်တော် က ဘယ်ဖက်ယွန်းယွန်းသွားလိုက်ကြခြင်းဖြစ်တော့၏။ ဦးတည်ချက် ကား သစ်ပုပ်ပင်ကြီးဆီသို့ ဖြစ်ချေ၏။

သို့ဆိုတော့ ကျွန်တော်က ဘယ်ဘက်ယွန်းယွန်းဆိုတော့ကာ ချောင်းဘက်ကျလေ၏။ သို့ဆိုတော့ သွားရလာရ အဆင်ပြေသေး၏ဟု တွက်လိုက်မိ၏။

လင်းမြင့်လှိုင်သည်လည်း သိပ်ဆိုးဆိုးဝါးဝါး လမ်းကြောရှာသွား ရခြင်းရှိချိမ့်မည်မထင်··။ ဆင်လမ်းဟောင်းရှိနေသည်ကိုး·· မြင့်မောင် ကြီးသာလျှင် ချုံပုပ်နွယ်တို့ ပြွတ်သိပ်နေသည့် လမ်းကြောဘက် ကျလေ ခြင်းကြောင့် သားရဲကောင်များနှင့် ထိပ်တိုက်တိုးနိုင်၏။ သို့မှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ချုံပုပ်နွယ်ပင်တို့ကို ဖယ်ကာသွားရမည်ဖြစ်၍ ခက်ခက်ခဲခဲသွားရမည့် လမ်းကြောဖြစ်ချေ၏။

"မြင့်မောင်ကြီး ကျွန်တော့်ဓါးယူသွားချေဗျာ..."

မြင့်မောင်ကြီးတွင် ဓါးမပါလာသဖြင့် ချုံပုပ်နွယ်ဆူးပင်တို့ကို ခုတ်ထွင်းရှင်းလင်းနိုင်ရန် ကျွန်တော်၏ ဓောင်ဓါးကို ပေးလိုက်၏။

"ကျေးဇူးတင်တယ်..ကိုပိုက်ကကော.."

"ကျွန်တော်က ကံကောင်းတယ်လေ.. ချောင်းဘက်ကျတယ် ဆိုတော့ ရှင်းတယ်ပေါ့ဗျာ.."

ကျွန်တော်သည် မြင့်မောင်ကြီးအား ဓါးကိုပေးလိုက်ပြီး ကျွန်တော့်လမ်းသို့ ဦးတည်လျှောက်လိုက်လေတော့၏။

နာရီဝက်ခရီးလောက်တော့ဖြင့် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်မြင်တွေ့နေကြသေး၏။ သို့ပေမင့် နောက်ပိုင်း တစ်ယောက် နှင့် တစ်ယောက် ဝေးကွာသွားကြချေတော့၏။

ကျွန်တော်သည် တောတိုးလျှောက်ခဲ့ရာမှ ချောင်းဘက်သို့ သွေဖယ်ဆင်းလိုက်ချေတော့၏။

ချောင်းတွင်းမှ ရှင်းရှင်းလင်းလင်း သွားရန်ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။ သို့ပေမင့်လို့ ကျွန်တော့်တွက်ဆထားသည်မှာ လွယ်လင့်တကူ ချောင်းတွင်း ရောက်သွားနိုင်၏။ သို့ပြား ချောင်းစပ်ရှိ ချုံပုပ်နွယ်ပင်တို့ကြား မှ မျှင်ဝါးရုံရှိနေခြင်းကြောင့် ခက်ခက်ခဲခဲ တိုးဝှေ့ကာ ချောင်းတွင်း ဆင်းလိုက်ရချေတော့၏။

ချောင်းတွင်း ကျွန်တော်ရောက်သွားသည်တွင်မတော့ တကိုယ် လုံး ပွန်းရာ ရှရာများမှ သွေးတို့ စို့ထွက်နေ ချေ၏။ စပ်ဖျင်းဖျင်းလည်း ဖြစ်နေချေ၏။ ချောင်းတွင်းရေဖြင့် ကိုယ်လက်ကို ဆေး လိုက်၏။

www.burmeseclassic.com


"အားလား‥လား‥လား‥"

"စပ်လိုက်တာ‥"

ကျွန်တော်သည် သို့မှ ချောင်းစပ် သဲသောင်ပြင်အတိုင်း အထက်သို့ လျှောက်လာခဲ့ပြန်တော့၏။

"အုဂု‥ အုဂု‥အုဂု‥"

သို့အသံကြောင့် နောက်ဘက်ပြန်လှည့်ကြည့်လိုက်၏။ ချောင်းကမ်းစပ်မှ ဖြစ်ပေမင့် မြင်လောက်သည့် အရိပ်အယောင်ပင်မမြင်ရချေ‥ ကျွန်တော် ခံုးဖြတ်ထားသည်မှာ အရိပ်အယောင်တွေ့လို့ကတော့ အလွတ်ပေးလိမ့် မည်မဟုတ်‥လျှပ်တပြက်ပစ်ချလိုက်ပေရော့မည်။

သို့ရွာ ကျွန်တော် အသံသာကြားရ၏။ တိုးလိုက် ကျယ်လိုက် အသံဖြစ်၏။ ကျွန်တော်နား နီးလာလိုက်‥ ဝေးသွားလိုက် ဖြစ်ချေတော့၏။

သို့ပေမင့်လို့ ကျွန်တော်သည် သေနတ်ကို အရံသင့် ပစ်ခတ်နိုင်ရန် ကိုင်ထားချေ၏။ မျက်စိကို လျှင်လျှင်ထားနေချေ၏။ လင်းမြင့်လှိုင်နှင့် မြင့်မောင်ကြီးတို့လမ်းကြောတွင်မတော့ ဘယ်လိုတွေ့ရှိကြလေသည် မသိချေ‥။

သို့မှ‥

"ဟာ"

ကျွန်တော်သည် နောက်ဘက်သို့သာ ဂရုစိုက်ကြည့်နေလေခြင်းကြောင့် ချောင်းတွင်း ရှေ့ဘက်ကြောကို သတိမထားမိလေသဖြင့် ရုတ်ချည်းဆိုသလို လူတစ်ယောက်နှင့် ထိတ်တိုက်ခံုလေသည်တွင်မတော့ အံ့သြခြင်းဖြစ်မိချေတော့၏။

ထိုသူက ကျွန်တော်နှင့် ကိုက် ၅၀ လောက်အကွာတွင်



www.burmeseclassic.com

www.burmeseclassic.com


ရောက်နေချေ၏။ သူ့လက်ထဲတွင် ငှက်ပျောတစ်ခိုင်ရှိချေ၏။

ကျွန်တော့်ကို ငေးကြည့်နေချေ၏။

သစ်ခုတ်ဝါးခုတ်သမားမဖြစ်နိုင်။ ပျားဖွတ်သမားဖြစ်ကောင်းဖြစ်ပေမည်။ သို့မှမဟုတ် ခရီးသွားဖြစ်မည်။

ကျွန်တော်လက်ထဲ ရှိ သေနတ်ကို အငေးသားကြည့်နေချေ၏။

ကျွန်တော့်ကို ဘယ်လိုထင်မြင်သွား၍မသိချေ။ မျက်စိပျက်မျက်နှာပျက်နေလေ၏။

"ကျွန်တော် အမဲပစ် ထွက်လာတာပါ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဘာကောင်တွေ တွေ့ ပြီးပစ်ရလဲဗျာ။"

သို့ သူက မေးလေ၏။

ကျွန်တော် ခေါင်းကိုခါယမ်းလိုက်ကာ

"မတွေ့လို့ မပစ်ရသေးပါဘူးဗျာ။ နို့မေးရဦးမယ် ခင်ဗျားလာရာလမ်းတစ်လျှောက်မယ် မျောက်တွေမတွေ့ခဲ့ဘူးလား"

သို့ မေးလိုက်သည်ကြောင့် ထိုသူတချက် စဉ်းစားလိုက်ချေပြီး

"အာ . . . တွေ့လိုက်တယ်။"

"ဘယ်နားလေးမှာလဲ"

"အင်း ကြောအပေါ် အထက်ဘက်နားမှာဗျ မျောက်တစ်အုပ်မျောက်မြီးရှည်တွေ"

"ဘယ်နားလောက်မှာလဲ"

"ခင်ဗျား မြန်မြန်သွားနော် ရှေ့ချောင်းကွေ့လေးကျော်ရင် ကြောပေါ်တက်လိုက် . . ငှက်ပျောတောရှိတယ်။ အဲဒီတောင်ကြောပေါ်တက်သွားမယ်ဆိုလျှင်ဖြင့် မျောက်အုပ်ကိုတွေ့နိုင်တယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ်ဗျာ"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် ထိုသူသည် ကျွန်တော်နှင့်ဝေးရာ ရောက်သွားချေပြီးဖြစ်တော့၏။

သူ ခြေလှမ်းသွက်သွက်သွားသည်ဟု ထင်မိ၏။ ဘာဖြစ်တာပါလိမ့်။ ကျွန်တော် စဉ်းစားလိုက်မိသည်မှာ ကျွန်တော်အပေါ် သံသယဝင်နေပုံပင်။ သို့ကြောင့် ကျွန်တော်နှင့် ဝေးနိုင်သမျှ ဝေးသည့်နေရာသို့ ခပ်သွက်သွက်လျှောက်သွားခြင်းဖြစ်ခြိမ့်မည်။ သို့ဆိုတော့ သူ ကျွန်တော့်ကို ကြောက်စရာမလိုတော့ပြီမဟုတ်ပါကလား။

"ဒိန်း"

သို့မှ တောင်ကြောအထက်ဘက်မှ သေနတ်သံတစ်ချက် ထွက်လာလေခြင်းကြောင့် ကျွန်တော်နားစွင့်လိုက်၏။ ဆက်တိုက်တစ်ချက် ထွက်လာလေမလားအသိဖြင့် နားစွင့်နေခြင်းဖြစ်၏။ သို့ဆိုပါလျှင် ကျွန်တော်သေနတ်သံကြားရာသို့ ပြေးသွားရပေလိမ့်မည်။

သို့ပေမင့်လို့ ကျွန်တော်သေနတ်သံ ၂ ချက်ဆက်တိုက် ထွက်လာခြင်းကို မကြားရသဖြင့် ထိုတစ်ချက်အသံသည် လင်းမြင့်လှိုင် သားကောင်ပစ်လိုက်ခြင်းဖြစ်မည်ဟု တွက်လိုက်ကာ ရှေ့ဘက် လျှောက်လာရာမှ ချောင်းကွေ့လေးသို့ရောက်သည်တွင် တောကြောပေါ် တက်သွားလိုက်ချေတော့၏။ သို့မှ

ကျွန်တော်သည် လာလမ်းကို ပြန်ကြည့်မိ၏။ ကျွန်တော်နှင့် ထိပ်တိုက်ဆုံခဲ့သည့်လူကို ကြည့်လိုက်ခြင်းဖြစ်၏။

"ဟင်"

ကျွန်တော်ပင် အမြင်မှားလေသလား။

ကျွန်တော်နှင့် ချောင်းတွင် ထိပ်တိုက်ဆုံခဲ့သူသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ခပ်လှမ်းလှမ်းသို့ရောက်သွားသည်တွင် ခုန်ပေါက်ပြေးသွားခြင်းသည် လူတစ်ယောက်နှင့်မတူ မျောက်ကောင်နှင့်တူလေတော့၏။

သည်လူ စိတ်မှန့်ရဲ့လားမသိချေ။

ရုတ်ခြည်း သတိတစ်ချက်ရလိုက်သည်တွင် ထိုမှ ချောင်းတွင်းပြန်ဆင်းလိုက်ရန် ကျွန်တော်ဆုံးဖြတ်မိတော့၏။ ဘယ့်တွက်မှု ထိုသူမျောက်လူဖြစ်လေမလား အသိကြောင့်ပင်။

သို့ကြောင့် ကျွန်တော်သည် ချောင်းတွင်းသို့ ပြန်ဆင်းလိုက်ချေ၏။

ထိုသူသည် ကျွန်တော် ချောင်းတွင်ပြန်ရောက်သည်တွင် ချောင်းထဲတွင်ရှိမနေပါချေ။ ဘယ်ရောက်သွားပါလိမ့်။

"အုဝ··· အုဝ··· အုဝ···"

ဘုရားရေ ချောင်းတဘက်ကမ်းမှ သို့အသံပေးခြင်း ကြားလိုက်ရချေ၏။

သေချာလေပြီ ထိုသူကို ကျွန်တော် မရမကလိုက်ရှာရပေရော့မည်။ သို့အတွေးကြောင့် ကျွန်တော် ထိုအသံကြားရာသို့ ပြေးသွားလိုက်ချေတော့သည်။

သို့ကြောင့် ကျွန်တော်သည် ချောင်းကမ်းပေါ်ပြန်ရောက်သွား၏။

"အုဝ··· အုဝ···အုဝ···"

သစ်ပင်ကြီးတို့ပေါ်မှ သို့အသံကြားရ၏။ ကျွန်တော် မျက်ခြည်ပြတ်မခံ အသံကြားရာဘက်သို့ ကျွန်တော်အရောက်သွားခဲ့ချေ၏။ တပင်မှ တပင်ရောက်ခဲ့ပေပြား အသံမကြားရချေ။ အရိပ်အယောင်ပင်လျှင် မတွေ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com


သို့မှ

"ဟာ"

ကျွန်တော် ထိတ်လန့်သွားတော့၏။ ကျွန်တော် ဘယ်တွေ ရောက်နေသည်မသိပါတော့ချေ။ ကျွန်တော် ထိုအသံရှင်ကိုသာ ဂရု တစိုက်လိုက်ရှာနေလေသည်ကြောင့် ကျွန်တော် ဘယ်ရောက်လို့ ရောက်မှန်းမသိပါတော့ချေ။

သို့အသိဝင်လာသည်နှင့် ကျွန်တော်တို့ ချိန်းဆိုထားသည့် သစ်ပုတ်ပင်ကြီးရှိရာ တောင်ကြောကို လှမ်းကြည့်လိုက်၏။

ဘုရားရေ သစ်ပုတ်ပင်ကြီးရှိရာ တောင်ကြောကို ကျွန်တော် မမြင်ရသေးပါလား။ အချိန်သည်လည်း တစတစ ကုန်လွန်ခဲ့သည်ဖြစ် သည်ကြောင့် မှောင်စပျိုးပေရော့မည် ဘုရားရေ· ·

ကျွန်တော် လာလမ်းအတိုင်း ပြန်ခဲ့ချေတော့၏။ ကျွန်တော် သစ်ပုတ်ပင်ကြီးတောင်ကြောကို ရှာမှဖြစ်ပေမည်မဟုတ်ပါကလား။

သို့ ခဏကြာသော်

"အုဝု· · · အုဝု· · · အုဝု· · ·"

သို့အသံကို လာသည့်လမ်းနောက်ဘက်တွင်မှကြားရပေမင့် ကျွန်တော် စိတ်မဝင်စားပါတော့ချေ။ သစ်ပုတ်ပင်ကြီးရှိရာတောင် ကြောသို့ သွားနိုင်ရန် ရှာဖွေရပေရော့မည်။

ကျွန်တော် စိတ်လောနေသည် သိလေသဖြင့် ခေတ္တမျှနား နေလိုက်၏။ ကျွန်တော် တိတ်တိတ်ဆိတ်ဆိတ်လုပ်လိုက်ခြင်းဖြစ်၏။

အတန်ကြာတွင် ကျွန်တော် စိတ်ငြိမ်စပြုလာပြီးပြီးချင်း နေရာမှ ထလိုက်ပြန်၏။

ရှေ့တောတိုးခဲ့ချေသည်မှ ကျွန်တော် သစ်ပုတ်ပင်ကြီးရှိရာ


www.burmeseclassic.com

www.burmeseclassic.com



တောင်ကြောကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားရပေသည်။ သို့ သစ်ပုတ်ပင်တောင်ကြော နေရာတွေ့ပြီဆိုတော့လည်း ကျွန်တော့်မှာပင်မှ အနည်းငယ်ပင် မရှိပါတော့ချေ။ သို့ခရီးကိုသာ ဦးတည်သွားရပေရော့မည်။

"အုဂု... အုဂု... အုဂု...."

ကျွန်တော် အပေါ်နောက်ဘက်မှ ထိုအသံကိုကြားရ၍ ဂက်ဘက်မှလိုက်လာကြသည်နှယ့် အသံတို့ကြောင့် နောက်လှည့်ကြည့် ပြန်လေသည်တွင် အသံတို့ပျောက်သွား၏။

ရှေ့ဆက်လျှောက်ပြန်လေသည်တွင် အသံတို့ ပေါ်ထွက်လာ ပြန်၏။ သို့ဖြစ်၍

"ဒိန်း"

လက်တွင်းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်ရချေတော့၏။

သို့ကြောင့် သစ်ပင်ထိပ်ကိုင်းများ လှုပ်ခါသွားကြတော့၏။ အကောင်အထည်ကိုတော့ဖြင့် မတွေ့ပါချေ..။

သေနတ်သံကြောင့် နောက်လှည့်ပြန်ပြေးသွားကြချေသည် ဖြစ်မည်။ ကျွန်တော် ရှေ့ဆက်လျှောက်ခဲ့ချေလေ၏။

သို့ဖြင့် ကျွန်တော်သည် သစ်ပုပ်ပင်ကြီးတောင်ကြော အခြေသို့ ရောက်လာခဲ့တော့၏။

"ဟူး.. တော်ပါသေးရဲ့.."

ကျွန်တော်သည် ခေတ္တမျှ အောက်ဘက်တွင် နားနေလိုက်ပြီး နောက်တောင်ကြော ပေါ် တက်လိုက်ချေတော့၏။

တောင်ကြောသည် မတ်မတ်ဖြစ်ပေပြား တွယ်ကိုတက်စရာ သစ်ပင်တို့ရှိလေသဖြင့် ကျွန်တော်အလွယ်တကူပင် ထိုတောင်ကြော

www.burmeseclassic.com

www.burmeseclassic.com



ပေါ် တက်လိုက်နိုင်ချေတော့၏။

တောင်ကြောပေါ်သို့ သက်သောင့်သက်သာ တက်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

တောင်ကြောပေါ်ရောက်သည့်တွင် ကျွန်တော်သည် သစ်ပုပ်ပင်ကြီးရှိမည်ထင်သည့်နေရာသို့ လှမ်းကဲကြည့်လိုက်၏။

ထင်ထားသည့်နေရာမရှိသဖြင့် ဟိုသည်လှည့်ပတ်ကြည့်လိုက်ပေဖြား သစ်ပုပ်ပင်ကြီးကို မတွေ့သဖြင့် ကျွန်တော်တောင်ကြောအတက်များချေပြီ သိလေသဖြင့် ထိုတောင်ကြောအထက်တက်ရလေမလား စုန်ဆင်းရလေမလား ဝေခွဲမရဖြစ်ချေတော့၏။ သို့ရှိစဉ်

"ကွိစ် . ."

တောင်ကြောအထက်ဖက်မှ သို့ဆိုသလို တောကြောင်စာစ်ကောင်၏ အသံကြားသဖြင့် လှမ်းကဲကြည့်လိုက်၏။

သစ်တပင်ထက်မှ တောကြောင်တစ်ကောင်သည် သူ့အားမည်သူ လိုက်လံတိုက်ခတ်နေသည်မသိ . . သစ်ပင်ကိုင်းထက်မှ အော်ဘက်ငုံ့ကြည့်ကာ မာန်ဖီနေချေ၏။ ကုန်းကုန်းကွကွဖြစ်ချေ၏။ အမွေးတို့ ထိုးထိုးထောင်ထောင်ဖြစ်နေချေ၏။

ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့်လှမ်းချိန်လိုက်၏။

အတန်ကြာတွင် ထိုတောကြောင်ကောင်သည် အောက်ဖက်မှ သူ၏ ရန်သူမရှိ တော့ပြီဖြစ်တော့သည်ထင်၏။ မာန်ချလိုက်ပုံရ၏။ သို့မှ ဟိုဘက်ငုံ့စောင်းကြည့်နေရာမှ ကျွန်တော့်ထံ သူ၏ အကြည့်ရောက်လာလေ၏။

သည်တွင် သူ၏ အွန္တရာယ်ကို ရိပ်စားမိလိုက်ပုံ ထင်၏။ ရုတ်ခြည်းဆိုသလို သစ်ကိုင်းထက်မှ နောက်လှည့်ဦးသည် ခုန်သွား

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားမည့် အပြုတွင်

"ဒိန်း"

ကျွန်တော်လက်ဦးမှုရယူလိုက်ခြင်းဖြစ်တော့၏။

ကျွန်တော်ဆာလောင်နေပြီဖြစ်၏။

ကြောင်ကတိုးသားဖြင့် ဝမ်းမီးဖြည့်ရပေရော့မည်။

ကျွန်တော်သည် ထိုကြောင်ကတိုးကောင် ပြုတ်ကျသွားသည့် သစ်ပင်ရှိရာသွားလိုက်၏။

ခေါင်းတခြမ်းမရှိတော့ပါချေ··။

ကျွန်တော်သည် တောကြောင်ကောင်သေကို ကောက်ယူလိုက်ကာ ရှေ့ဘိုးလျှောက်လိုက်သည့်တွင် ခပ်လှမ်းလှမ်းတွင် ကျွန်တော်တို့ ချိန်းထားသော သစ်ပုပ်ပင်ကြီးကို မြင်လိုက်ရတော့၏။ ကျွန်တော်ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိချေ၏။ ထိုနေရာသို့ ကျွန်တော်ဦးဆုံး ရောက်သွားသူသာဖြစ်ချိမ့်မည်။

သို့ဆိုတော့ ကျွန်တော်သည် ထိုသစ်ပုပ်ပင်ရှိရာသွားရင်း လမ်းတွင်တွေ့ရသည့် သစ်ခြောက်ကိုင်းတို့ကို နိုင်သ၍ ကောက်ယူသွားလိုက်၏။ ထင်းမီးဖိုရန်အတွက်ဖြစ်၏။

သစ်ပုပ်ပင်အောက်ခြေရှင်းလင်းနေသဖြင့် ကျွန်တော်ထပ်မံပြုပြင်ရှင်းလင်းစရာ သိပ်မလိုပါပေ··။ သို့မှ ကျွန်တော်သည် သစ်ကိုင်း၊ ထင်းခြောက်တို့ကို ခပ်လှမ်းလှမ်းတွင် ထင်းမီးပုံအဖြစ် ဖန်တီးထားလိုက်၏။ မီးတော့မရှိသေးပါချေ··။ ကျွန်တော် ကြောင်ကတိုးကို အသားဖျက်ရပေဦးမည်။

သို့ဆိုတော့ ကျွန်တော် ရေလိုသည် တောင်ကြောအောက် ပြန်ဆင်းရပေလိမ့်မည်။ ကျွန်တော် ပတ်ဝန်းကျင်ကို လှည့်ကြည့် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အလိုလေး••ဟန်ကျလိုက်တာ•• တဖက်တောင်ကြောမှ မြင့်မောင်ဆင်းလာသည်ကို တွေ့လိုက်သဖြင့် သူတောင်ကြောအောက် ရောက်လေသည်တွင် ကျွန်တော်က လှမ်းအော်ပြောလိုက်၏။

"မြင့်မောင် ရေရှာခဲ့ချေဗျာ••"

ကျွန်တော့်အသံကို မြင့်မောင်ကြားပုံရ၏။ လက်ဟန်ခြေဟန်ဖြင့် အချက်ပြန်ပြလာလေ၏။ သို့ဆိုတော့ ကျွန်တော် ကြောင်းကတိုးကို အရေ စုပ်လိုက်လေ၏။ ဗိုက်ခွဲ၊ အူနှုတ်လိုက်၏။ အကောင်လိုက် တံစို့ထိုးထားလိုက်၏။

ကျွန်တော်လက်တွင်ပေနေသည့် သွေးတို့ကို သောက်ရေဖြင့် အကြမ်း ဆေးကြောလိုက်၏။

ကျွန်တော် ကြောင်သားတံစို့ထိုးပြီးချိန်တွင် မြင့်မောင်ကြီး ရောက်လာလေ၏။

"ကျွန်တော်လမ်းတလျောက် ဘယ်သားကောင်မှ မတွေ့ခဲ့ဘူးဗျာ• အချိန်မနည်းတော့ဘူးဆိုတော့ သည်ကို အရောက်လာခဲ့ရတယ်။ ကိုပိုက် သားကောင်ရတော့ တော်ပါသေးရဲ့•"

မြင့်မောင်ကြီးက

"အောက်မြောင်ထဲမှာတော့ ရေမရှိဘူး••မြောင်ကို စုန်ဆင်းမှ ရေရနိုင်မယ်ဆိုပေမင့် ဘယ်လောက်ဝေးဝေးသွားရဦးမလဲမသိလို့ ရေမပါဘူး••နောက်မှ သွားကြတာပေါ့••" လို့ပြော ပြီးနောက် သစ်ပင်အခြေတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

မြင့်မောင်ကြီးပြောပုံအရ ကျွန်တော်တို့ လမ်းခွဲကြပြီး ပြေးလိုက်သည့် သေနတ်သံသည် လင်းမြင့်လှိုင်ပစ်လိုက်ခြင်းပင် ဖြစ်နိုင်၏။ သို့ဆိုတော့ လင်းမြင့်လှိုင်ရောက်မလာသေးခြင်းသည် သူပစ်ခတ်ရရှိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော သားကောင်နှင့် ပက်သက်နေပေလိမ့်မည်။

သားကောင်ကြီးရ၍ ထမ်းပိုးလာရသည်လား‥ သို့မဟုတ် သားကောင်ကြီးကြီးရလာသည်ကြောင့် ထိုနေရာတဝိုက် ဝံနုတ်၊ သစ်နုတ် သမားများကို ရှာ၍ အသားဖျက်ယူနေခြင်းကြောင့်များလား‥။

သို့ ကျွန်တော်၏ တွက်ဆမှုသည် လင်းမြင့်လှိုင်ပြန်လာသည် တွင်မတော့ မှားယွင်းသွားသည်ကို သိလိုက်ရပေတော့သည်။

"ကျွန်တော်မျောက်လူကိုတွေ့၏။ အသေပစ်လို့ မဖြစ်ဘူးလေ။ သည်တော့ခြောက်လှန့်ပစ်လိုက်တယ်‥။ အံ့ဖို့ကောင်းတယ်ဗျာ‥သည်လူ လုံးဝကြောက်စိတ်မရှိဘူးဗျ‥သူ့ကို ထိအောင်မပစ်ဖူးဆိုတာ သိနေတာ လေလားမသိဘူးဗျာ‥ မထေမဲ့မြင်ပြုပြီး သစ်ပင်ကိုင်းမှာ ခုန်လွှား ထွက်သွားလေတော့တာပဲ ‥ ကျွန်တော် အသေပစ်ချင်စိတ် ပေါက်လာတာပဲ‥နို့ပေမင့် ကျွန်တော်စိတ်ထိမ်းလိုက်ပါတယ်ဗျာ‥။ "တောက်" လုံးဝတော့မကျေနပ်ဘူးဗျ‥"

သို့ပြောလေသဖြင့် ကျွန်တော်က တောကြောင်သားရလာလေ ကြောင်း ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံပင်‥။

"တော်သေးတာပေါ့နော်‥ နို့မဟုတ်‥ကျွန်တော်တို့တွေ သည်ညနေ ဗိုက်မှောက်နေရတော့မှာ‥"

သို့မှ ကျွန်တော်တို့သည် ခြေလက်ဆေးကြောရန် သုံးယောက် သာ တောင်ကြောအောက် မြောင်သို့ ပြန်ဆင်းကာ ထိုမြောင်အတိုင်း စုန်ဆင်းလာရာမှ ချောင်းငယ်တစ်ခုသို့ ရောက်သည်တွင် ရေရှိလေသဖြင့် ခြေလက်ဆေးကြောလိုက်ကြတော့၏။

မှောင်စပျိုးအချိန်ရောက်နေပြီကော‥ ။

www.burmeseclassic.com

www.burmeseclassic.com


"ဓါတ်မီးမယူလာမိတာ မှားတာပဲ••"

ခြေလက်ဆေးကြော ရေခပ်ယူပြီး ချောင်းမှ အပြန်ခရီးတွင် သို့မြင့်မောင်က ညည်းညူလေကော့ ၏။

"သည်အတက်လေးပါဗျာ•• တောင်ကြောသို့ပြန်ရောက်လျှင် အဆင်ပြေသွားမှာပါ••"

လင်းမြင့်လှိုင်ပြောသလို ကျွန်တော်တို့ စခန်းချမည့် တောင်ကြောသို့ ရောက်လေသည်တွင် အလင်းရောင်ရေးရေးတွေ့ရချေ၏။

သို့မှ ကျွန်တော်တို့သည် သစ်ပုပ်ပင်ရှိရာသွားလိုက်၏။

"ဟင်"

"အို"

"ဟာ"

ကျွန်တော်တို့စခန်း သစ်ပုပ်ပင်အခြေတွင် လူတစ်ယောက် သစ်ပင်ကျော်မှီထိုင်နေချေ၏။

ကျွန်တော်တို့ကို မျှော်နေပုံပင်••

မြင့်မောင်က ထိုသူ့ အနားသွားလိုက်ကာ••

"ဘယ်ရွာကလဲ •• အမဲပစ်ရင်း သည်ရောက်လာတာ လား••"

မေးလေ၏။

"အဲလိုဆိုလဲ ပြောလို့ရပါတယ်••"

"ဟင်••ဘယ်လိုကြောင့်ပါလိမ့်••သို့ကြောင့်••"

"အမဲပစ်ရင်း လမ်းမှားရောက်လာတာလား•• နို့ကြောင့် ကျွန်တော်တို့ဆီ အကူအညီတောင်းရအောင်ရောက်နေတာလား••"

ကျွန်တော်ကမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ထိုသူက ခေါင်းကို ခါယမ်းပြလာချေပြီး..

"သည့်တောင်ကြောတစိုက် ကျုပ် နယ်မြေပါဗျာ.. ဘယ်လိုဖြစ်နိုင်မှာလဲ..ခုဟာက ခင်ဗျားတို့ကို ကျုပ် ကူညီဖို့ ရောက်လာတာ.."

"ဗျာ."

"ဟင်.."

"ကျုပ်ဗမာလိုပြောတာ ရှင်းရှင်းလေးပါ. ခင်ဗျားတို့ကို ကူညီမလို့.."

"ဘာလို့လဲ..."

လင်းမြင့်လှိုင်က ခပ်ပြတ်ပြတ်မေးလိုက်၏။

"ခင်ဗျားတို့လမ်းမှားပြီး သည့်ရောက်လာကြလို့.."

သို့ဆိုတော့ ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး အဓိပ္ပါယ်ပါပါ ပြုံးလိုက်ကြကာ

"လုံးဝမဟုတ်ဘူး.."

ပြိုင်တူပြောလိုက်မိချေတော့၏။

"ဟုတ်ပါတယ်..ခင်ဗျားတို့အတွက်တော့ လမ်းမှားလာတာ မဟုတ်ပေမင့်..ကျုပ်တို့အတွက်တော့ ခင်ဗျားတို့တွေလမ်းမှားပြီး ကျားအုပ်ထဲ ကျွံဝင်လာတာလို့ သတ်မှတ်တာ.."

"ဗျာ.."

"ဟင်.."

"ဟုတ်တယ်..ကျားအုပ်ထဲ ကျွံဝင်လာတာ..နို့ကြောင့် သည်ကနေ လှည့်ပြန်ကြချေ. ဘယ်ပြန်မလဲ ပြန်လမ်းပြပေးလိုက်မယ်"

ထိုသူက သို့ပြောပြီး ထိုင်ရာမှ ထလိုက်၏။ ယူနှင့် လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြီးမားလှသော ဒူးလေးကြီးကို ကိုင်ဆောင်ထားခြင်း ဖြစ်ချေ၏။

"ကျုပ်တို့ သည်မယ် ညအိပ်စခန်းချမှာ·· ဘယ်လိုလုပ်·· သည်ကနေ ထွက်လို့ဖြစ်မှာလဲ·· ကျုပ်တို့ သည်မယ်အိပ်ရုံအိပ်မှာ။ ခင်ဗျားတို့ပြောတဲ့ ကျားအုပ်ထဲ ကျွဲဝင်လာသလိုဖြစ်လျှင်လဲ လာမယ့် ဘေးပြေးတွေ့ရုံပေါ့··"

မြင့်မောင်က ပြောလိုက်၏။

"မင်းက စိတ်ဆိုးလွယ်တယ်·· ကျုပ်ပြောတာ··ခင်ဗျားတို့ ကောင်းကျိုးတွက်ပြောရတာ··"

"ဘာလို့လဲဗျာ ··"

ကျွန်တော်က ကြားဝင်ပြောလိုက်၏။

"ဆိုင်သမှ သိပ်ဆိုင်··"

"ပြောပါဦး··"

"သည်မယ်··လူ့တိရစ္ဆာန်တွေရှိတယ်·· သူတို့က ခင်ဗျားတို့ကို ဒုက္ခပေးလိမ့်မယ်··နို့ကြောင့် ကျုပ်သတိပေးရတာ··"

"ဘာဗျ·· ဘယ်လို·· လူ့တိရစ္ဆာန်ပဲဗျာ··"

လင်းမြင့်လှိုင်က မေးလိုက်၏။

"ခင်ဗျားတို့·သည်နားမယ် ဆက်နေကြဦးမယ်ဆိုလျှင် တွေ့ကို တွေ့ရလိမ့်မယ်။ ကောင်းပြီလေ·· ကျုပ်တာဝန်ဆုံးပြီ··ကျုပ်သွားတော့မယ်··"

"နေပါဦး··ခင်ဗျားက ဘယ်သွားအိပ်မှာလဲ··"

"ဘယ်သွားရမလဲ·ကျုပ်နေရာ ပြန်မပေါ့··ဟွန်း··"

"နို့တော့သိတာပေါ့··သည်ထက်ပြည့်ပြည့်စုံစုံ ပြောနိုင်လေ မလားလို့ပါ··"

www.burmeseclassic.com

www.burmeseclassic.com



"အော်·· သဘောပေါက်ပြီ၊ကျုပ်နှာမည် "ဆုယင်" ပါ· နေတာက ရှေ့တာကြောက တဲစုမှာ·· ကျုပ်တဲစုရဲ့လူကြီးက ကျုပ်ပဲ ခင်ဗျားတို့ကို လာသတိပေးတာ·· ကျုပ်တို့ နယ်ဇုမြေကနေ ထွက်သွား··နို့မှမဟုတ်·· လူတိရိစ္ဆာန်တွေနဲ့ဆုံရလိမ့်မယ်··"

"နို့တော့လဲ ခင်ဗျားက ကျွန်တော်တို့အကြောင်း သိနေပြီပဲ၊ အဲဒီလူတိရိစ္ဆာန်တွေကို ပြောပြချေပေါ့·· နက်ဖြန်စောစော သည်ကနေ ထွက်သွားမှာပါ··"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ထိုသူက သေချာစွာ စူးစိုက်ကြည့်နေလိုက်ချေပြီး··

"ခင်ဗျားကို ကျုပ်ယုံတယ်·· အတတ်နိုင်ဆုံး ကျုပ် သူတို့ကို ပြောပြမယ်··ကဲ ကျုပ်သွားမယ်·· ကတိတည်ပါစေ··"

သို့ပြောပြီး ·· ထိုသူသည် လှစ်ခနဲ ပြေးထွက်သွားသည်မှာ ဇောင်းထဲမှ လွှတ်လိုက်သော မြင်းကဲ့သို့ဖြစ်ချေတော့၏။

"ကိုလင်း· ဘာလို့ သည်ကနေ နက်ဖြန် ထွက်သွားမယ် ကတိပေးလိုက်တာလဲ ကျွန်တော်တို့က မျောက်လူတွေကိုတွေ့အောင် ရှာကြမယ်ဆို··"

ကျွန်တော်က ပြောလိုက်ခြင်းဖြစ်၏။

"ကျွန်တော်သည်ကနေထွက်သွားမယ်ဆိုတာ တကယ်သွားမှာမို့ပြောလိုက်တာ··· နို့ပေမင့် ကျွန်တော်ဘယ်ကိုသွားမယ်လို့တော့ သူ့ကို မပြောလိုက်ဘူးလေ··"

အလိုလေးဗျာ· သို့မှ ကျွန်တော် သဘောပေါက်လိုက်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်းက တကယ်ပဲဗျာ ·· စကားပြော ဆင်ဆင်ခြင်ခြင် ရှိတယ် ·· ကတိလည်းဖျက်စရာမလိုတော့ဘူးပေါ့ ··၊ ဟုတ်ပါပြီ ကိုလင်းဘယ်လို စိတ်ကူးထားလဲ··"

"သည်လူကိုကြည့်ရတာ ခြေလျင်လျှောက်လာတာဗျ ·· သူ့ခြေရာကို မနက်ကျရှာပြီး သူ့တဲစုဆိုတာကို လိုက်သွားမယ်· ·"

"ကောင်းပါ့မလား··"

"နို့မှ ကျွန်တော်တို့တွေ့ချင်တဲ့ မျောက်လူတွေကို တွေ့မှာလေ"

"မျောက်လူတွေက အဲဒီတဲစုကလို့ ထင်နေတာလား··"

မြင့်မောင်ကမေးလေ၏။

"အဲ့လိုမဟုတ်ဘူး·· သည်လူ ခုဟယင်နဲ့ သူပြောတဲ့ လူတိရစ္ဆာန်တွေဆိုတာ အဆက်အသွယ်ရှိနိုင်တယ်··နို့ဆိုတော့ ကျွန်တော် တို့ လူတိရစ္ဆာန်တွေနဲ့ တွေ့လျှင် မျောက်လူကိုတွေ့သလို များဖြစ်လေမလားလို့··"

"ဗျာ"

"ဟင်"

လင်းမြင့်လှိုင် သို့ဆိုလေမှ ကျွန်တော်သဘောပေါက်သွားချေတော့၏။ ထိုသူပြောသည့် လူတိရစ္ဆာန်တွေဆိုသည်မှာ ကျွန်တော်တို့ ခြေရာခံလိုက်နေတဲ့ မျောက်လူတွေမဖြစ်နိုင်ဘူးလား···။

သို့မှ ကျွန်တော်တို့သည် ကြောင်သားမီးကင်အမြည်းလုပ်၍ ဝီစကီ သောက်ကာ နားနားနေနေ နေလိုက်ကြတော့၏။

ကြောင်သားလည်းကုန် ဝီစကီလည်း ၂ ပြားသောက် ကုန်သွားသည်တွင် သစ်ပင်ကျောမှီ အိပ်လိုက်ကြတော့၏။

ကျွန်တော်တို့မအိပ်မီ ထင်းမီးပုံကို ထင်းချောင်းကြီးများ ထပ်ဖြည့်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်၏။

မီးတောက်ရဲရဲမီးပုံကြီးက ကျွန်တော်တို့အား သားရဲကောင်တို့၏ အန္တရာယ်ကို တားဆီးပေးနိုင်သည့် မဟုတ်ပါကလား••။

သို့မှ ကျွန်တော် အိပ်ပျော်သွားသည်တွင် ••

"အုဝှ••အုဝှ••အုဝှ••"

"အုဝှ••"

အလိုလေးဗျာ•• သို့အသံကြောင့် ကျွန်တော်မျက်လုံးဖွင့်လိုက်၏။ အသံလာရာသို့ လှမ်းကဲကြည့်လိုက်၏။

ဘုရားရေ••ကျွန်တော်တို့ စခန်းပတ်ပတ်လည်တွင် လူရိုင်းများ စုဝေနေသလားထင်ရချေ၏။

ကျွန်တော့် လက်တွင်းရှိသေနတ်ဖြင့် ခြောက်လှန့်ပစ်ရကောင်းနိုးစဉ်းစားနေချိန်တွင်

"ကိုပိုက် မစဉ်းစားနဲ့•• အိပ်ပျော်အောင်အိပ်ပါ•• သူတို့ ကျွန်တော်တို့ကို ဒုက္ခမပေးလောက်ပါဘူး•• ခြိမ်းခြောက်တာလောက်ပဲ ဖြစ်မှာပါ••"

အလိုလေးဗျာ•• လင်းမြင့်လှိုင်သိနေပါကောလား••။

သို့ဆိုတော့ ကျွန်တော် သေနတ်ကို နံဘေး ပြန်ချလိုက်၏။ မျက်လုံးအစုံကို မှိတ်လိုက်၏။ ကျွန်တော် လင်းမြင့်လှိုင်ကို ယုံခြင်းဖြစ်၏။

သို့မှ ကျွန်တော်အိပ်ပျော်သွားလေသည်။

နောက်တနေ့နံနက်တွင် ကျွန်တော်တို့သည် နံနက်ခင်းစာ စားသောက်ကြပြီးနောက် ထိုနေရာမှ ထွက်ခဲ့ကြ၏။

တောတိုးသွားလာကြရင်း ကျွန်တော်က ညက အသံများ

www.burmeseclassic.com

www.burmeseclassic.com



ကြားသည်နေရာသို့ ရောက်လာကြသည်တွင် မြေပြင်၌ ခြေရာတွေ့လိုတွေ့ငြားရှာကြရန် ကျွန်တော်က အကြံပေးလိုက်၏။

ကျွန်တော်က ပြောသည့်အတိုင်း လင်းမြင့်လှိုင်သည်လည်း မြေပြင်တွင် ခြေရာတို့သာမဟုတ်··· ခြေရာလက်ရာတို့ရှိလိုရှိငြား နံဘေးချုံပုပ်ပင်ကိုင်းခက်၊ သစ်ပင်တို့တွင် ရှာကြည့်လေ၏။

အံ့ဖွယ်ကောင်းသည်မှာ မည်သည့်ခြေရာ မည်သည့်သက်သေ အမှတ်အသားတို့ပင် ရှာမတွေ့ပါချေ··။

"သည်ကောင်တွေ သစ်ပင်ပေါ်ကနေ အော်ဟစ်နေကြတာများလား"

ကျွန်တော်က သစ်ပင်များပေါ် မော့ကြည့်ပြောလိုက်၏။

"မျောက်တွေဖြစ်မပေါ့··"

မြင့်မောင်က ပြောလေ၏။ သစ်ပင်တို့တွင် နွယ်တို့မှီ တွယ်နေသည်အပင်များများကိုတွေ့ရပေ၏။

သို့ပေမင့် မျောက်ကောင်တို့ နေထိုင်သွားလာခြင်း သဲ့သယဖြစ်စရာပင် ခြေရာလက်ရာ မရှိပါချေ··။

"တောခြောက်တာများလား··"

သို့ကျွန်တော်က တွက်ဆပြောလိုက်ခြင်းဖြစ်၏။

"ထူးဆန်းတာတော့အမှန်ပေပဲဗျ·· မျောက်ကောင်တွေဆိုလျှင်ဖြင့် တိရိစ္ဆာန်တွေဆိုတော့ကာ ခြေရာလက်ရာကို ဖျောက်ဖျက်တာတွေဘာတွေ ဘယ်လုပ်ပါ့မလဲ· ခုက ခြေရာလက်ရာပျောက်ဆိုတဲ့သဘောဖြစ်နေပြီ··"

သို့ လင်းမြင့်လှိုင်က ပြောလေ၏။

"ဟုတ်ပါပြီ နို့ဆိုတော့··ကိုလင်းပြောတဲ့ မျောက်လူ့တွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မပေါ့..."

"ကျွန်တော်တို့တော့ စောင့်ကြည့်နေရုံပဲရှိတော့တယ်ဗျာ.."

မြင့်မောင်က သို့ပြောကာ ရေမှ လျှောက်သွားလေတော့၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း သူ့နောက်လိုက်သွားကြတော့၏။

သို့မှ ကျွန်တော်တို့သည်စမ်းချောင်းလေးတစ်ခုသို့ ရောက်လာကြ၏။ ရေကြည်စမ်းချောင်းလေးဖြစ်သည်ကြောင့် ထိုစမ်းချောင်းနံဘေးရှိ ကျောက်တုံးကျောက်ခဲတို့ပေါ်တွင် ထိုင်နားလိုက်ကြပြီး စမ်းချောင်းရေမှ ရေကြည်လေးကို လက်ခုပ်ဖြင့် ခပ်ယူသောက်လိုက်ကြ၏။ ပြီး မျက်နှာသစ်လိုက်ကြ၏။ သည့်နောက် ဂုတ်ပိုးကို တဖျန်းဖျန်း ရေပက်ဖျန်းလိုက်ကြတော့၏။

လူတကိုယ်လုံး လန်းဆန်းသွားသည်ဟု ထင်ရ၏။

သို့မှ

"ဟာ"

လင်းမြင့်လှိုင်က စမ်းချောင်းလေးအတွင်း စီမျောလာသည့် ပန်းလေးတပွင့်ကို ကောက်ယူလိုက်ချေပြီး..

"ကိုပိုက်ရေ..သည်စမ်းချောင်းအထက်ပိုင်းလေးမှာ သစ်ခွပင်ကောင်းကောင်းရှိတယ်ဗျ.. ဘယ်လိုလဲ သွားရင်းလာရင်း သစ်ခွခူးသွားကြမလား.."

ကျွန်တော်သည် သစ်ခွပင်စိုက်ဝါသနာပါသည်သိသဖြင့် သို့ လင်းမြင့်လှိုင်က မေးလာခြင်းဖြစ်၏။

"မှန်း.. ဘာသစ်ခွတုန်း.."

လင်းမြင့်လှိုင်လက်ထဲမှ သစ်ခွပွင့်ကိုလှမ်းယူလိုက်၏။

"ရတနာရွှေခက် သစ်ခွပါကလား.."

www.burmeseclassic.com



"နို့ဖြင့် ကျွန်တော်တို့ သည်မယ်နားကြပြီး သည့်စမ်းချောင်းလေး အတိုင်း အထက်ကို သွားကြတာပေါ့.."

သို့ ကျွန်တော်က ပြောလိုက်၏။

"သစ်ခွအုံကိုတွေ့လျှင် အပွင့်များများနဲ့ အခက်ပါတွေ့နိုင်တယ်။ ဘာလို့လဲဆိုတော့ သည်အပွင့်က ခုမှကြွေပြီး ရေထဲကျမျောလာတာ လေ.."

လင်းမြင့်လှိုင်က ပြောလေ၏။

"တစုံတရာနဲ့ ထိခိုက်ပြီး ကြွေကျလာတာ မဖြစ်နိုင်ဘူးလား"

မြင့်မောင်ကြီးက ပြုံးစစမျက်နှာပေးဖြင့် လင်းမြင့်လှိုင်ကို မေးလေခြင်းဖြစ်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်ချေပြီ..။

"သည်ပန်းပွင့်မယ် ထိခိုက်ထားတာမတွေ့ဘူး.. ပြီးတော့ အကိုင်းအညှာတံကနေ ပြတ်ကျလာတာလေ..နို့ဆိုတော့ လေတိုက်လို့ ပေါ့.."

"တခိုင်ထဲက အပွင့်ဆိုလျှင်ဖြင့် အတော်များများ ကြွေရမပေါ့"

ကျွန်တော်က ပြောလိုက်၏။ ပြီးလင်းမြင့်လှိုင်မျက်နှာကို အကဲခတ်လိုက်၏။ လင်းမြင့်လှိုင် မည်သို့ပြောမည်နည်း.. ကျွန်တော့် အမေးက ခိုင်လုံသည့် အမေးမဟုတ်ပေဘူးလား.."

လင်းမြင့်လှိုင်က ကျွန်တော်အား ယဲ့ယဲ့ပြုံးပြလာချေပြီး..

တခိုင်တည်းမှာ သီးတဲ့ငှက်ပျောသီးတိုင်းကောင်းလို့လား.. ပြီးတော့ဗျာ..တခိုင်လုံးမယ် တစ်လုံးတည်းကွက်ပြီး ကြွေတဲ့ ပြုတ်တဲ့ သဘော ရှိတယ်မဟုတ်လား.."

လင်းမြင့်လှိုင်က သို့ပြောပြီးရှေ့ခက်လျှောက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ကျွန်တော် မည်သို့မျှ စောဒက မတက်နိုင်ပါတော့ချေ‥။ လင်းမြင့်လှိုင်နောက်ကလိုက်သွားချေတော့၏။

သို့စမ်းချောင်းငယ်လေးအအတိုင်း အထက်သို့ တက်ခဲ့ကြရာမှ သစ်တပင်ကိုင်းထက်တွင် မျောက်ကောင်ကိုတွေ့လေသဖြင့်

"ဒိန်း"

လင်းမြင့်လှိုင်က လျှပ်တပြက်ပစ်လိုက်ခြင်းဖြစ်၏။ ကျွန်တော်က မျောက်ကောင်ကို တွေ့မြင်ရုံရှိသေး လင်းမြင့်လှိုင်က ပစ်လိုက်ခြင်းဖြစ်တော့၏။

ကျွန်တော်တို့မျောက်ကောင်ကို နံနက်ခင်းစာ စားရပေရော့မည်။ စမ်းချောင်းအထက်တွင် မည်သည့်သစ်ခွပင်မျှ မတွေ့ပါချေ‥။

သို့ဆိုတော့‥

"ကျွန်တော်တို့ ဆာပြီဗျာ‥ မျောက်ကောင်ကို အသားဖျက်မီးကင်စားကြတာပေါ့‥"

မြင့်မောင်က ပြောလေ၏။

သူပြောလေသည့်အတိုင်း ကျွန်တော်တို့နားလိုက်ကြ၏။

စမ်းချောင်းလေးနှင့် မဝေးလောက်သောနေရာရှိ သစ်ပင်အောက်တွင် စခန်းချလိုက်ကြခြင်းဖြစ်၏။

ထင်းခြောက်များကို စုဆောင်း ရပေမည်။

မျောက်ကောင်ကို အသားဖျက်ပြီး တံစို့သိုးလိုက်ပြီး မီးကင်ရန်အလို့ငှာ ကျွန်တော်သည် စမ်းချောင်းတဖက်ကမ်းသို့ တက်ကာဟိုသည်လျှောက် ထင်းခြောက်ရှာ လိုက်ချေ၏။

သို့မှ ကျွန်တော်သည် ခပ်လှမ်းလှမ်းနေရာလေးတွင် လူတစ်ယောက်ကို ရိပ်ကနဲ တွေ့လိုက်သဖြင့် သေချာစူးစိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ ကျွန်တော်မြင်သွားမှန်းသိသဖြင့် လှည့်ပြေးထွက်သွားတော့၏။ လှမ်းတားချိန်ပင်မရလိုက်ပါချေ..။

ဘယ်လိုကြောင့် သည်လူ ကျွန်တော်ကို ချောင်းမြောင်းနေတာပါလိမ့်.။ ကျွန်တော့်ကို ဒုက္ခပေးမလို့များလား မသိပါချေ..။

သို့ဆိုတော့ သူ၏အကြံအစည်အောင်မြင်နိုင်လိမ့်မည်မဟုတ်။ ဘယ့်တွက်မူ ကျွန်တော့်တွင် ကျည်အပြည့်နှင့် သေနတ်ပါနေသည်ကိုး..။

သို့မှ ကျွန်တော်သည် ထိုသူနောက်သို့ လိုက်ရကောင်းနိုးနိုး စဉ်းစားနေ၏။ သို့ရှိစဉ်

ကျွန်တော်အမြင်မှ ပြေးထွက်သွားသောသူသည် ရုတ်ခြည်းဆိုသလို ပြေးသွားရာဘက်မှ ရေးကြီးသုတ်ပြာဖြင့် ပြန်လှည့်လာသည်ကို တွေ့လိုက်တော့၏။

သို့ဆိုတော့ ကျွန်တော်ထိုသူကို ဟန့်တားလိုက်ရလေတော့၏။

"ဒိန်း"

သေနတ်သံကြောင့် ထိုသူ ပြေးလွှားခြင်းမှ ရပ်တန့်လိုက်ကာ ကျွန်တော့်အား အကူအညီတောင်းရန် မျက်နှာသေဖြင့် ကြည့်နေလေခြင်းကြောင့်

"သည်ကိုပြေးခဲ့ပါ.. အန္တရာယ်မရှိပါဘူး.."

သို့ဆိုတော့ ထိုသူသည် နောက်ဘက်ကို လှည့်ကြည့်လိုက်ပြီး ကျွန်တော်ရှိရာသို့ အပြေးကလေးရောက်လာချေတော့၏။

"ဘယ်လိုဖြစ်ရတာလဲ. ကျွန်တော်အမြင်ကနေပြေးထွက်သွားတာမဟုတ်လား.."

ကျွန်တော်က မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်··ခင်ဗျားကို ကျုပ်မြင်လို့ ပြေးထွက်သွားတာပါ။ နို့ပေမင့် ခင်ဗျားထက် အန္တရာယ်ပိုပေးနိုင်ခဲ့သူရှိတယ်လေ။ ခင်ဗျားက တော့ လူလေ·· ပြဿနာမရှိနိုင်ဘူးထင်တယ်··"

ထိုသူစကားကြောင့် ထိုသူနှင့် ဆုံခဲ့သည်ဘာကောင်ဆိုသည် ကို သိလိုလှသဖြင့် ကမန်းကတန်းလှမ်းကြည့်လိုက်ရင်း

ထိုသူ ကျွန်တော့်အမေးကိုမဖြေ' နောက်သို့သာ လှည့်ကြည့် နေလေ၏။ ဘာကောင်ပါလိမ့်·· ကျွန်တော်လည်း စေ့စေ့ကြည့်နေ လိုက်၏။

သို့မှ

"ဟာ"

မြင်လိုက်ရသောမြင်ကွင်းကြောင့် ထိုသူအား ကျွန်တော် စိတ်ပျက်စွာဖြင့် ကြည့်လိုက်ချေပြီး··

"ခင်းဗျားထက် အသက်အရွယ်ကြီးကြီး ပိန်လှီတဲ့သူကို ကြောက်ပြီး ပြန်ပြေးလာရတယ်လို့ဗျာ·· အံ့ပါ့ ခင်ဗျား စိတ်ကော မှန်သေးရဲ့လား။ မသကာဆို ကျွန်တော်ကိုကြောက်ရမှာ·· ကျွန်တော် လက်ထဲမယ် သေနတ်ရှိတယ်· ပြီးတော့ ခင်ဗျားကိုလှမ်းပစ်တယ်·· ဘယ်လိုတုန်းဗျာ··"

သို့ ကျွန်တော်ကပြောလည်းပြော သူနောက်လိုက်လာသူကို လည်းကြည့်လိုက်၏။

ပိန်ပိန်သွယ်သွယ်··ခါးရှည်ရှည်ဖြစ်ပုံရ၏။ အသက်အားဖြင့် ၇၀ လောက်ရှိချိမ့်မည်။ လက်ထဲတွင်မတော့ အရိုးရှည်ချောင်းတစ်ချောင်းပါ လာ၏။ လူ့လက်ဖျံရိုးလား·· သတ္တဝါကောင်တစ်ကောင်၏ ခြေသလုံး ရိုးလားတော့ဖြင့် မသိချေ·· ထိုသူက ကျွန်တော်တို့ မြင်သည်နှင့်

www.burmeseclassic.com



သူ့သားကောင်နောက် လိုက်နေရာမှ ရုတ်ခြည်းထွက်ပြေးသွားချေတော့၏။

"တွေ့လား· ခင်ဗျားကြောက်ရတဲ့သူတောင် ကျွန်တော့်ကို ကြောက်ပြီး ပြန်လည်ပြေးသွားပြီ··"

သို့ ပြောလိုက်သည်တွင် ထိုသူက

"ခင်ဗျား ဘာမှ မသိပါဘူး··မင်းသူတို့နဲ့ ဆုံဖူးကြုံဖူးမှ သူတို့ အကြောင်း သိမှာ အင်မတန် ရက်စက်တဲ့လူတွေကွ· ငါတို့တွေ သူတို့ကို အမြဲရှောင်ကြရတယ်။ ထိတ်တိုက်တွေ့လို့ကတော့ မလွယ်ဘူးနော်·· ကြည့်ရတာသာ ပိန်ပိန်လေးရယ်·· သန်မာသလား မမေးနဲ့·· ခင်ဗျားမြင်တာ အဖိုးအိုတစ်ယောက်နော်··ဟုတ်လား··"

"ဟုတ်တယ်· အသက် ၇၀ လောက်တောင်ရှိမယ်ထင်တယ်"

"သွားစမ်းပါ··နို့က အမြင်ပဲ· သူ့အသက်ရှိလှ နှစ်ဆယ်ပေါ့"

သို့ပြောလာသည့် သူ့ကို ကျွန်တော် စိတ်ပျက်စွာ ကြည့်မိပြန်၏။ ထိုသူသည် ကျွန်တော့်ထက် အသက်ကြီးပုံရသဖြင့်··

"ခင်ဗျားစိတ်မှန်ပါတယ်နော်·· သည်လူဘယ်သူလဲ· ဘယ်ကလဲ·· ဘာလို့သည်လောက်ကြောက်စရာကောင်းတာလဲ··"

ကျွန်တော့်အမေးကြောင့် ထိုသူနောက်သို့ တစ်ချက် လှည့်ကြည့်လိုက်ချေပြီး··

"ခင်ဗျားသိချင်လျှင် ကျွန်တော်ပြောပြမယ်· သည်မှာပြောလို့တော့ မဖြစ်ဘူး။ တော်ကြာနေ သူ့လူစုနဲ့ ပြန်ရောက်လာနိုင်တယ်··"

"ခင်ဗျားပြောတာ သည်နေရာက မြန်မြန်ခွာကြမယ်ဆိုတဲ့သဘောလား··"

"အဲလို မှတ်လိုက်ပါ··"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ . ."

"ကျွန်တော် ထိုသူအား စိတ်ဝင်စားသလို သူနောက်လိုက် သူကိုလည်း စိတ်ဝင်စားသဖြင့် သူပြောသည့်အတိုင်း လုပ်ရန် ဆုံးဖြတ် လိုက်၏။

"ဟုတ်ပြီ . . ကျွန်တော်နဲ့ လိုက်ခဲ့ချေ . . ဟိုမယ် ကျွန်တော် လူ နှစ်ယောက်ရှိသေးတယ် . ."

"ခင်ဗျားပြောတာ အဲဒီလူနှစ်ယောက်က သူတို့ကို တားဆီးနိုင် တဲ့သဘောလား . ."

သူကသို့ မေးလာချေ၏။

"ဘာလို့မဖြစ်နိုင်ရမှာလဲ . . သူတို့မှာလဲ သေနတ်ကိုယ်စီရှိတယ်" သို့ ကျွန်တော်ကပြောလိုက်၏။

သို့ဆိုတော့ ထိုသူ တွေဝေသွားလေပြီး . .

"အင်းလေ . . သေနတ်ကိုတော့ လူတိုင်းကြောက်ကြသလိုပဲ။ ဖြစ်နိုင်ပါတယ် . . သည်မှာ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တည်းဆိုတာ ထက် ပိုစိတ်ချလောက်တဲ့နေရာဖြစ်မှာပါ . . သွားကြတာပေါ့ . ."

သို့မှ ကျွန်တော်သည် ထိုသူကိုခေါ်၍ စမ်းချောင်းနံဘေးစခန်း နေရာလေးသို့ ပြန်သွားလိုက်တော့၏။

သို့ပေမင့် . .

"အဝု . . အဝု . . အဝု . . အ . . ဝု . ."

"ဟင်"

သို့အသံတို့ကြောင့် အသံလာရာသို့လှည့်ကြည့်မိတော့၏။

"ဘာကြောင်နေတာလဲ . . လာလေဗျာ . . သူတို့ရောက်မိသွားပြီ ထင်တယ် . ."

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘာပြောတာလဲ‥"

ကျွန်တော်က ထိုသူကို မေးလိုက်၏။

"ခင်ဗျားဘယ်လိုထင်လဲ‥"

သူက ပြန်မေးလာပြန်၏။

"ခင်ဗျားသည်အသံတွေကို သိနေတာလား ‥"

ကျွန်တော်က မေးလိုက်ပြန်ချေလေ၏။

"သိတာပေါ့‥"

"နို့ဖြင့်ပြောပါဦး‥"

"စောစောက လူ့အုပ်စု"

"ဟင်"

ကျွန်တော်ထိုသူကို စိတ်ဝင်တစားကြည့်နေမိလေ၏။

"ဘာလို့ အဲလို စိုက်ကြည့်နေတာလဲ‥ကျွန်တော်ပြောတာ ခင်ဗျားက မယုံဘူးပေါ့‥"

"အား‥အဲလိုမဟုတ်ပါဘူး‥ ယုံပါတယ်‥ သည်အသံရှင်တွေ ဘယ်သူတွေဆိုတာ ကျွန်တော်တို့ သိချင်နေတာဗျာ‥နို့ကြောင့် သည်နေရာရောက်လာကြတာ‥"

သို့ ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောလိုက်လေ၏။

သည်တွင် ထိုသူက ကျွန်တော့်အား တအံ့တသြကြည့်လာချေပြီး‥

"ကိုယ့်သေတွင်းကိုယ်တူးကြတဲ့သူတွေပဲ‥"

သို့ပြောပြီးနောက်‥ ဟက်ဟက်ပက်ပက် ရယ်မောနေသတော့၏။

"ဟား‥ဟား‥ဟား‥ဟား‥ ဟား‥ဟား‥ဟား‥"

www.burmeseclassic.com

www.burmeseclassic.com



"တကာယ်ပြောတာကို ခင်ဗျားက လျောင်တယ်လား"

"အေး လျောင်တာမဟုတ်ဘူး‥ သဘောကျလို့ရယ်တာ‥ ပွင့်ပွင့်လင်းလင်းပဲကွ‥ခင်ဗျားတို့အသက်နဲ့မျှောလျှင်ဖြင့် သည်ကနေ လှည့်ပြန်ကြချေ‥"

သို့ပြောလာသည်ကြောင့် ကျွန်တော်သူ့အား ခပ်စိမ်းစိမ်းကြည့်ဖြင့် ကြည့်နေလိုက်တော့၏။

ထိုသူမှာ မျက်လုံးချင်းရင်ဆိုင်မကြည့်ရဲလေသဖြင့် မျက်နှာလွှဲသွားသည်တွင်

"ကျွန်တော်တို့ကို သူတို့အကြောင်း ပြည့်ပြည့်စုံစုံသာပြောပြချေ‥"

သို့ ကျွန်တော်က ပြောလိုက်ခြင်းဖြစ်၏။

"ကောင်းပြီလေ‥ခင်ဗျားတို့ကို ကျွန်တော် လုံးဝယုံကြည်လိုက်တော့မယ်‥ ကဲ‥ခင်ဗျားတို့နေရာ မရောက်သေးဘူးလား‥"

"ရောက်ပြီ‥ဟိုမယ်လေ‥"

လင်းမြင့်လှိုင်နှင့် မြင့်မောင်က ကျွန်တော့်အား စိတ်ဝင်တစား ကြည့်နေရာမှ လက်လှမ်းပြ နှုတ်ဆက်လာနေသဖြင့် ကျွန်တော်ကလည်း လက်လှမ်းပြလိုက်ရချေ၏။ သို့မှ ကျွန်တော်တို့သည် လင်းမြင့်လှိုင်တို့နား ရောက်သွားကြ၏။

"လမ်းမှားလာတဲ့သူလား‥"

လင်းမြင့်လှိုင်က ထိုလူကြီးကိုကြည့်ပြီး မေးလာလေသဖြင့် ကျွန်တော်က ပြည့်ပြည့်စုံစုံပြောပြလိုက်လေ၏။

"ဟာ‥နို့ဖြင့်အတော်ပဲဗျ‥ လုပ်ပါဦးဗျာ‥ သူ့တို့အကြောင်း ပြောစမ်းပါဦး‥သူတို့ဘယ်မှာနေကြတာတုန်း‥"

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် သို့မှုလွန်မင်းစွာ စိတ်ဝင်စားသွားသလို အကူအညီရမည့်သူမှန်း သိလေခြင်းကြောင့်များလားမသိ··။

"စိတ်ချ··သူတို့အကြောင်းပြည့်ပြည့်စုံစုံပြောမယ်··ဘယ်မှာ နေကြတာလဲတော့ တိတိကျကျ မသိဘူး··နို့ပေမင့် ပြောနိုင်တာတစ်ခုက သူတို့ အဲဒီနား ရှိတဲ့ "ဝက်လူး" တဝိုက်မှာပဲရှိဖို့များတယ်··"

"ဝက်လူးဆိုတာ ဘယ်နားလဲ··"

"သည်စမ်းချောင်းကနေ အထက်ဆက်လျှောက်ပြီး တစ်ဖက် ကမ်းကို တက်လိုက်မယ်ဆိုလျှင် "ဝက်လူး" နေရာရောက်ပြီ··"

"ရွာလား။ ဝက်လူးဆိုတာ"

ကျွန်တော်က မေးလိုက်၏။

"နို့တော့မသိဘူး·· အကြမ်းဖျင်းပဲသိတာ··နို့တောင်မှ ကျွန်တော် တို့ လမ်းမှားရောက်သွားလို့ အဲဒီမယ်နေကြတာသိတာလောက်ပဲ·· နို့ကြောင့်လဲ သူတို့က ကျွန်တော့်ကို သတ်ချင်နေတာ··"

"ဘာလို့လဲ··"

မြင့်မောင်က ဝင်မေးလေ၏။

"သူတို့နေရာ ကျွန်တော် သိသွားတာကြောင့် ဖြစ်မပေါ့··"

"ဟာင်"

"အို"

"ဟုတ်ပါပြီ·· သိပါပြီ··ကဲ··ခင်ဗျားလည်း ဆာနေလောက် ပြီ··သည်မယ်တော့ စားစရာရှိပါတယ်·· ပြီးတော့ သောက်တတ်လား"

လင်းမြင့်လှိုင်က ဝီစကီပြားလေးကို ထုတ်ပေးလိုက်လျှင်၏။

"အင်း··အတော်ကောင်းမယ့်အရက်ပဲ··"

ထိုသူက ဝီစကီပုလင်းပြားလေးကိုကြည့်ကာ ပြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့မှ ကျွန်တော်တို့သည် အမြည်းစားရင်း ဝီစကီသောက်ရင်း သူပြောပြလာမည့်အကြောင်းအရာကို စိတ်ဝင်တစားနားစွင့်ထားလိုက်တော့၏။

"ကျွန်တော့် နာမည် မြင့်ခွေ… ကျွန်တော့် သူငယ်ချင်းက မောင်မောင်… ကျွန်တော်တို့နှစ်ယောက်အမဲပစ်သွားကြရင်း ဝက်လူးကို ရောက်သွားကြတာ… ဝက်လူးဆိုတဲ့အတိုင်း ဝက်ပေါတာပေါ့…။ နို့ကလဲ အလျှင်က အဲဒီဘက် အမဲလိုက်မှုတဲ့ရှေ့လူကြီးတွေပြောခဲ့ကြတာပဲ… ဟုတ်မဟုတ်တော့မသိဘူး…။ အေး ကျွန်တော်တစ်ခုပြောနိုင်တာကတော့ ဝက်လူးမယ် ဝက်တွေပေါတယ်။ နို့ကြောင့် အဲဒီကို ကျွန်တော်တို့နှစ်ယောက်သွားကြတာ…"

"သူတို့အဲဒီပတ်ဝန်းကျင်လောက်မှာပဲ ရှိတာသိတယ်… ဘယ်လိုနေကြလဲဘော့ မသိဘူး… မမြင်ဘူး…"

"အဲ ကျွန်တော်တို့က အဲဒီဘက် ရေကျကို ဆင်းလိုက်မိကြတယ် … တောထဲမရောက်ပါဘူး… အသက် ၇၀ အဖိုးကြီးက စောစောကခင်ဗျား မြင်လိုက်တဲ့သူပေါ့…သူက နောက်လိုက်လေးငါး ခြောက်ယောက်နဲ့ ငါတို့နှစ်ယောက် မြောင်သည်ဘက်ခြေချမိတာနဲ့ ရောက်လာပြီး

"မင်းတို့ လာလမ်းအတိုင်း ပြန်သွားကြပါ…ရှေ့ဆက်သွားလျှင် ကျုပ်တို့ကို အဆိုးမဆိုနဲ့…"

အဲလိုသူပြောတယ်… ကျွန်တော်ကသူကို လှမ်းလေးဆိုပြီး

"ငါတို့ ဘယ်သွားသွား…မင်းအပူမပါဘူး…"

အဲလိုပြန်ပြောပြီး လက်ရှယ်လိုက်တယ်ဆိုလျှင်ပဲ

"အား…"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ကောက··၊မောင်မောင်ပါ မြေပြင်ပေါ် ဝမ်းလျားထိုးကျသွားကြတယ်· နို့ပေမင့် ချက်ခြင်းပဲ ကျွန်တော်တို့တို ငါ့ကို တစ်ယောက်ယောက်က ကူညီထူပေးတယ်··

ဘယ်သူလဲလို့ ကျွန်တော် ကြည့်လိုက်တော့ သူကျွန်တော့်နားရောက်လာတယ် မောင်မောင်က သေနတ်နဲ့ အဲဒီသူကိုချိန်လိုက်ပြီး··

"မင်းသွားနှင့်···ငါတို့ နောက်ကနေ လိုက်ခဲ့မယ်··"

"အဲလိုပြောလိုက်လျှင်ပဲ··"

"ဝှစ်"

"ဘုတ်"

"အား"

"ဟာ"

မောင်မောင့် လက်ထဲကသေနတ် ပြုတ်ကျသွားတယ်·· တစ်ဦးတစ်ယောက်က အဝေးကနေ လက်ကို လောက်လေးနဲ့ လှမ်းပစ်လိုက်တာကိုး··။

လေးနဲ့ပစ်လိုက်သူကို လှမ်းကြည့်လိုက်တော့

"ဟင်"

"အို··"

သူလူ လေးငါးယောက်! တို့ကို လောက်လေးဂွတွေနဲ့ ချိန်ရွယ်ထားကြတယ်···။

"သည်တော့ ကျွန်တော်တို့ သားကောင်ပြန်ဖြစ်သွားတယ်"

"ဖြန်း"

"ဖြန်း"

www.burmeseclassic.com



"သူတို့ ရိုက်တာလက်ဝါးနဲ့ပါဗျာ• •နှိုပေမင့် ပိန်ကြတော့ အရိုးခြောက်နဲ့ အရိုက်ခံရသလိုပဲ••နာလိုက်တာ••"

"ကျွန်တော်တို့ကို ချည်နှောင်ပြီး ပါးရိုက်ကြတာလေ••။ သူတို့ အားရအောင် ရိုက်ပြီးလေမှ

"ဟင်း••မင်းတို့ကို တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်ပေးလိုက်မယ်•• နောက်တစ်ခါ သည်နားတဝိုက်တွေ့လျှင် အသေပဲလို့ ကြိမ်းကြတာပဲ••ပြီး သူတို့မြောင်တဖက်ကမ်းလှည့်ပြန်သွားကြတယ်••"

"ကျွန်တော်တို့လည်း နာနာကျင်ကျင်နဲ့ ခြေခင်းလက်ခင်းသာတဲ့ နေရာမှာအိပ်လိုက်ကြရတော့တယ်• နောက်နေ့ကြတော့ ကျွန်တော်က မောင်မောင်ကို ပြောတယ်••

"မကြေနပ်ဘူး• •သူတို့ကို ပြန်လိုက်ရှာမယ်• •လက်ဦးမှု ယူမယ်ပြောလိုက်တယ်• "

"အေး•• ငါလဲ•• ဘယ်ကြေနပ်ပါ့မလဲ••နှိုပေမင့် ငါစိတ်လေး နေတယ် ပြန်ကြတာပဲကောင်းမယ်" လို့မောင်မောင်ကကပြောပါတယ်။

နှိုပေမင့်ကျွန်တော်က ပြောလွန်းမက ပြောတော့ကာ "နို့ဖြင့်လည်း မင်းသဘောပဲကွာ••" အဲလိုပြောပြီးသူက ဦးဆောင်ထွက် သွားတာပဲ•••"

"တကယ်တော့ ကျွန်တော်မောင်မောင်ကို သတ်လိုက်သလို ပဲ ••"

"ဟင်••ဘာလို့လဲ• "

ကျွန်တော်တို့က ထိုသူကို တအံ့တဩကြည့်မေးလိုက်ကြချေ တော့၏။

ကျွန်တော်တို့နှစ်ယောက် သူတို့ရှိတဲ့ဆီ ပြန်သွားမှာ သူတို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံ တာပဲ‥ ကံဆိုးချင်တော့ အဲဒီလူစုခေါင်းဆောင်က စောစောက လူကြီးပဲဗျ ‥ သူ့သိပ်ဒေါသထွက်သွားတယ်‥ နို့ကြောင့် ရှေ့ကဦးဆောင်သွားတဲ့ မောင်မောင်ကို သတ်လိုက်တယ်လေ‥ ကျွန်တော့်ကိုတော့ နောက်အသုံးအကြိမ် အခွင့်အရေးပေးတာဆိုပြီး ပြန်လွှတ်လိုက်တယ်လေ‥"

× × × ×

မြင့်ဆွေ ပြောသည်တို့သိရပြီးနောက်

ကျွန်တော်တို့သည် မြင့်ဆွေဦးဆောင်မှုဖြင့် မျောက်လူတို့ရှိရာသို့ ထွက်ခဲ့ကြသည်ကြောင့် စမ်းချောင်းလေးအတိုင်း အထက်သို့ဆန်တက်ခဲ့ကြခြင်းဖြစ်၏။ ကျွန်တော်တို့သည် စမ်းချောင်းလေးအတိုင်း လျှောက်ခဲ့ကြရာမှ စမ်းချောင်းငွေ့လေးတစ်ခုနားအရောက်တွင်

"ဟာ‥‥ ဟိုမှာ‥‥ ဟိုမှာ‥‥"

ရှေ့မှသွားနေသောမြင့်ဆွေက စမ်းချောင်းလမ်းပေါ်သို့ အတန်အကြာ ကြည့်လိုက်လေသဖြင့် ကျွန်တော်တို့ လှမ်းကဲကြည့်ကြ၏။

"မျောက်ကြောင်တွေပဲဗျ။ ဘာများလန့်စရာရှိလို့တုန်း။"

သို့ဆိုသလို ကျွန်တော်ပြောလိုက်၏။

"မျောက်ကောင်မဟုတ်ဘူး လူပါဗျ"

မြင့်ဆွေကပြောလာပြန်သဖြင့် ကျွန်တော် သေသေချာချာကြည့်လိုက်ချေ၏။

"ခင်ဗျား တစ်ယောက်တည်းမြင်တာပါဗျာ။ အမြင်မှားတာဖြစ်ပါလိမ့်မယ်"

"ဟိုရှေ့ သစ်ပင်ကြီးပေါ်က အကောင်တွေက မျောက်မဟုတ်ပါဘူး။ လူမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အပင်တုန်း"

"ဟိုရှေ့က တောင်ပိန္နဲပင်လေ"

သို့ဆိုမှ ကျွန်တော်တို့မြင်သောမျောက်သည် သရက်ပင်မှ ဖြစ်ပြီး သူပြောနေသည်မှာ တောင်ပိန္နဲပင်ဆိုသဖြင့် သို့ သရက်ပင်နှင့် ကပ်လျက် တောင်ပိန္နဲပင်ကို ကြည့်လိုက်ပြန်၏။

မျောက်လူလား..။မသိ ရိပ်ခနဲကိုင်းကူးထွက်သွားသည်ကို သာ တွေ့လိုက်ကြတော့၏။

"နို့ဖြင့် သည်လူကမျောက်လို သစ်ပင်တက်ကျွမ်းကျင်တာ ကလား..။ ခင်ဗျားပြောတဲ့လူပဲဖြစ်ပါဦးတော့"

သို့ ကျွန်တော်ကပြောလိုက်၏။

"အုဂု....အုဂု... အုဂု..."

သို့ရှိစဉ် သို့အသံကြောင့် ကျွန်တော်သည် သရက်ပင်ထက် မှ မျောက်ကိုကြည့်လိုက်ပြန်၏။

မျောက်ကောင် အော်နေခြင်းဖြစ်၏။

"ကိုလင်းရေ သည်မျောက်တွေက သူ့မူရင်း မျောက်သံ မထွက်ဘဲ လူတွေလိုက်အော်တဲ့ မျောက်သံလို ဖြစ်နေပါကလား"

သို့ ကျွန်တော်ကပြောလိုက်၏။

"မျောက် မဟုတ်လို့ဖြစ်မပေါ့"

မြင့်မောင်ကပြောလာလေ၏။ သို့ပေမင့် သူကား ..ပြုံးစိစိလုပ် နေလေသဖြင့် မြင့်မောင် ကျွန်တော်အား နောက်ပြီးပြော သည်ကို သိလိုက်ရပြန်၏။ သို့ကြောင့် ကျွန်တော်က

"ကဲဗျာ လူဖြစ်ဖြစ် မျောက်ဖြစ်ဖြစ် ပစ်လိုက်တော့မယ်"

ပြောလဲပြော လက်တွင်းရှိသေနတ်ဖြင့်လည်း Snap Shot ပစ်

www.burmeseclassic.com

www.burmeseclassic.com


လိုက်ပြန်တော့၏။

"ဒိန်း"

မျောက်ကောင်သည် ပစ်မှတ်ကျယ်ဖြစ်လေခြင်းကြောင့် ကျွန်တော်၏ သေနတ်ကျည်ကို ရှောင်တိမ်းချိန်ပင်မရလိုက် ထိုကိုင်းပေါ်မှ မြေပြင်သို့ အရုပ်ကဲ့သို့ ပြုတ်ကျသွားတော့၏။

"ကျွန်တော်သွားကောက်မယ်။ ဆရာတို့နေခဲ့ချေ..."

မြင့်ဆွေက သို့ပြောပြီး စမ်းချောင်းကမ်းပေါ် ပြေးတက်သွားတော့၏။

ကျွန်တော်တို့သည် စမ်းချောင်းအစပ်တွင်ပင် နားနေလိုက်ကြ၏။ မြင့်ဆွေပြန်အလာကို စောင့်နေလိုက်ကြတော့၏။

"အုဝ... အုဝ... အုဝ... အုဝ..."

"အုဝ... အုဝ... အုဝ...."

ဘုရားရေ... မြင့်ဆွေ သွားသည့်နေရာဘက်လောက်ဆီမှ မျောက်ကောင်တို့၏ ဆူဆူညံညံအသံကို ကြားလိုက်ရချေ၏။

ကြည့်ရသည်မှာ မျောက်တစ်အုပ်သည် သို့နေရာတွင် ရှိနေကြပြီး မြင့်ဆွေ (လူသား) ရောက်သွားသည်တွင် သို့ဆူညံလာကြခြင်း ဖြစ်သည်။

မျောက်တွေအသံကလည်းဗျာ လူအော်နေသံလိုပဲ မျောက်မပီသလိုက်ကြတာ။

မြင့်မောင်က သို့ပြောချေ၏။

သို့မှ

မြင့်ဆွေတစ်ယောက် မောကြီးပမ်းကြီး ပြန်ရောက်လာလေ၏။ မျောက်ကောင်ကား ပါမလာချေ။ သို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲ မျောက်ကောင်ကျသွားတဲ့နေရာ ရှာမတွေ့ခဲ့ဘူးလား"
ကျွန်တော်က မေးလိုက်၏။

"တွေ့ပါတယ် တောင်ပိန္နဲပင်ကြီးအောက် ရောက်ခဲ့ပါတယ်"

"နို့ဖြင့် မျောက်ကောင်ကော။ ကျွန်တော်ပစ်လိုက်တာ မျောက်ပါဗျာ။ ကျွန်တော်ပစ်ချက်ကောင်းကိုထိသွားတာ ဘယ်လိုမှ ဒဏ်ရာနဲ့ ပြေးမသွားလောက်ပါဘူး။"

သို့ ကျွန်တော်က ပြောလိုက်၏။

သည်တွင် မြင့်ဆွေက ကျွန်တော့အား

"ဟုတ်ပါတယ် ခင်ဗျားပစ်တာ အသေပဲ မျောက်ကိုလဲ တွေ့ပါတယ်။ နို့ပေမင့် အနားရောက်လေမှ မျောက်တစ်အုပ်က ကျွန်တော်ကို ဆူဆူညံညံနဲ့ အော်ဟစ်လာကြတယ်။ ကျွန်တော် မျောက်ကောင်တွေကိုခြောက်လှန့်ပစ်မယ်လုပ်တာမှာ မကြောက်တဲ့အပြင် ကျွန်တော်ကိုတောင် ကိုယ်ထိလက်ရောက်ဒုက္ခပေးမယ်လုပ်လို့ တုတ်ချောင်းနဲ့ ကာရိုက်နေတုန်း မျောက်ကောင်သေကို သက်ရှိမျောက်တွေက ဝင်ဆွဲသွားကြတာ"

သို့ဆိုတော့ ကျွန်တော်သဘောပေါက်လိုက်လိုက်ချေပြီ ဖြစ်တော့၏။

"နို့လည်း ဖြစ်တတ်သည်ပဲလေ။ နို့က မထူးဆန်းပါဘူး။"

"ထူးဆန်းတယ် ထူးဆန်းတယ် ဆရာလေး"

"ဟင်"

"ဟေ"

"ဘယ်လို. . . ဘယ်လို. . ."

မြင့်ဆွေက သို့ပြောသည့်စကားကြောင့် ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩတကြီးမြင့်ဆွေဘာပြောမည်ကို နားစွင့်နေလိုက်ကြ၏။

"မျောက်တွေကြားထဲမယ် လူတစ်ယောက်ကိုတွေ့လိုက်တယ်။ အဲဒီလူက မျောက်ကောင်ကို ထမ်းပိုးသွားတာဗျာ မျောက်လား အောက်မေ့ရတယ်"

"ဟေ"

"နို့ဖြင့် သည်လူက မျောက်လူပဲဖြစ်မပေါ့"

လင်းမြင့်လှိုင်က သို့ပြောလေ၏။

"ဖြစ်နိုင်တာပေါ့"

မြင့်ဆွေကပြောလေ၏။

"သည်တော့ ကျွန်တော်တို့ သည်မျောက်အုပ်နောက် လိုက်ကြမယ်။ သည်မျောက်လူက သူတို့နေရာကို ထမ်းပိုးသွားတာပဲဖြစ်မယ်။ နို့မှ မျောက်လူကိုတွေ့လျှင် အရှင်ဖမ်းပြီးမေးစမ်းကြည့်တာပေါ့"

လင်းမြင့်လှိုင်၏အကြံကို အားလုံးလက်ခံလိုက်ကြရတော့၏။

"သူတို့နေတဲ့နေရာ တိုက်ရိုက်သွားလျှင်ကောဗျာ"

မြင့်မောင်က သို့ပြောပြလာသောဖြင့်

"ကျွန်တော်အထင် ဝေးသေးတယ် လမ်းမှာ တစ်ညနှစ်ည အိပ်တော့နေရလိမ့်မယ်ထင်တယ်"

သို့ မြင့်ဆွေပြောလာသဖြင့် ကျွန်တော်တို့သည် မူလအတိုင်း မျောက်ကောင်သေကိုထမ်းပိုးသွားသော မျောက်လူနှင့် အပေါင်းပါ မျောက်တို့နောက်က လိုက်သွားကြတော့၏။

မြေပြင်တွင် ခြေရာတော့ဖြင့် မထင်နိုင်ပါချေ။ သို့သော် မျောက်သေကို တစ်ချိန်လုံး သစ်ပင်ထက်မှ ထမ်းပိုးပြေးလွှားခြင်းသည် လွယ်သည့်ကိစ္စမဟုတ်သဖြင့် တစ်ရံတစ်ခါ မြေပြင်သို့ဆင်းကာ

www.burmeseclassic.com

www.burmeseclassic.com



ကူးနိုင်သည်ဟု လင်းမြင့်လှိုင်ကပြောသဖြင့် သွားရင်းလာရင်း မြေပြင်တွင် ထင်ကျန်သည့် မျောက်လူ၏ခြေရာကို ရှာကြည့်နေမိချေတော့၏။

သို့မှ

"ဟာ သည်မယ်တွေ့ပြီ မျောက်လူခြေရာ"

အလိုလေးဗျာ ဟုတ်ပါရဲ့ မျောက်လူခြေရာဖြစ်ချေ၏။ ထိုခြေရာသည် မျောက်သေကောင်ကို ထမ်းပိုးပြေးလွှားသွားရခြင်းကြောင့် ထိုခြေရာမြေပြင်တွင် ထင်းထင်းနစ်မြှုပ်နေခြင်း ဖြစ်ချေတော့၏။

သို့မှ ကျွန်တော်တို့သည် ခြေရာနောက် လိုက်ကြရာမှ မြောင်တစ်ခုတွင်း ရောက်လာလေတော့၏။ ထိုမြောင်ကို ဖြတ်သွားပုံရချေသဖြင့် မြောင်တစ်ဘက်ကမ်းသို့ ကျွန်တော်တို့လိုက်ကြပြန်၏။ သို့မြောင်ကမ်းစပ်သည် အောက်ပေါင်းရှုတ်၏ နွယ်ပင်တို့ ချုံပုတ်ပင်တို့ ပေါက်နေသလို သစ်ပင်ကြီးများလည်း ခပ်စိပ်စိပ် ပေါက်လျက်ရှိချေ၏။ သို့ဆိုတော့ မျောက်လူ၏ခြေရာကို မြေပြင်တွင်မတွေ့နိုင်ပါတော့ချေ။ မျောက်လူသစ်ပင်ထက်တက်ကာ နွယ်ခိုခရီးဆက်ပေရော့မည်ကို သိလိုက်ကြသဖြင့် သစ်ပင်ကိုင်းထက်တို့ဆီကြည့်ရင်း ခရီးဆက်ခဲ့ကြပြန်၏။

သို့မှ

"ဟာ. . . ဟိုမယ်. . . ဟိုမယ်. . . "

တစ်ခုသောသစ်ပင်ကြီးကိုင်းထက်တွင် မျောက်သေကောင်ကို တွေ့လိုက်ရပြန်၏။

မျောက်သေကောင်ကို ညှတ်ကျနေသော အကိုင်းခွကြက်တို့ပေါ်တွင် တင်ထားခဲ့ခြင်းဖြစ်ချေ၏။ ဘယ်လို ပါလိမ့်

မျောက်လူနှင့် မျောက်ကောင်တို့ အရိုင်းအယောင် လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပါချေ။ ကျွန်တော်တက်ယူမယ်••။

မြင့်မောင်ကြီးကပြောကာ သစ်ပင်ပေါ်တက်မည်လုပ်သည်တွင်

"မတက်နဲ့ကိုမြင့်မောင် ကျွန်တော်ပစ်ချမယ်။"

လင်းမြင့်လှိုင်က သို့ပြောလေ၏။

"ဖြစ်နိုင်ပါ့မလား"

ကျွန်တော်က စာဒကာတက်လိုက်၏။

"အလွန်ဆုံး ကျည် ၂ တောင့်ပဲဆုံးရှုံးမှာပါ။ တက်နေလျှင် အချိန်ကြာပါတယ်။ ပြီးတော့ ထောင်ချောက်ဆင်ထားတာလဲဖြစ်နိုင်လို့ပါ"

သို့ဆိုတော့ မြင့်မောင်တစ်ယောက် သစ်ပင်အောက်ခြေမှ ကျွန်တော်တို့ဆီ ပြန်လာခဲ့ချေတော့၏။

"ဒိန်း"

"ဟာ"

"ဒို"

"ဟင်"

"ဒိန်း"

အလိုလေးဗျာ••• ပထမတစ်ချက် မျောက်ကောင်လူ့ပ်ခါ သွားရ၏။ သို့ပေမင့် အောက်သို့ပြုတ်ကျမလာ နောက်တစ်ချက်ပစ်လိုက် လေမှ မျောက်ကောင် မြေပြင်သို့ တစ်ရှိန်ထိုးပြုတ်ကျလာလေတော့၏။

ကျွန်တော်တို့သည် မျောက်ကောင်ကို ကြည့်လိုက်သည်တွင် လက်တစ်ဖက်သာရှိပေသည်ကို တွေ့လိုက်ကြ၏။ မျောက်လူသာ ထိုမျောက်ကောင်၏ လက်တစ်ဖက်ကို မည်သို့ကြောင့် ခုတ်ဖြတ်၍ သွားရတာပါလိမ့်။

"ဘယ်လိုသဘောလဲသိလား"

www.burmeseclassic.com



ကျွန်တော်က မေးလိုက်၏။

"ကျွန်တော်အထင်ပြောရလျှင်ဖြင့် မျောက်လူက လူလည်ဗျ။ မျောက်သေကောင်ကို ဆက်ပြီးထမ်းပိုးသွားမယ်ဆိုလျှင် သူတို့ကို မိနိုင်တာကြောင့် မျောက်ကောင်သေကို ထားခဲ့ပြီး ထွက်ပြေးသွားတာ။ အကယ်၍ ကျွန်တော်တို့ သူတို့နောက်လိုက်ချင်ဦးတော့ မျောက်ကောင်သေကို တွေ့လိုက်တာကြောင့် ကြာမြင့်လေမှ သူတို့ နောက်လိုက်ဖြစ်မယ်ဆိုလျှင်ဖြင့် သူတို့ ကျွန်တော်တို့ရှေ့အတော်လှမ်းလှမ်းကို ထွက်သွားနိုင်သည်ပဲ နို့ကြောင့် လဲဖြစ်မပေါ့"

"နို့ဖြင့် လက်တစ်ဖက်တည်း ဖြတ်ယူသွားတာကကော"

"ကျွန်တော်ထင်တယ်။ မျောက်ကောင်ကို သူတို့သင်္ဂြိုလ်ပေးဖို့ ပြန်ယူသွားတာပေမင့် သူတို့နောက်ကို ထပ်ကြပ်မကွာ လိုက်နေတာကြောင့် မျောက်သေကောင်ကိုမယူနိုင်တော့ လက်တစ်ဖက်သာခုတ်ဖြတ်ယူသွားပြီး အဲဒီလက်ကိုသာ သင်္ဂြိုလ်ပေးဖို့ ဖြစ်ပါလိမ့်မယ်"

သို့ လင်းမြင့်လှိုင်ပြောသည်မှာ ဒဏ္ဍာရီဆန်လွန်းသည်ဖြစ်ငြား ကျွန်တော်တို့ ကြုံတွေ့ရကြခြင်းကိုအခြေခံ၍ လက်ခံလိုက်ကြရပြန်တော့၏။

ပြီးတော့ လင်းမြင့်လှိုင်ပြောသည်လည်း ဖြစ်နိုင်ချေရှိလေသည်ပဲကိုး။

"မထူးပါဘူး သည်မျောက်ကိုပဲ သည်နေရာမှာ မီးကင်စားကြတာပေါ့။"

လင်းမြင့်လှိုင်က ပြောလာသဖြင့်

"မျောက်လူတွေနောက် မလိုက်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com


မြင့်ဆွေက မေးလာခြင်းဖြစ်ပေတော့၏။

လင်းမြင့်လှိုင်က ခေါင်းကိုခါလိုက်ချေပြီ။

"အချိန်မရှိဘူးလေ။ သူတို့အိပ်တန်းဝင်ကြဦးမှာ ဘာထူးလဲ ကျွန်တော်တို့လဲ မှောင်ကြီးထဲ စမ်းတဝါးဝါးနဲ့ သူတို့နောက် လိုက်သွားကြမှာမှ မဟုတ်တာချည်း"

"နို့ကြောင့် နားနေစခန်းချပြီး နက်ဖြန် စောစောသွားကြတာပေါ့"

သို့ လင်းမြင့်လှိုင်စီစဉ်သည့်အတိုင်း လုပ်လိုက်ကြချေတော့၏။

မဝေးလှောက်သောနေရာလေးတွင် ချောင်းရှိသဖြင့် ဟန်ကျသေးတော့၏။

ကျွန်တော်တို့သည် ပင်ပမ်းနွမ်းနယ်နေသည်ဖြစ်သည်ကြောင့် စမ်းချောင်းလေးတွင် ခြေလက်ဆေးကြောလိုက်ကြ၏။ ပြီး စခန်းနေရာချရန် စမ်းချောင်းလေးမှခွာခဲ့ကြ၏။ စမ်းချောင်းလေးနံဘေးတွင် မြင့်မောင်ကျန်ခဲ့ချေ၏။ သူ့နံဘေးတွင် မြင့်ဆွေရှိချေ၏။ သူတို့ ၂ ယောက် မျောက်ကောင်ကို အသားဖျက်မပြီးသေးသဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်သာလျှင် စခန်းနေရာချနေရာရှာ သွားခဲ့ကြခြင်းဖြစ်၏။

စမ်းချောင်းလေးနှင့်မဝေးလှောက်သောနေရာတွင် သစ်ပုတ်ပင်ကြီးတစ်ပင်ရှိချေ၏။ ထိုအပင်အခြေတွင် စခန်းချရန်ခုံးဖြတ်လိုက်ကြ၏။

တောစိုးဖြစ်ပြား၊ ထိုနေရာကို စခန်းနေရာရွေးလိုက်သည်ကြောင့် ပထမတော့ သူတို့အံ့သြကြတော့၏။ သို့ပေမင့် လင်းမြင့်လှိုင်သည် မုဆိုးကောင်းတစ်ယောက်ဖြစ်သည်ကြောင့် မည်သို့မျှ စောဒကမတက်ပါတော့ချေ။ ထိုသစ်ပုတ်ပင်ကြီးအခြေတွင်သာ စခန်းချမည်ဖြစ်လေ၏။ သို့ဆိုတော့ ကျွန်တော် ထင်းခြောက်များစုဆောင်းရ၏။ မြင့်မောင်က

www.burmeseclassic.com

www.burmeseclassic.com



သစ်ပုတ်ပင်အခြေနှင့် အနီးပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ချေ၏။ လင်းမြင့်လှိုင်နှင့် မြင့်ဆွေသည် မျောက်ကောင်ကို တဲစို့ထိုးပြီးသဖြင့် ထင်းမီးပုံကိုမွှေး၍ မျောက်တဲစို့ထိုးတို့ကို မီးပုံကြီးနံဘေးတွင် စိုက်ထူလိုက်ချေ၏။

မျောက်ကောင်ကို မီးကင်လိုက်ခြင်းဖြစ်၏။ ကောင်လုံးဆိုတော့ လူတစ်ယောက်နှင့် တူနေသည်ဖြစ်၍ ကျွန်တော်က ပြန်နုတ်ယူ၍ အတုံးခပ်ကြီးကြီးများတုံးကာ တဲစို့ပေါင်းများစွာကို လုပ်ပေးလိုက်ရချေတော့၏။

သို့ဆိုတော့ မျောက်ကောင်အသားတုံးတို့ မီးကင်ဖြစ်သွားချေတော့၏။

ကျွန်တော်တို့သည် မျောက်ကောင်သားမီးကင်နေစဉ်အတွင်း ဝီစကီသောက်လိုက်ကြရာ လတ်တလောအမြည်းအလို့ငှာ လင်းမြင့်လှိုင်က ချိစ်အတုံးလေးကို ထုတ်ပေးလာချေ၏။

ကိုမြင့်ဆွေသည် ကျွန်တော်တို့ထင်ထားသည်ထက် အရက်သောက်နိုင်သူဖြစ်နေသောကြောင့် အရက် သုံးပြားဖြစ်သွားရချေ၏။

စကားပြောနည်းပြီး အရက်များများသောက်သူဖြစ်ချေ၏။

ကျွန်တော်တို့ မျောက်သား က င် ကျက်သည်တွင် အရက်တပြားကုန်သွားတော့၏။ သို့မှ -

အူဝု···အူဝု···အူဝု··· အူဝု···

သို့အသံများ ဆူဆူညံညံထွက်လာချေတော့၏။

"မျောက်အသံတွေ သည်နားတစ်ဝိုက်မှာ သူတို့ရှိလိမ့်ဦးမယ်"

ကျွန်တော်ကပြောလိုက်၏။

"ကျွန်တော်တို့ကို လုည့်ပြန်သွားပြီ ထင်လို့မှုးလား·"

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေကကာ ခေါင်းငိုက်စိုက်ကျနေရင်းမှ ပြောလာလေတော့၏။

"ဟုတ်ပေဘူးဗျ။ ကျွန်တော်တို့ရှိမယ်ထင်လို့ ခြိမ်းခြောက်ကြတာဖြစ်မယ်.."

သို့ လင်းမြင့်လှိုင်ကပြောသဖြင့်

"ဘယ်လို ကိုလင်း. ဘယ်လိုပြောနိုင်လဲ .."

"သည်နေရာတဝိုက်ကနေ အော်တာမဟုတ်ဘူး.ကျွန်တော်တို့ ပတ်ပတ်လည်ကြာ အသံတွေလေ.ပြီးတော့ မျောက်စင်စစ်တွေ မဖြစ်နိုင်ဘူး. မျောက်နဲ့မတူဘူး..."

"နို့ဆိုတော့.."

"ခွေးလေးခုနစ်လို့ ဖုန်မထနိုင်ပါဘူး.."

ထိုညတွင် မြင့်ဆွေတစ်ယောက် အလေးအပေါ့ထသွားရာမှ မျောက်လူတို့၏ လုပ်ကြံခြင်းကို ခံလိုက်ရ၏။

ကံကောင်းချင်တော့ မျောက်လူတို့ ပစ်လွှတ်လိုက်သောမြားတံသည် လက်မောင်းကို ရှပ်မှန်သွားသောကြောင့် ဖြစ်ချေတော့၏။

"သည်မျောက်လူတွေ လူကိုတောင်း ချောင်းမြောင်းလုပ်ကြံတဲ့အခဆင့်ဖြစ်လာကြပါကောလား.."

လင်းမြင့်လှိုင်က သို့ကောက်ချက်ချလေတော့၏။

မြင့်ဆွေကိုလုပ်ကြံပြီးနောက် မျောက်လူတို့ ပတ်ဝန်းကျင်တွင် ရှိလိမ့်ဦးမည် မဟုတ်တော့ချေ..။

သူတို့လုပ်ကြံမှု အထမမြောက်လေပြီဆိုတာ သို့သူတို့ တွက်ဆမိပေလိမ့်မည်။

၄ "ကိုလင်း သည်ကိစ္စဘယ်လိုထင်လဲ.."

www.burmeseclassic.com



ကျွန်တော်က မြင့်ဆွေကို ဆေးထည့် ပတ်တီးစည်းပေးနေရင်း မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော့်အထင်ပြောရလျှင် သူတို့အမိက ရန်ပြုချင်တာကိုမြင့်ဆွေပဲဖြစ်လိမ့်မယ်ဗျာ‥"

"ဘာလို့လဲ‥"

မြင့်မောင်က မေးလေ၏။

"မြင့်ဆွေက သူတို့နေရာကို ကျွန်တော်တို့ကို ဦးဆောင်ခေါ်လာတဲ့လူကိုဗျ‥"

လင်းမြင့်လှိုင်က သို့ဖြစ်နိုင်ချေကို ပြောလာပေမင့်‥

"နို့ ကျွန်တော်တို့တွေဘာလို့ သူတို့ဆီ ရောက်လာမှာကြောက်ရတာတုန်း‥"

"နို့က ကျွန်တော်တို့မယ် သေနတ်တွေရှိနေတာကိုး‥‥"

သို့လည်း အဟုတ်သားကလား‥သေန တ်ကိုတော့လူတိုင်း သတ္တဝါတိုင်း ကြောက်ကြသည်ချည်းပါကလား‥‥။

"ကဲ ကိုမြင့်ဆွေ‥ဘယ်လိုလဲ‥သူတို့ကတော့ ခင်ဗျားကိုလုပ်ကြံကြပြီ‥ခင်ဗျား မသေမှန်းသိလျှင် ထပ်လုပ်ကြံကြလိမ့်ဦးမယ်၊ သည်တော့ သည်လိုလုပ် ကျွန်တော်တို့ကို လမ်းညွှန်လိုက်ချေ‥ ခင်ဗျားနေခဲ့တော့ပေါ့‥ ရှေ့လျှောက် ခင်ဗျားတွက် အန္တရာယ်တွေပိုရှိလာနိုင်တယ်‥"

သို့လင်းမြင့်လှိုင်က ပြောလေ၏။

"ဘယ်လိုဖြစ်နိုင်မှာလဲ သူတို့ကို လုံးဝမကြောက်ပါဘူး။ ငါကို စော်ကားလာတာကြောင့်ပဲကွ‥"

သို့ဆိုတော့‥

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့မယ်ဆိုလျှင် လိုက်ခဲ့ပေါ့..ပိုကောင်းတာပေါ့..အချိန်ပေးရှာစရာမလိုတော့ဘူးပေါ့. ခင်ဗျားသူတို့နေတဲ့ နေရာကောင်းကောင်းသိတာကိုး..နို့မေးရဦးမယ်. ဝက်လူးမြောင် အလွန်လေးရောရောက်ပြီလား.."

လင်းမြင့်လှိုင်က မေးလိုက်ချေ၏။

"နက်ဖြန်ဝံကိုက်မြောင်ကိုရောက်မယ်..နို့ဆိုတော့ တစ်ဖက်ရေကျ ဆိုလျှင် ကူးလိုက်လျှင် သူတို့နေရာရောက်ပြီလို့ ပြောလို့တောင်ရနေပြီပေါ့..ဟုတ်လား .."

"ကောင်းတယ်..မြန်မြန်ကိစ္စပြီးပြတ်တာပေါ့ဗျာ.."

လင်းမြင့်လှိုင်က သို့ပြောပြီးသစ်ပင်ကိုကျောမှီ မျက်စိမှိတ်လိုက်သဖြင့် သူအိပ်တော့မည်ဟု ဆိုလိုခြင်းဖြစ်သည်ကြောင့် မြင့်ဆွေ မြင့်မောင်နှင့် ကျွန်တော်သည် မီးပုံနံဘေး တစ်ဘက်သို့ သွားရောက်စကားပြောကြပြီးလျှင် သစ်ပင်ကျောမှီ အိပ်လိုက်ကြတော့၏။ သို့မှအိပ်ပျော်သွားတော့၏။

မည်မျှကြာကြာအိပ်ပျော်သွားလေသည်မသိ။

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် လန့်ဖျတ်နိုးလာရပြန်တော့၏။

ကျွန်တော် မီးပုံရှိရာလှမ်းကြည့်လိုက်၏။

မြင်ဆွေကို တွေ့ရသည်ကြောင့်

"ခင်ဗျား ဘာကိုပစ်လိုက်တာလဲ"

ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်နှင့် မြင့်မောင်တို့လည်း အိပ်ရာမှ နိုးလာကြချေ

www.burmeseclassic.com



တော့၏။

"ဘာဖြစ်တာလဲ.... ဘာဖြစ်တာလဲ.." မေးလာကြသဖြင့် ကျွန်တော်က မြင့်ဆွေကို မေးထားခြင်းကိုပြောလိုက်ချေ၏။

သည်တွင် မြင့်ဆွေက ကျွန်တော်တို့အား လှမ်းကြည့်လာချေပြီး

"ကျွန်တော်အိပ်နေတုန်း စိတ်ထဲကထင့်ကနဲဖြစ်ပြီး လန့်နိုးလာတော့ သည်မီးပုံနားမယ် မျောက်လူတစ်ယောက်ကိုတွေ့တယ်။ သူ့လက်ထဲမလဲ ရဲဒင်းကြီးနဲ့ ကျွန်တော်ကိုကြည့်နေတာကြောင့် သူ ကျွန်တော့်ကို လုပ်ကြံဖို့လာတာများလား။ ကျွန်တော်ကိုယ်စောင့်နတ်က နိုးဆော်လိုက်တာကြောင့် ကျွန်တော်နိုးလာသိရတာကိုး နို့ကြောင့် ကျွန်တော် လက်ဦးမှုရယူပစ်လိုက် တာ.."

"မှန်သွားလား"

မြင့်မောင်က မေးလာသဖြင့်

"ကိုမြင့်မောင်ရယ် မှန်သွားမှတော့ အဲဒီမျောက်လူကို အဲဒီ နားမယ်တွေ့မပေါ့။"

သို့ ကျွန်တော်ကပြောလိုက်၏။

သည်တွင် မြင့်မောင်က

"ဆရာပိုက်ရယ် ပစ်ချက် ချက်ကောင်းမထိပဲ.. ရှပ်ထိသွားသလား..နို့ကြောင့် ထွက်ပြေးသွားတာလားလို့ မေးလိုက်တာပါဗျာ.."

သို့လည်းအဟုတ်သားကလား..။

သည်တော့ မြင့်ဆွေ ဘာပြောလာမည်ကိုစောင့် နားစွင့်လိုက်ရချေတော့၏။

"ထိသွားတယ်.. သည်မယ် သွေးကွက်တွေ့သား.."

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ကျွန်တော်တို့သည် မီးပုံနားသွားလိုက်ကြ၏။

မြင့်ဆွေပြောသလို မီးပုံနှင့် ခပ်လှမ်းလှမ်းတွင် သွေးအိုင်ကြီးကိုတွေ့လိုက်ရ၏။

"ဒဏ်ရာမပြင်းပေမင့်··သွေးထွက်များတာကြောင့် သူဝေးဝေးပြေးနိုင်မယ်မထင်ဘူး··"

"လိုက်သွားကြမယ်··"

မြင့်ဆွေက ပြောလေ၏။

သည်တွင် လင်းမြင့်လှိုင်က ပတ်ဝန်းကျင်ကို တချက်ဝေ့ဝိုက်ကြည့်လိုက်ချေပြီးနောက် ခေါင်းကိုသာ ခါယမ်းလိုက်ချေပြီး··

"သိပ်မှောင်နေသေးတယ်··ကျွန်တော်တို့တွက် ထောင်ချောက်မိသွားနိုင်တယ်··သူတို့ကို လျော့တွက်လို့ မရဘူး··"

သို့ပြောလာ၏။ သည်တွင် မြင့်ဆွေက လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာကြည့်ချေပြီး

"ကျုပ်တို့မှာ သေနတ်ကိုယ်စီရှိတယ်လေ··။ သေနတ်ကို လူတိုင်းကြောက်ကြတာကလား··ဘာလို့လည်းကိုလင်း··"

"ဟုတ်ပါတယ်··ခင်ဗျားပြောတာ ဟုတ်တယ်ဆိုပေမင့် တိုက်ပွဲတစ်ခုဆိုတာ ပရိယာယ်သုံးကြတာချည်းဗျာ·· သည်လောက်ဒဏ်ရာနဲ့ ပြေးသွားနိုင်တာရယ်··ပြီးတော့ သည်နားတဝိုက် သူတစ်ယောက်တည်းရှိမှာမဟုတ်ဘူး··။ သူ့ကို ငါးစာအဖြစ်လွှတ်လိုက်တယ်ဆိုပါစို့ ကျွန်တော်တို့ လုံးဝကို ခံသွားရလိမ့်မယ်··နို့ကြောင့် ထင်းထင်းလင်းလင်းရှိတဲ့ မနက်အချိန်မှ ခြေရာကောက် သွေးစက်ကြည့် လိုက်သွားတာ ပိုကောင်းလိမ့်မယ် ··"

လင်းမြင့်လှိုင်သို့ပြောလိုက်သည်ကြောင့် မြင့်ဆွေကတော့

www.burmeseclassic.com



မကြေမနပ်ဖြင့် နှုတ်ဆိတ်ငြိမ်သွားလေတော့၏။

သို့ဆိုတော့ သူသည် သစ်ပုပ်ပင်ကြီးအခြေသို့ သွားကာ အပင်ကို ကျောမှီငြိမ်နေလိုက်ချေတော့၏။ သို့မှ

လင်းမြင့်လှိုင်က သူ့နားသွားလိုက်ကာ..

"ကျွန်တော် ခင်ဗျားကို စာနာပါတယ်.. ခုဟာက ခင်ဗျားကို သူတို့လုပ်ကြံဖို့ဆိုတာ သေချာပြီ.. သည်တော့ ခင်ဗျားကလည်း သူတို့ကို ထိုးနှက်ချင်တယ်..ဟုတ်လား..နို့ပေမင့် တစ်ခုတော့ရှိတယ်ဗျာ.. စိတ်ရှည်စမ်းပါ..စိတ်ချပါ .. သည်ကောင်တွေကို လုံးလုံးကြီးကို လက်စားချေပြပါ့မယ်.."

လင်းမြင့်ထိုက်က သို့ပြောလိုက်ချေ၏။

မြင့်ဆွေကတော့မူ မျက်လုံးမှိတ်ထားကာ အိပ်ပျော်ရန်ထက် မည်သူနှင့်မျှ အပြောအဆိုမလုပ်လိုသည့်သဘောဖြင့် နေလေ့ခြင်းဖြစ်တော့၏။

သို့မှ လင်းမြင့်လှိုင်၊ ကျွန်တော်နှင့် မုဆိုးကြီးမြင့်မောင်သည် ပြန်၍ အိပ်မပျော်ကြနိုင်သည်ဖြစ်သည့်ကြောင့် စီစကီပုလင်းတပြားဖြင့် မီးပုံနံဘေးထိုင်ကာ သောက်ရင်းစားရင်း စကားစမြည်းပြောနေကြချေ၏။

သို့မှ

"အုဝု..အုဝု..အုဝု..အုဝု.."

လေးဘက်လေးတန်မှ သို့အသံတို့ကို ကြားလိုက်ကြချေ၏။ မျောက်လူအုပ်စုဖြစ်ချိမ့်မည်။

မုဆိုးကြီးမြင့်မောင်က သူ၏ သေနတ်ကိုယူလိုက်ကာ အသံလာရာဘက်ဆီသို့ လှမ်းပစ်ပေးမည်ပြုလေသည့်ကြောင့်

"မျောက်ကောင်တွေမဟုတ်လျှင်ဖြင့် ပြဿနာ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်‥ခြောက်လှန့်မယ်ဆိုလျှင်ဖြင့်လည်း မိုးပေါ်ထောင်ပစ်ချေ ဗျာ…"

"ဒိန်း"

လင်းမြင့်လှိုင်ပြောသည့်အတိုင်း မုဆိုးကြီးမြင့်မောင်က သစ်ပင်တို့ထိပ်ဖျား ပစ်မှတ်ထားပစ်လိုက်ချေတော့၏။

"အုဝု‥အုဝု‥အုဝု‥"

အဲလိုလေးဗျာ‥အသံတို့ ပျောက်ကွယ်မသွားသည့်အပြင် ပိုလို့ပင် ဆူညံလာသည်ဟု ထင်ရချေ၏။

"ခက်ချေပြီကွာ‥ဟင်း‥တောက်‥ ကျွန်တော်တော့ တည့်ခေါ်လိုက်ရလေမှ‥"

သို့ မုဆိုးကြီးမြင့်မောင်က မချင့်မရဲဖြင့် ပြောလေတော့၏။ သို့ဆိုတော့‥

"ကိုမြင့်မောင် ရှေ့က သစ်ပင်ကိုင်းမယ်မျောက်ကောင်တွေ့တယ်။ ပစ်မလား ကျွန်တော်မီးထိုးပေးမယ်‥"

ကျွန်တော်က ပြောလိုက်၏။

"ကောင်းတာပေါ့ဗျာ‥"

သို့ဆိုတော့ ကျွန်တော်သည် လက်နှိပ်ဓါတ်မီးဖြင့် မျောက်ကောင်ရှိရာသစ်ပင်ကိုင်းထက်သို့ လှမ်းထိုးလိုက်ချေတော့၏။

မျောက်မကြီးဖြစ်၏။ မီးအလင်းရောင်ကြောင့် ကျွန်တော်တို့အား မျက်လုံးပြူး၍ ကြည့်လာလေ၏။ နှုတ်မှလည်း အုဝု‥အုဝု‥ အုဝု‥" လို့ အော်နေချေ၏။

"ဒိန်း"

မုဆိုးကြီးမြင့်မောင်က ကျွန်တော်ပင် စိတ်ကူးရုံရှိသေး ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com


တော့၏။

"ဝေါ..ဘရော..ဝေါ..ဘုတ်"

တစ်ချက်တစ်ကောင်မြင့်မောင်ပေယံ.. မျောက်ကောင်မြေပြင်သို့ ပြုတ်ကျလာချေ၏။

ကျွန်တော်တို့ စခန်းနှင့်မဝေးလှသောနေရာဖြစ်ခြင်းကြောင့် မြင့်မောင်သည် သေနတ်ကို ထားခဲ့ကာ ထိုမျောက်ကောင်ရှိရာသို့ ထွက်သွားလေ၏။ ကျွန်တော်က သူ့သွားလမ်းထင်သာမြင်သာ ရှိစေရန် ဓါတ်မီးလှမ်းထိုးပြနေလိုက်၏။

သို့မှ

"ဟာ"

ကျွန်တော်သည် မြေပြင်သို့ ထိုးနေသော ဓါတ်မီးကို သစ်ပင် အထက်ကွခုံနေရာလောက်ဆီသို့ ဘာရယ်မဟုတ် ထောင်ထိုးလိုက် သည်တွင်မတော့ ကျားသစ်ကောင်ကို တွေ့လိုက်ချေတော့၏။ မြင့်မောင်နှင့် ထိတ်တိုက်တိုးပေပြီ.. ကျားသစ်ကောင်က မြင့်မောင်ကို ချောင်းနေခြင်းဖြစ်၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော်၏ မီးရောင်ဖြင့် ကျားသစ်ကောင်ကို တွေ့သွားခြင်းဖြစ်တော့၏။

သည်တော့ မြင့်မောင်သည် သူ့တွင်လည်း သေနတ်မပါလေခြင်းကြောင့် မြေပြင်သို့ ရုတ်ခြည်းကုန်းလိုက်ကာ ခဲလုံးကြီးကြီးတစ်လုံးကို ကောက်ယူကာ ကျားသစ်ကောင်ရှိရာသို့ လှမ်းပစ်လိုက်ချေတော့၏။ သည်တွင်

"ဂါး..ဂရော..ဂါး.."

ကျားသစ်ကောင်က ခဲလုံးမမှန်ပေပြားသို့ အော်ဟစ်လိုက်ချေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြေလှမ်းဆယ်လှမ်းမျှသာရှိသော မြင့်မောင်ကြီးဆီသို့ ကိုက်ခဲ့ရန် ခုန်အုပ်ပေတော့မည်အချိန် နောက်ထပ်ခဲတစ်လုံးကို မြင့်မောင် ရှာမတွေ့ပုံ ပင်··သို့ဆိုတော့··

"ဂါ··ကရေး··ဂွး··ဂါ··"

ကျားသစ်ကောင်သည် လက်တကမ်းတွင်ရှိ မြင့်မောင်ထံသို့ ခုန်လွှားလာချေတော့၏။

"ဟာ"

"ဟင်"

ကျွန်တော်တို့မျက်လုံးပြူးသွားရတော့၏။ မြင့်မောင်တစ်ယောက် ကျားသစ်ကောင်၏ ခုန်လွှားတိုက်ခိုက်လာခြင်းကို ရှောင်နိုင်လိမ့်မည် မဟုတ်ပါချေ··

သို့အချိန်လေးမှာပင်···

"ဒိန်း"

ဘုရားရေ· တော်ပါသေးရဲ့· ကျွန်တော်ထင်ထားသည်မှာ မြင့်မောင်ကြီးတစ်ယောက် ကျားသစ်ကောင်နှင့် သူသေကိုယ်သေ နပမ်းလုံးရပြီးရယ်လို ထင်ခဲ့ခြား လင်းမြင့်လှိုင်၏ Snap Shot ပစ်ချက် က မလွဲလေသည်ကြောင့် မြင့်မောင်တစ်ယောက် ကံအကောင်းကြီး ကောင်းသည်ဟု ဆိုရခြိမ့်မည်။

သို့ဖြစ်ပျက်ပြီးသည်နှင့် သစ်ပင်တို့အထက် သစ်ကိုင်းသစ်ခက် တို့တွင်မှ ပြေးလွှားခုန်လွှားထွက်သွားသံများ ကြားရလေတော့၏။

ဘာတွေပါလိမ့်·· ကျွန်တော်နားမလည်နိုင်ဖြစ်ပေမင့်··

"ဟား··ဟား··ဟား··ဟား··ဟား··ဟား·· ရယ်ကြယ်ကွာ။ ကိုလင်းရဲ့ သေနတ် ပစ်ချက်က ကျွန်တော်တို့ကို ချွေးပြောင်းနုကွ

www.burmeseclassic.com



ပေးဖို့ကြံနေကြတဲ့ မျောက်လူတွေ ထွက်ပြေးသွားကြပြီ··"

မြင့်မောင်ကြီးက သို့ပြောပြီး ကျားသစ်ကောင်ကို ကောက်ထမ်းလာလေ၏။

"ဘုတ်"

မီးပုံနံဘေးတွင် ပစ်ချလိုက်ကာ တစ်ဖက်ပြန်လှည့်မည်အလုပ်တွင်··

"မျောက်ကောင်ကို သွားယူမလို့လား··မယူပါနဲ့တော့ဗျာ··သည်ကျားသစ်ကောင်ကိုတောင် ကုန်အောင် ရက်အတော်များများစားရမှာ··"

လင်းမြင့်လှိုင်က ပြောလေသဖြင့် မြင့်မောင်နေရင်းနေရာသို့ပြန်ထိုင်လိုက်ချေတော့၏။

ကျွန်တော်တို့သည် ကျားသစ်ကောင်ကို အရေခွတ်လိုက်ချေ၏။ အသားတို့ကို တုံးတစ်၍ ဖုံစို့ထိုးလိုက်၏။

အတန်ကြာတွင် လုပ်ငန်းများအားလုံးပြီးစီးသွားသလို ဝိတပြားလည်းကုန်သွားချေပြီဖြစ်လေ၏။

ကျားသစ်ကောင်မီးကင် အကျက်ကို ထိုင်စောင့်နေကြချေတော့၏။

အတန်ကြာကြာတွင် အသားကင်ရနံ့ သင်းပျံ့ထွက်လာလေတော့၏။ သို့ဆိုတော့

"မွှေးလိုက်တာဗျာ·· ဘာကောင်ပါလိမ့်··"

မြင့်ဆွေတစ်ယောက် အိပ်ယာမှ ထလာပုံပင်· သို့ပေမင့်ထင်းမီးပုံဘေးမှ ကျားသစ်အသားဖုံစို့တို့ကို ကြည့်မေးလာလေ၏။

သို့ဖြစ်၍ ကျွန်တော်က ကျားသစ်ကောင်တွေခြင်း၊ ပစ်ခတ်

www.burmeseclassic.com



လိုက်ခြင်းတို့ကို ပြောပြလိုက်၏။ သို့မှ မျောက်လူတွေပြေးလွှားသွားကြ ပုံပါ ပြောလိုက်၏။

"ကဲ‥ မပြောပေဘူးလား‥ မျောက်လူတွေ ကျွန်တော် တို့ကို ဝိုင်းပတ်ထားတာ‥ အလစ်အငိုက်စောင့်ပြီး တိုက်ခိုက်ကြမယ် လို့ပြောထားတယ်လေ‥ ဟုတ်ပြီလား‥ လက်ခံပြီလား‥"

သို့ အောင်နိုင်သူလေသံဖြင့် ပြောလာလေတော့၏။

"ကဲပါဗျာ‥ နက်ဖြန်ကျ ခင်ဗျားတွက် ခြေရာခံလိုက်ပြီး မဖြစ်မနေ ကလဲ့စားချေပေးပါမယ်‥"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေတော့၏။ စိတ်ထဲမှ အမှန် တကယ်ပြောလေခြင်းလား‥ဟန်ဆောင်နေခြင်းလားဆိုတာကိုတော့ စောင့်ကြည့်ရပေဦးမည်။

ကျွန်တော်တို့သည် ကျားသစ်သားမီးကင်စားရန် အခြေ အနေဖြစ်လာသည်ကြောင့် ပူပူလောင်လောင်အသားတို့ကို ကိုက်ဝါးစား လိုက်ကြတော့၏။

သို့မှ -

"ကိုလင်း‥ဘယ်လိုလဲ‥"

"ဘာတုန်း‥"

ကျွန်တော်က လက်ဝါးလေးကို ဖြန့်ပြလိုက်သည်ကြောင့်

"ဆောရီးဗျာ‥ မသောက်နိုင်ကြတော့ဘူးထင်လို့ပါ‥"

သို့ပြောပြီး ဗီစကီပုလင်းပြားလေး ထုတ်ပေးလာချေတော့၏။

သို့ဆိုတော့ မြင့်ဆွေသည်လည်း ကျွန်တော်တို့နှင့် လာငိုင်း လေတော့၏။

သို့မှ တစတစ အလင်းရောက်လာလေ၏။ တိုက်ဆိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သောတောသည် ကျေးငှက်ငယ်တို့ အသံစာစာမှနေ၍ တောတိရိစ္ဆာန်တို့ အိပ်ယာထ ပြေးလွှားလေခြင်းကို ကြားလိုက်ကြရချေတော့၏။

တနေ့တာ လုပ်ငန်းခွင်ဝင်ကြလေခြင်းဖြစ်ချိမ့်မည်။ ကျွန်တော်တို့သည် စားသောက်ပြီးနောက် နားနေကြပြီးသည်နှင့် ထိုစခန်းမှ ထွက်ခဲ့ကြလေ၏။ သို့ဆိုတော့ ညက မျောက်ကျသွားသော သစ်ပင်အခြေသို့ ရောက်ခဲ့ကြသည်တွင်

"ဟင်"

"ဟာ"

"မျောက်မရှိတော့ပါကလား.."

"ဘယ်လိုဖြစ်တာလဲ.."

ကျွန်တော်က တအံ့တသြဖြင့် မေးလိုက်ခြင်းဖြစ်၏။

"ညက သားစားသားရဲတစ်ကောင် ချီသွားတာဖြစ်မပေါ့"

လင်းမြင့်လှိုင်က သို့ပြောပေမင့် ကျွန်တော် မယုံပါချေ..။

သို့မှ ကျွန်တော်တို့သည် ခရီးဆက်ခဲ့ကြသည်တွင် မြင့်ဆွေ သွားလိုသည့် နေရာသို့ ဦးတည်သွားကြခြင်းဖြစ်တော့၏။

သူ့အားမျောက်လူတို့က သတ်ဖြတ်မိုကြိုးစားသည်ကို မခံမရပ်နိုင်ဖြစ်နေပုံပင်..

"သည့်ကောင်တွေကို ကောင်းကောင်းပညာပြန်ပေးရလိမ့်မယ်"

သို့ ကြိမ်းဝါးသွားလေခြင်းဖြစ်တော့၏။

သို့မှ ကျွန်တော်တို့သည် မြောင်      လေးတစ်ခုသို့ ရောက်ခဲ့ကြပြန်၏။

မြောင်      လေးအတွင်း ကျွန်တော်တို့ဝင်သွားကြပြီးနောက် အခင်ပြေမည့် (အတက်လွယ်သည့်နေရာ) မြောင်ထိပ်မှ ရောက်သည်

www.burmeseclassic.com

www.burmeseclassic.com



တွင် တက်လိုက်ကြ၏။

ပျဉ်းမရွက်ကြီးပင်များမြောက်များစွာပေါက်ကာနေသည့် ပျဉ်းမတော ဖြစ်နေချေ၏။

ကျွန်တော်တို့သည် ပျဉ်းမတောတွင်း တောတိုးခဲ့ကြရမှာ

"ဟိုမယ်..ဟိုမယ်.."

မုဆိုးကြီးမြင့်မောင်က ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြ၏။

အလိုလေးဗျာ.. မြေပြင်တွင် လူတစ်ယောက်မှောက်ခုံကြီး လဲနေပါကောလား.. ဘာဖြစ်တာပါလိမ့်.. ဝါးခုတ်သမားဖြစ်ချိမ့်မည်။

ကျွန်တော်တို့သည် ထိုသူနားရောက်သည်တွင် ဝိုင်းထိုင်လိုက်ကာ ထိုသူအား ဆွဲလှန်လိုက်၏။

ဘုရားရေ.. သေနေပါကောလား.. ဘယ်လိုဖြစ်တာပါလိမ့်။ လင်းမြင့်လှိုင်က ထိုသူ့ခန္ဓာကိုယ်အနှံ့ ဒဏ်ရာတို့ကို ရှာဖွေနေပုံပင်

"ဘာဒဏ်ရာမှ မရှိဘူးဗျ.."

သို့ ကျွန်တော်က ပြောလိုက်၏။

"ဦးနှောက်သွေးကြောပြတ်သွားတာလား.."

မြင့်မောင်က သို့ပြောလာ၏။

"ဘယ်လိုကြောင့်ပါလိမ့်.."

မြင့်ဆွေက ပြောလေ၏။

"သူ့အသတ်ခံလိုက်ရတာဗျာ .."

လင်းမြင့်လှိုင်က သို့ပြောလေသဖြင့် ကျွန်တော်တို့ ထိတ်လန့်သွားကြတော့၏။ မည်သည့် ဒဏ်ရာမျှလည်းမတွေ့လေဘဲ မည်သို့ကြောင့် လင်းမြင့်လှိုင်က သို့ပြောတာပါလိမ့်..။

ကျွန်တော်စိတ်တွင်း သို့ဖြစ်နေသည်ကို သိရှိရလေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းက ထိုသူ၏ လည်တိုင်ကို ထိုးပြလေပြီး

"သည်မယ်··တွေ့လား·· လည်ပင်းညှစ်သတ်ခံရတာ ··"

အလိုလေးဗျာ··ဟုတ်ပါ့··လည်ပင်းတဝိုက်··ညိုမဲနေချေတော့၏။

"ဘယ်လိုလုပ်ကြမလဲ··"

ကျွန်တော်တို့ ကာံဆိုးခြင်းပင်··တောနက်ထဲတွင် လူသေအလောင်းတစ်လောင်းနှင့် ကျွန်တော်တို့ရှိနေသည်ကိုး··

"ဟေး· ဟေး·· ဟေး·· ဝိုင်းထား ·· ဝိုင်းထား·· တစ်ယောက်မှ မလွတ်စေနဲ့"

အလိုလေးဗျ··သို့အသံနှင့်အတူ လူအုပ်ကြီး ရုတ်တရက် ကျွန်တော်တို့ကို ဝိုင်းပတ်ထားချေလေ၏။ သူတို့လက်ထဲတွင် တုတ်ချောင်းများ၊ ဓါးများ၊ လှံများ၊ ဝါးချွန်များ ဒူးလေးများကို ကိုယ်စီကိုင်ထားကြချေ၏။

ကျွန်တော်တို့ ၄ ယောက်တွင် သေနတ်ကိုယ်စီကိုင်ထားကြသော်လည်း ခုခံပစ်၍မရပါချေ··ဘယ့်ကြောင့်မူ ကျွန်တော်တို့ကို ဝိုင်းထားသူများသည် သာမာန်ရွာသားများဖြစ်နေခြင်းကြောင့်ပင်··။

သို့မှ လူကြီးနှစ်ယောက်သည် ကျွန်တော်တို့နား ကပ်လာချေပြီး ··။

"သူက ငါတို့ရွာသားပဲ ပျောက်နေလို့ လိုက်ရှာတာ·· မင်းတို့ ဘာလို့ သတ်လိုက်တာတုန်း··"

သို့မေးလာသောသူကို ကျွန်တော် စေ့စေ့ကြည့်မိ၏။

အရပ်အမောင်းထောင်ထောင်မောင်းမောင်းဖြစ်၏။ ဆံနှုတ်ကား၏။ မုတ်ဆိတ်မွှေးဗုလပျစ်ရှိချေ၏။ နှုတ်ခမ်းမွှေးထူထူရှိချေ၏။ မျက်လုံးသည်

www.burmeseclassic.com

www.burmeseclassic.com



စူးရှလွန်း၏။ သန်မာပုံရ၏။ ပြီးတော့ ပြတ်သားပုံရ၏။

လင်းမြင့်လှိုင်က ထိုသူ့ရေ့ရှုပ်လိုက်ချေပြီး

"ကျွန်တော်တို့သည် သွားရင်းလာရင်းတွေ့တာ‥ ဘယ်သူ့သတ်သွားလဲမသိဘူး‥"

သို့ တည်တည်ငြိမ်ငြိမ်ပြောလိုက်၏။

သည်တွင် ထိုမုတ်ဆိတ်ဗရပျစ်နှင့်လူက လင်းမြင့်လှိုင်ကမထိလေးစားမျက်နှာဖြင့်ကြည့်လိုက်ပြီး

"လူသတ်သမားကတော့ သူ့သတ်ပါတယ်လို့ ပြောကြတာမှမဟုတ်တာချည်း‥"

ဘုရားရေ‥ သူ့ပြောပုံအရ ကျွန်တော်တို့သည် သူတို့ရွာသားကိုသတ်လိုက်သည်ဟု စွပ်စွဲလာခြင်းပါကလား‥။

"သည်တော့ ခင်ဗျားဘာဖြစ်ချင်လဲ‥"

"မင်းတို့ကို ဖမ်းရမယ်‥"

"ဟုတ်ပြီ‥ ကျွန်တော်တို့ကို ဖမ်းမယ်ဆိုတော့ ခင်ဗျားကဘယ်သူများလဲ‥"

မည်သို့ပင်ဆိုစေ‥ လင်းမြင့်လှိုင်တစ်ယောက်ဒေါသထွက်ပြီးကြောက်ရွံ့ထိတ်လန့်ခြင်းမရှိပေဘဲ ထိုသူကို တည်ငြိမ်အေးဆေးစွာပြောနေခြင်းကို ထိုသူ ရွံ့သွားပုံရချေ၏။ သို့ကြောင့်

"အေး‥ ငါက ရွာလူကြီးပဲ‥ ငါတို့ရွာက သည်နားလေးမှာရှိတယ်‥ ငါတို့နောက်လိုက်ခဲ့ကြပါ‥ ငါ မင်းတို့ကို သေသေချာချာစစ်ဆေးရလိမ့်ဦးမယ်‥"

သို့ပြောလည်းပြော သူ့လူတွေကိုလည်း လှည့်ကြည့်လိုက်ချေ၏။ သည်တွင် လူတစ်စုက ကျွန်တော်တို့အနားကပ်လာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ငါယုံတယ်ဆိုတော့ မင်းတို့သေနတ်ကို မသိမ်းဘူး။ မသိမ်းဘူးဆိုတာလဲ မင်းတို့က ပေးမှာမှမဟုတ်တာချည်း‥ နို့ကြောင့် သည်ကိစ္စကို အေးအေးဆေးဆေးဖြေရှင်းလိုတာကြောင့် ငါတို့နဲ့ အေးအေးဆေးဆေးလိုက်ခဲ့ကြ‥"

သို့မှ ကျွန်တော်တို့သည် ထိုလူစုဦးဆောင်မှုဖြင့် ရွာဆိုသော နေရာသို့ ရောက်လာခဲ့ကြချေတော့၏။

အိမ်ခြေသိပ်ရှိလှသည်မဟုတ်သော တဲစုလေးဟုဆိုရမည်။ သို့ပေမင့် တဲစုလေးတို့ ဝန်းရံထားသည့် အစုလေး အလယ်လောက်တွင် ခန့်ခန့်ညားညားဆောက်ထားသော အိမ်ကြီးတစ်လုံးကို တွေ့လိုက်ကြ တော့၏။

ကျွန်တော်သတိထားမိသလောက်ပြောရမည်ဆိုပါလျှင် တဲလေးများစွာရှိသည်ဆိုရာတွင် အမိုးထန်းရွက် (သို့မဟုတ်) ငှက်ပျော ရွက်နှင့် အကာကိုမူ အချို့တဲတန်းတွင် ဝါးကို ခြမ်းယက်ထားခြင်းဖြစ်ပြီး အချို့သည် ငှက်ပျောရွက် ထန်းရွက်များကိုသာ အကာအဖြစ် အသုံး ပြုထားခြင်းသာဖြစ်ချေ၏။ ထိုတဲစုလေးတွင် သို့ဆိုသလို သစ်ကြီး ဝါးကြီး ဖြင့် ဆောက်ထားသော အိမ်တစ်လုံးကို တွေ့ရခြင်းကြောင့် အံ့ဩမဆုံး ဖြစ်ရတော့၏။

"သည်အိမ်က ကောင်းလှချည်လား‥ ပြီးတော့ ဝန်းနဲ့ခြံနဲ့ ပါကလား"

ကျွန်တော်က သို့ပြောလိုက်၏။

"ကျွန်တော်တို့ကို ဦးဆောင်သောသူက

"သည်ဝန်း သည်ခြံက ကျုပ်အိမ်ဗျ‥"

"ဗျာ‥"

www.burmeseclassic.com

www.burmeseclassic.com


"ဟာင်"

သို့ပြောလာသည့်သူ့ကို ကျွန်တော်တို့ စေ့စေ့ကြည့်မိချေ… ခင်ဗျားက သည်တဲစုလူကြီးမဟုတ်လား‥"

ကျွန်တော့်အမေးကြောင့် ထိုသူက ကျွန်တော်တို့အား ခပ်စိမ်းစိမ်းကြည့်လာချေပြီး

"ဟုတ်တယ်လေ‥ဘာဖြစ်လို့လဲ‥ပြောလေ‥ဘာဖြစ်လဲ"

"ဘာ‥ဘာမှမဖြစ်ပါဘူး‥"

ကျွန်တော်ပြောလိုသည့်စကားကို မပြောပါတော့ချေ‥။ သို့ပေမင့် သူကမူ‥

"ကျုပ်က လူကြီးပဲ‥ သည်တဲစုလူတွေရဲ့ ခေါင်းဆောင်ပဲ‥ သည်တဲစုလူတွေရဲ့ ဘဝနဲ့ အသက်ဆိုင်ခုံးပဲ‥ ကျုပ်တဲစုကို ထိန်းချုပ်ထားရတယ်လေ‥ သည်တဲစုလူတွေရဲ့ လုံခြုံရေး၊ စားဝတ်နေရေး‥ ကျုပ်တာဝန်ချည်းပဲဗျ‥နို့ဆိုတော့ ကျုပ်က သည်တဲစုအတွက် မရှိမဖြစ်လိုအပ်တဲ့သူလေဗျာ‥ သည်တော့ ကျုပ်မရှိလျှင် မဖြစ်ဘူးပြောလို့ရတယ်‥နို့ကြောင့် ကျုပ်ရဲ့လုံခြုံရေးက အရေးကြီးပြီလေ‥ သည်တော့ လေဒဏ်မိုးဒဏ်မက သားရဲကောင်တွေရဲ့ ဒဏ်ပါခံနိုင်အောင်၊ ပြီးတော့ ကျုပ်မိသားစု၊ နွေးနွေးထွေးထွေးရှိဖို့ အဓိကလိုအပ်ချက်ပဲ‥နို့ ကြောင့် ကျုပ်မိသားစု နေအိမ်ကို ခုလိုဆောက်ထားရတာပေါ့‥"

"ဗျာ"

"ဟင်"

"အို"

"အင်းလေ‥လူကြီးဆိုတာလဲ‥ သူများထက်ပိုပြီး စားခွင့်ရှိရမပေါ့‥"

www.burmeseclassic.com

www.burmeseclassic.com



သို့မြင့်ဆွေက ပြောလိုက်လေ၏။ ဘယ်လိုသဘောနှင့် ပြောသည်ကိုတော့ဖြင့် ကျွန်တော်သိလိုက်၏။ ကျွန်တော်တို့ သိကြပေမင့် ထိုလူကြီးဆိုသူသည် သိလိမ့်မည်မဟုတ်ပါချေ‥။

ကျွန်တော်တို့သည် ထိုလူကြီးအိမ်ခြံဝန်းရှေ့တွင် ခေတ္တမျှ ရပ်၍ ပတ်ဝန်းကျင်သို့ လေ့လာကြည့်နေစဉ် လူအချို့ ယောက်ျား၊ မိန်းမတို့သည် သစ်ကိုင်းခြောက်များထမ်းပိုး‥ရေများထမ်းပိုး‥သစ်သီးများ ထမ်းပိုး၍ လူကြီးအိမ်ဝင်ထွက်သွားလာနေကြသည်ကြောင်‥

"ခင်ဗျားအိမ်မှာ အလုပ်အတန်းလုပ်ဖို့များလား‥"

ကျွန်တော်က မေးလိုက်၏။

"ဘာမေးလိုက်တယ်‥ရှင်းအောင်မေးဗျာ‥"

သို့ထိုသူက ပြောလာလေ၏။

"အော်‥ ‥အိမ်ခြံဝင်းထဲကို စားစရာတွေ၊ ထင်းခြောက်တုံးတွေ၊ ရေတွေကို လူတွေက သယ်ယူဝင်သွားလာကြတာကြောင့် အလုပ်လုပ်စရာရှိလို့လားမေးတာပါ‥"

သို့ဆိုတော့ ထိုသူက ကျွန်တော်တို့အား ခပ်စိမ်းစိမ်းကြည့်နေချေပြီး‥

"ကျုပ်က သည်တဲစုက လူတွေကို အုပ်ချုပ်နေတာလေဗျာ သည်တော့ ကျုပ်မိသားစုအတွက် စားဝတ်နေရေးကို လစ်လျူရှုထားရတာကြောင့် ကျုပ်မိသားစု တွက် သူတို့တာဝန်ယူပြီး ပံ့ပိုးကူညီကြရတာပေါ့ ကျုပ်ကတဲစုလူတွေရဲ့ ကိစ္စအဝဝလုပ်ရတယ်‥"

ဘုရားရေ ‥ကျွန်တော်သဘောပေါက်လိုက်ချေပြီ။ လင်းမြင့်လှိုင်နှင့် မြင့်မောင်‥မြင့်ဆွေတို့ကိုလည်း အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည်လည်း ကျွန်တော်လို သဘောပေါက်သွားသည် ဆိုရချိမ့်မည်။

"ကဲ‥လာကြချေ‥သည့်ထဲမယ် အသုဘတစ်ခုရှိတယ်‥ ခင်ဗျားတို့ လိုက်ခဲ့ကြချေ‥ ကျုပ်သည်တဲ့စုလူတွေအတွက် ဘာလုပ်ပေးရမယ်ဆိုတာလဲ ခင်ဗျားတို့သိရမပေါ့‥"

သို့ဆိုတော့ ကျွန်တော်တို့သည် ထိုသူဦးဆောင်ရာနောက်လိုက်သွားကြပြန်တော့၏။

"အုဟု‥ အုဟု‥အုဟု‥"

"ဟင်"

"ဟာ"

ကျွန်တော်တို့သည် ထိုသူနောက်လိုက်ခဲ့ကြရာမှ သို့ဆိုသလိုလူငယ်တစ်ယောက်က အော်ဟစ်နေလေခြင်းကြောင့် ကျွန်တော်တို့သည် မျောက်လူကို သတိရလိုက်ကြချေတော့၏။

ထိုသူငယ်သို့ မျောက်လိုအော်ဟစ်သွားလာနေသည်ကို ရွာလူကြီးဆိုသူ သိလိုက်သဖြင့် မျက်နှာပျက်သွားကာ‥

"မင်းတို့တွေ‥အဲဒီကောင်လေးကို ဖမ်းချုပ်ထားလိုက်ကွာ"

သူနောက်ပါလူတို့ကို ပြောလေသဖြင့် သူတို့သည် ထိုမျောက်လိုအော်ဟစ်နေသည့် လူငယ်နောက်လိုက်သွားကြချေတော့၏။

ထိုလူငယ်ကို သူတို့ဘာလုပ်ကြမည်ကိုတော့ဖြင့် ကျွန်တော်တို့မသိပါချေ‥ ဘယ့်တွက်မူ

"ခင်ဗျားတို့တွေကျုပ်နောက်လိုက်ခဲ့ကြချေ‥"

သို့ဆိုသလို ထိုလူကပြောဆိုသဖြင့် သူနောက် နေလာတကြီးလိုက်၍သွားရသောကြောင့်ဖြစ်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့်လို့ ကျွန်တော်က

"သည့်ရုပ်ငယ်က မျောက်လိုအော်တတ်တယ်နော်… ဘယ်လို သဘောလဲ…"

မေးလိုက်ချေ၏။

"အေးဗျာ…ကျုပ်က သူတို့ဘဝမြင့်တက်အောင် ဦးဆောင်ပြီး ပြုပြင်ပေးပေမင့် သူတို့က လူ့ဘဝထဲကနေ တိရိစ္ဆာန်ဘဝကို သွားချင်နေပုံပဲဗျ… ဘယ့်နှယ့်ဗျာ…လူသားဖြစ်လာပြီး တစတစ ပျော့ပြောင်းယဉ်ကျေးလာရမှာကို သူက ပြောင်းပြန် တိရိစ္ဆာန်လိုဖြစ်ချင်တယ်၊ သည်တဲစုမယ် အဲဒီလူတွေအများကြီးရှိတယ်… ကျုပ်သူတို့ကိုလေ …မနည်းနှိပ်ကွပ်နေရတယ်…"

"ဗျာ"

"ဟင်"

သူ့စကားကြောင့် ကျွန်တော်တို့ သူ့ကို ဘယ်လိုနားလည်ရမှန်း မသိဖြစ်ရချေတော့၏။

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်ချေတော့၏။

လင်းမြင့်လှိုင်က ပြုံးပြုံလို့သာရှိချေ၏။

သို့မှ ကျွန်တော်သည် လွန်စွာမှ သေးသိမ်လှသော တဲအိမ်လေးများကျော်လွန်ခဲ့ပြီးနောက် အမိုးအကာနှင့် လူကြီးအိမ်လောက် မကောင်းပေမင့် တဲစုရှိတဲများနှင့် ကောင်းလွန်းလှသော အိမ်တိုင်းတစ်ခုသို့ ရောက်ခဲ့ကြတော့၏။ တဲအိမ်တို့မှ လူအချို့သည် ကျွန်တော်တို့အား ခေါ်ဆောင်လာသည့်သူကို တွေ့သည်နှင့် တရိတသေ သက်ဆဲကြချေ၏။ ဦးညွှတ်မတက် ဆက်ဆံနေကြခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



"သည်လူတွေ ခင်ဗျားကို အင်မတန် ရိုသေကြပုံပဲဗျ"

သို့ ကျွန်တော်က ပြောလိုက်လေ၏။

ထိုသူတို့၏ တဲစုမှ ယောကျ်ား၊ မိန်းမအားလုံး "ဆရာကြီး ဆရာကြီး" ဟုသာ ခေါ်ဝေါ်နေကြတော့၏။

"သည်လူတွေ ကျုပ်ရဲ့ စိတ်ချယုံကြည်ရဆုံးသူတွေပဲ"

"အော်"

"အင်း"

စိန်နားကပ်ရောင်နှင့် ပါးပြောင်ဆိုသလို ကျွန်တော်တို့သည် ထိုလူကြီးနှင့် ပါလာကြသူများဖြစ်ခြင်းကြောင့် သူတို့သည် ကျွန်တော်တို့ အားလုံးဖြတ်သန်းခဲ့ရာ တဲစုလေးမှ လူတွေကဲ့သို့ အမြင်မကြည်ပုံ ကြည့်လာခြင်းမရှိကြချေ..။

"ညှိသည်တွေ ညှိသည်တွေ ငါတို့လူကြီး ညှိသည်တွေ၊ မျက်နှာမပျက်ကြစေနဲ့..ဟဲ့..ဟဲ့..လုပ်ကြစမ်း .. လူကြီးဘယ်မှာ တည်းမလဲမသိကြဘူး..ဘာစားမလဲမသိဘူး..ဘာပြောမလဲမသိဘူး. .."

ထိုအိမ်စုခေါင်းဆောင်ဟုထင်ရသည့်သူက ပြာပြာသလဲဖြင့် ပြေးလာ၏။ သူနောက်လိုက်များဟု ယူဆရသူများသည် ရိုကျိုးစွာဖြင့် ပြောဆိုလှုပ်ရှားနေကြချေပြီ။

"လူကြီး..လူကြီး..ကျုပ်တို့တွေ ဘာလုပ်ပေးရမလဲ..ဘာလုပ် ပေးရမလဲ.."

ခြေမကိုင်မိ လက်မကိုင်မိဖြင့် ပြေးလာလေ၏။

"ကတုံးအိမ်ဝင်းထဲ လိုက်ခဲ့ကြချေ.. မင်းတို့ ဘာတွေလုပ် ရမယ်သလောဘာပေါက်တယ်နော်.."

www.burmeseclassic.com

www.burmeseclassic.com


လူကြီးပြောလိုက်သည်တွင် သူတို့သည် လှစ်ခနဲ အနားမှ ပြေးထွက်သွားကြတော့၏။ သည်တွင် လူကြီးနှင့် ပါလာသူများမှ အချို့သည် ထိုလူတို့နောက်လိုက်သွားကြချေပြီး ကျန်လူအချို့သည် ကျွန်တော်နှင့်အတူပါလာကြပြန်တော့၏။

သို့မှ

"ကတုံးအိမ်မှာမရှိဘူးလား . . "

လူကြီးအိမ်တစ်အိမ်ရှေ့ အရောက်တွင် အိမ်ရှင်ကဲ့သို့ ဝင်သွားသဖြင့် ကျွန်တော်တို့လည်း လိုက်ဝင်ကြချေတော့၏။

ထိုအိမ်ဝန်းမှ ထွားထွားကျိုးကျိုး အမျိုးသမီးတစ်ယောက်ထွက်လာပြီး

"ဟင် . . ဆရာကြီးပါလား . . လာပါရှင့် . . လာပါ . . ဆရာကြီးတပည့်ကတော့မရှိဘူး . . သည်ကနေ့ တောထဲဝင်သွားတယ် . . ဆရာကြီးတို့တွက် ရိက္ခာစိုသွားရှာမယ်ပြောသွားတာပဲ . . "

"အေး ကတုံးမရှိလျှင်လည်း မင်းရှိနေတာပဲကွာ . .။ ငါတို့သည်မယ်နားမယ် . . ဖြစ်တယ်လား . . "

လူကြီးသို့ပြောလိုက်သည်ဆိုပေမင့် လူကတော့မူ သူ့မနားရောက်သွားလေ၏။

"အလိုလေ . . ဆရာကြီးရယ် . .၊ ဘယ်နှယ့်ပြောပါလိမ့်၊ ဆရာကြီးရဲ့ လက်ရင်းတပည့်ကြီးပဲ . . ဆရာကြီး ခဏမဟုတ်ဘူး ဘယ်လောက်တည်းတည်း ရတာပဲဟာကို . . "

ထိုထွားထွားကျိုးကျိုး အမျိုးသမီးက သို့ပြောလည်းပြော ဆရာကြီးဆိုသူကိုလည်း ပြုံးပြလေ၏။ ထူးဆန်းသည်မှာ သူမအိမ်သို့ ကျွန်တော်တို့တွေပါလာသည်ကို အသိအမှတ်ပြုပုံမရချေ။ ဆရာကြီး

www.burmeseclassic.com


ဆိုသူလူကြီးကိုသာ ဂရုတစိုက်ရှိလွန်းလှချေ၏။

"ဘယ်လိုသဘောပါလိမ့်··"

"ငါ့မယ် အသားတွေပါတယ်· စားဖို့ လုပ်ချေ··"

သို့ပြောလိုက်သည်နှင့် အမျိုးသမီးသည် အိမ်နောက်ခန်းသို့ ပြေးဝင်သွားချေတော့၏။

"သူက ကျုပ်လက်ရုံးတပည့်ကြီးမိန်းမလေ·· ကျုပ်က ဘာလုပ်ချင်တယ်၊ ဘာဖြစ်ချင်တယ်ဆို ပြောစရာမလိုဘူး··။ ကျုပ်ရဲ့ အရိပ်အကဲကိုကြည့်ပြီး သူဆုံးဖြတ်တယ်၊ သူ့ယောက်ျားက မူးကောင်လေးတစ်ယောက်ပါကွာ··အမြဲမူးနေတတ်တယ်··။နို့ပေမင့်လို့ သူမက ကျုပ်ခိုင်းထားတဲ့သူ့ယောက်ျားအလုပ်တွေကိုသူမလုပ်ပေးနိုင်တယ်။ အားကိုးလောက်တယ်လေ· ပြီးတော့ အချိန်အားတိုင်း တောထဲဝင်တာပဲ·· အမဲပစ်တော့တာပဲ·· အဲတစ်ခုတော့ရှိတယ်·· ကျုပ်တို့မိသားစုတွက် သူက ရိက္ခာစိုရှာပေးတယ်လေ၊ ကျုပ်တို့အိမ်မယ် ရိက္ခာစိုပြတ်တယ်ဆိုတာမရှိရလေအောင် သူရှာပေးနိုင်တယ်··၊ အဲဒီတစ်ခုတော့ သူကောင်းကောင်းတာဝန်ယူနိုင်တယ်၊ ပြီးတော့ သူတို့က ကျုပ်သဘောကိုသိတာကြောင့် ကျုပ်ရဲ့ လက်ရင်းတပည့်ကြီးလို့ ဖြစ်နေရတာပေါ့··ဟဲ··ဟဲ··"

"ကဲ··ကဲ·· ခင်ဗျားတို့တွေ နားကြချေဦး··ကျုပ်လဲ ခဏတဖြုတ်နားလိုက်ဦးမယ်၊ လိုတာရှိ သူတို့ကိုပြောလေ··ဟုတ်ပြီလား"

လူကြီးက သို့ပြောပြီး အိမ်ရှေ့ခန်းမှ အတွင်းခန်းသို့ ဝင်သွားလေတော့၏။

သူဝင်သွားသည်နှင့် အိမ်ခန်းအတွင်းမှ

"ဟာ··ဆရာကြီး နားမယ်လား·· အိပ်မယ်လား·· လာ·


www.burmeseclassic.com

www.burmeseclassic.com



လာ•• သည်မယ်••အိပ်ပါ•• မဟုတ်တာလူကြီးရယ်•• သက်သောင့် သက်သာ အိပ်စမ်းပါ••ဆရာကြီးရဲ့ ညည်းသည်တွေကို ကျွန်မ တာဝန်ယူ ပါတယ်•• ဆရာကြီး သာ စိတ်ချလက်ချနားပါ••အိပ်ပါ•• ဟင်း•• ဟင်း•• ဘာမှ အားမနာပါနဲ့ ဆရာကြီးရယ်•• သူ့အိပ်ယာမယ် ဆရာ ကြီးအိပ်ပါ••ရပါတယ်••သူက ဆရာကြီးရဲ့ လက်ရင်းတပည့်ကြီးပဲ ဟာ••ဟင်း••ဟင်း•"

သို့အသံကြောင် ကျွန်တော် အံ့ဩမိသေးတော့၏။ ဘယ်လို ကြီးပါလိမ့်• သူများအိပ်ယာတွင်ဝင်အိပ်လေသည်ပဲ။

ပြီးတော့ ရွာတွင်းသွားလာနေသည့်ကိစ္စလေးကို ပင်ပန်းလွန်း သည်ဟု လူကြီးထင်နေသည်လား••မိုးကျရွှေကိုယ်များဖြစ်နေသည် လား••လူကြီးက သန်သန်မာမာ တောင့်တောင့်တင်းတင်း••။

သို့ကျွန်တော်တွေးတောနေစဉ်

"စားကြပါရှင်••စားပါ•• ဘာမှ အားမနာပါနဲ့••"

သို့အသံနှင့်အတူ အိမ်ရှိ အမျိုးသမီးကြီး ကျွန်တော်တို့ထံ ရောက်လာချေ၏။

သူ့နောက်တွင် မိန်းမပျိုများပါလာလေ၏။ သူတို့တွင် စားစရာသီးနှံ မျိုးစုံပါလာကြ၏။

အလျှပယ်ဟု ပြောရချိမ့်မည်။

"ကျုပ်အမျိုးသားတောထဲသွားတယ်ဆိုပေမင့် သည်မယ် ဘာမှ လိုလေသေးမရှိဖြစ်ရပါ့မယ်••။ ကျုပ်တို့က ဆရာကြီးရဲ့ တပည့်ရင်းတွေ ပါရှင်••။ဘာမှ အားမနာနဲ့ စားကြချေ•"

ထိုအမျိုးသမီးကသို့ပြောပြီး သူ့နောက်လိုက်အမျိုးသမီးများကို မျက်ရိပ်ပြဘာတွေပြောသည်မသိ သူမတို့အားလုံးက ခေါင်းဆတ်ညိတ်

www.burmeseclassic.com

www.burmeseclassic.com



နာခံကြချေ၏။

"ကဲ · ·ကဲ · ·ကျုပ်ဆရာကြီးကို ညှော်ခံရဦးမယ် · ·ရှင်တို့ အသုံမနာနဲ့နော်· · အိပ်ချင်တယ် နားချင်တယ်ဆို ကြိုက်တဲ့နေရာမယ် သက်သောင့်သက်သာ နေလို့ရတယ်၊ လိုအပ်တာရှိလျှင် သူတို့လုပ်ပေး လိမ့်မယ်· ·"

ထိုအမျိုးသမီးက သို့ပြောသလို လူကြီးဝင်သွားသည့် အခန်း တွင် ဝင်သွားလေတော့၏။ သူမ၏ ပုံပန်းသဏ္ဍာန်က လွန်စွာ မြူးကြွ နေသည်ပင်· ·။

လင်းမြင့်လှိုင်ကို ကျွန်တော်ကြည့်လိုက်၏။ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံပြုံးပြလာချေတော့၏။ ပြီး

"ကိုပိုက် ဘာတွေမှ တွေးမနေနဲ့. ကျွန်တော်တို့နဲ့သာ လာစားချေဗျာ· · ·"

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်ထံသို့ သွားလိုက်ချေပေတော့၏။ မြင့်ဆွေ၊ မြင့်မောင်တို့သည် အမျိုးသမီးများနှင့် အရောတဝင် ရယ်မောစကားပြောဆို သစ်သီးတို့ကို စားသောက်နေ ချေတော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သစ်သီးမျိုးစုံကြားမှ ငှက်ပျောသီးတို့ကို အခွံနွှာစားလိုက်ကြချေတော့၏။

"ကိုပိုက် ဘယ်လိုလဲ· ·"

ငှက်ပျောသီးစားနေစဉ် လင်းမြင့်လှိုင်က သို့မေးလာသဖြင့် ကျွန်တော် ဘာပြောရမှန်းမသိဖြစ်သွားရချေ၏။ ဘာသဘောနှင့် မေးတာ ပါလိမ့်· ·။ ကျွန်တော် နားမလည်ဖြစ်နေသည်ကို သိဟန်တူသော လင်းမြင့်လှိုင်က

"အော် · ·ကျွန်တော်မေးတာက သည်အဲစုလေးက

www.burmeseclassic.com



သည်လောက် စားစရာတွေရတာထူးဆန်းမနေဘူးလား⋅⋅”

သို့ဆိုလေမှ

“အင်း⋅⋅ ဟုတ်တယ်ကိုလင်း⋅⋅ အင်မတန်စိတ်ဝင်စားစရာကောင်းတယ်ဗျာ⋅⋅ ကျွန်တော်စိတ်ဝင်စားတာ မျောက်ကောင်လိုလူကိစ္စ။ သူတို့ သူ့ကို ဘာလုပ်မလဲမသိဘူး⋅⋅။ ပြီးတော့ သည်လူထူးဆန်းမျောက်ကောင်လိုအူရတာလဲဗျ⋅⋅ နောက် တခြားဘယ်သူ မှ သူ့လိုအော်တာ မတွေ့မိဘူး⋅⋅ မကြားဘူး⋅⋅။ ကျွန်တော်တို့တွေမျောက်လူတို့ တဲစု ရောက်လာပြီထင်တယ်⋅⋅ မဟုတ်လောက်ပေဘူးဗျ⋅⋅”

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်က ပြုံးပြလာချေပြီး

“သူတို့ အတတ်နိုင်ဆုံး ဖုံးကွယ်နေကြတာဖြစ်မယ်”

“ဘာရယ်⋅⋅”

“အော် ⋅ သည်နေရာကမျောက်လူတဲစုဖြစ်နိုင်ပါတယ် ⋅⋅ ကျွန်တော်တို့ရောက်လာတော့ သူတို့ရဲ့ မူရင်းသဏ္ဍာန်ကို ဖုံးကွယ်နေထိုင်ကြတာဖြစ်မယ်လို့ ပြောတာပါ⋅⋅

“နို့ဆိုတော့ ကိုလင်းပြောချင်တာ သည်တဲစုက မျောက်လူတွေတဲစုအမှန်ပဲလို့ပေါ့ ဟုတ်လား⋅⋅”

“ကျွန်တော်ထင်တာလောက်ပါဗျ⋅⋅ သေချာပြောလို့ မရသေးပါဘူး⋅⋅”

“သည်တော့ ကိုလင်းဘာလုပ်မယ် စိတ်ကူးလဲ⋅⋅

“ဘာစိတ်ကူးမလဲ ကျုပ်ကတော့ ကျုပ်ကို သတ်ဖြတ်ဖို့ကြိုးစားတဲ့သူတွေကို ပြန်ပြီး ကလဲ့စားချေရမှာပဲ”

သို့အသံနင့်အတူ မြင့်ခွေတစ်ယောက် ကျွန်တော်တို့နား

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေ၏။ သူ့နှားတွင် အမျိုးသမီးနှစ်ယောက် ပါလာချေ၏။ မြင့်ဆွေစကားကြောင့် အမျိုးသမီးနှစ်ယောက် ထိတ်လန့်သွားပုံရချေ၏။

"ခင်ဗျားစကားကို ပြန်ပြင်ပြောစမ်းပါ..ပြီးတော့ တိုးတိုးတိတ်တိတ် ပြောပါဗျာ.."

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေတော့၏။

"အေးဗျာ..ကျုပ်ကလည်း သူတို့ကို မကြေမနပ်နိုင်သေးလို့ပါ.. ကဲပါလေ..ကျုပ်ကို သူတို့က တစ်နေရာခေါ်သွားကြမလို့တဲ့. အံ့ဩစရာတစ်ခုရှိတယ်..နို့ကြောင့် ကျုပ်လိုက်သွားမယ်လို့ လာပြောတာ.."

သို့ဆိုတော့ လင်းမြင့်လှိုင်က သူတို့နှစ်ယောက်ကို စေ့စေ့ကြည့်လိုက်ချေပြီး

"သတိထားနေ..သတိထားသွား... သတိထားစား.."

သို့ တိုးညှင်းသောလေသံဖြင့် မြင့်ဆွေကို ပြောလိုက်လေတော့သည်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့အနားမှ မြင့်ဆွေသည် ထိုအမျိုးသမီးနှစ်ယောက်နှင့်အတူ ကျွန်တော်တို့အနားမှ ထသွားလေတော့၏။

သို့မှ မကြာလိုက် မြင့်မောင်ကြီး အနားရောက်လာလေ၏။

"ဘာလဲ..ခင်ဗျားလဲ·သူတို့နောက်လိုက်သွားမှာ လား.."

မြင့်မောင်ကြီးနောက်မှ ကပ်ပါလာသည့် အမျိုးသမီးနှစ်ယောက်ကိုကြည့်ကာ ကျွန်တော်က မေးလိုက်ခြင်းဖြစ်ချေ၏။

"ဟာ..ဘာများလဲလို့ ဘယ်မှလိုက်မသွားပါဘူး.. သူ့ကို့က သူတို့ကို သူတို့ဆရာကြီးက မှာထားလို့ပါတဲ့·ကျွန်တော် တို့ကို လိုလေသေးမရှိ ညှော်ခံဖို့ကိစ္စပဲရှိပါတယ်တဲ့·အဲ·ပျက်ကွက်ခဲ့သည်ဖြင့် သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက သေလုမျောပါးရိုက်နှက်ပါလိမ့်မယ်တဲ့ . . နို့ကြောင့် ကျွန်တော်တို့အတွက် အတတ်နိုင်ဆုံး ညွှဲဝတ်ပြုဖို့နေကြတာဗျာ. ."

သို့ဆိုတော့ ကျွန်တော့်နောက်ပါးနှင့် လင်းမြင့်လှိုင်နောက်ပါး ရှိ အမျိုးသမီးတို့ကို လှမ်းကြည့်လိုက်ချေပြီး. .။"

"ညည်းတို့ကော အဲ့လိုလား. ." မေးလိုက်ချေ၏။

သူမတို့က ပြုံး၍ပြလာချေ၏။ စကားတော့ဖြင့် မပြောကြပါ ချေ. .။

"ကဲ. .ကဲ. . ညည်းတို့ သက်သာသလိုနေပါ. . ငါတို့တွက် သည်လောက်ဆို လုံလောက်ပါပြီ. .ငါတို့ မင်းတို့လူကြီးပြန်ထွက်လာလျှင် သွားကြတော့မှာပါ. .ရပါပြီ. ."

သို့ဆိုတော့ ကျွန်တော့်နောက်ပါးမှ အမျိုးသမီးနှစ်ယောက်မှ တစ်ယောက်က

"လူကြီးသည်မယ် အိပ်လိမ့်မယ်. . ရှင်တို့ သူ့ကို စောင့်ရလိမ့် မယ်. ."

"ဟင်"

"အို"

ဘယ်လိုပါလိမ့်. .။ ကျွန်တော်တို့ကို ဘာမှ မပြောပါကလား။ သို့ကြောင့်

"မဖြစ်နိုင်ဘူး. .သူပြန်ထွက်လာလိမ့်မယ်. ."

"သူထွက်လာမယ်ဆိုတာမဖြစ်နိုင်ပါဘူး. .။ သူက သည်ရောက် ပြီးလျှင် အေးအေးဆေးဆေး တညအိပ်ပြီးပြန်တာ

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

ကျွန်တော့်သဘောမှာ သူမပါလည်း ကျွန်တော်တို့ ပြန်ကြမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ဆိုတော့ လင်းမြင့်လှိုင်က

"ဟုတ်ပြီလေ.. ခဏတော့ စောင့်ကြည့်တာပေါ့.. ပြန်ထွက်မလာလျှင် ကျွန်တော်တို့သွားကြတာပေါ့.. မြင့်ဆွေလည်း ပြန်ရောက်မလာသေးဘူးလေ.."

သို့ကြောင့် ကျွန်တော် နှုတ်ဆိတ်နေလိုက်ရချေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အဖန်ရည်လေးသောက်ရင်း စကားစမြည်းပြောနေကြ၏။ ကျွန်တော်တို့ကို ညှော်ခံဝတ်ပြုရန်ဆိုသည့် အမျိုးသမီးတို့သည်လည်း ကျွန်တော်တို့က သူတို့အား အရေးမထားကိုယ့်ဘာသာ ဒွီးသန့်နေကြသည့်ကြောင့် သူတို့က ခပ်လှမ်းလှမ်း တဲထောင့်လေးတွင် ထိုင်နေကြချေ၏။ သို့ပေမင့်လို့ ကျွန်တော်တို့ နှစ်ယောက်ကို မျက်ခြေမပြတ် ကြည့်နေကြလေ၏။ သို့ပေမင့် ကျွန်တော်တို့ လိုအပ်သည်ကို ဖြည့်ဆီးပေးရန် အသင့်အနေအထားဖြင့်နေကြခြင်းသာဖြစ်ချိမ့်မည်။

သို့ရှိစဉ်

"ဟာ ဟိုမယ်.. ဦးကတုံးပြန်လာပြီ.."

တစ်ယောက်သော အမျိုးသမီးက ပြောလေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်က လှမ်းကြည့်လိုက်၏။

အသားမည်းမည်း၊ ဝဝ၊ မျက်ခုံးမွေးထူထူ၊ မျက်လုံးပြူးပြူး ဦးပြည်းကတုံးနှင့် လူကြီးတစ်ယောက်သည် သူ့ကျောကုန်းထက်မှ ဂျီကောင်သေကိုထမ်းပိုးလာချေ၏။ ကျွန်တော်တို့ရှိရာတဲနှင့် ခပ်လှမ်းလှမ်းနေရာအရောက်တွင် ကျွန်တော်တို့ကို စောင့်ကြည့်နေသည့် အမျိုးသမီးများမှ တစ်ယောက်သောသူက တဲပြင်သို့ ပြေးထွက်သွားကာ ကတုံးဆိုသူကို ဘာတွေ ပြောနေလေသည်မသိပါချေ..။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ကတုံးခိုသောလူကြီးသည် သူထမ်းပိုးလာသော ဂျိုကောင်ကို မြေပြင်သို့ ပစ်ချလိုက်ကာ ကျွန်တော်တို့ထံ လျှောက်လာလေ၏။

ဘယ်လိုပါလိမ့်..။ကျွန်တော်တို့အား ဒုက္ခပေးလာမည့် ပုံပါကလား..။ သူ့လက်တဲတွင်လည်း လုံရှည်တစ်ချောင်း ဆုပ်ကိုင်လာ၏။ သို့ဆိုတော့ ကျွန်တော်က နံဘေးရှိ သေနတ်ကို ဆုတ်ကိုင်လိုက်သည်တွင်

"ကိုပိုက်.. မလုပ်နဲ့ သေနတ်ကို မကိုင်နဲ့.."

"အလို ကိုလင်း..ဟိုမယ်..ကျွန်တော်တို့ဆီ ပြေးလာနေပြီလေ.. သူလာနေပုံက ရန်သူကို တိုက်ခိုက်တော့မဲ့ပုံပဲဗျ.. နို့ကြောင့် လိုရမယ်ရ သေနတ်ကိုင်ထားမလို့ပါဗျာ.."

"အဲလိုလည်းမဟုတ်လောက်ဘူး..ကိုပိုက်ရဲ့ ခဏစောင့်ကြည့်ပါဦး..သူလျှောက်လာတာ ကျွန်တော်တို့ဆီ မဟုတ်လောက်ဘူးဗျ.."

ကျွန်တော်တို့ပြောနေစဉ်

"ဝုန်း"

ဘုရားရေ.. တဲပေါ် ခုတ်တက်လာပါကောလား..။ သို့ဆိုတော့ ကျွန်တော်က သေနတ်ကို လင်းမြင့်လို့ ခွင့်မပြုပေမင့် လိုအပ်သော လုံခြုံရေးအရ ရွှိုးရပေမည်မဟုတ်ပါကလား..။

သို့ပေမင့်လို့

"ဟာ.."

"ဟင်.."

ကတုံးသည် ကျွန်တော်တို့ကို တစ်ချက်ငဲ့ကြည့်ပြီး လူကြီးဝင်သွားသော အခန်းတွင် ဝင်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ‥ ဘာများ ဖြစ်လာဦးမှာပါလိမ့်‥။

သို့အတွေးနှင့် ကျွန်တော်စောင့်ကြည့်နေစဉ်‥လူကြီးအခန်းတွင်းမှ သတ်ပုတ် ရိုက်သံများ ကြားရချေတော့၏။

"ဟာ‥လုပ်ပါဦး‥လုပ်ပါဦး‥ဘာဖြစ်တာလဲ မသိဘူး‥"

သို့ဆိုတော့ ကျွန်တော်သည် လူကြီးဝင်သွားသော အခန်းတွင် ဘာတွေဖြစ်နေသည်ကိုလည်းသိလိုသည်ကြောင့် သေနတ်ကို ဆွဲထသွားလိုက်ပေမင့် လူကြီးဝင်သွားသော အခန်းသို့ မသွားသင့်သည်ကို သိလေခြင်းကြောင့် အပေါက်ဝမှနေ၍ အခန်းတွင်း လှမ်းကဲကြည့်လိုက်၏။

"အလိုလေးဗျာ‥"

လူကြီးနှင့် ကတုံးဆိုသူတို့ သတ်ပုတ်နေကြပါပြီကောလား‥။

လူကြီးနှင့် ဝင်သွားသောအမျိုးသမီးသည် အခန်းထောင့်တွင် ရှိုရှိုလေးထိုင်နေချေ၏။ ကြောက်လန့်နေပုံပင်‥

"ဟိတ်လူတွေ ‥ဘာဖြစ်နေကြတာတုန်း‥‥"

သဲကြီးမဲကြီး သတ်ပုတ်နေကြသည်ကြောင့် ကျွန်တော်သည် အခန်းတွင်းဝင်လိုက်ကာ သူတို့ သတ်ပုတ်နေခြင်းကို ရပ်တန့်စေလေတော့မှ

"ဟိတ်‥ဟိတ်‥ဟိတ်ကောင်တွေ ဘယ်ရောက်နေလဲ‥"

တိုက်ပွဲကိုသာရပ်လိုက်သော်လည်း လူကြီးက တဲပြင်သို့ထွက်ကာ သို့လှမ်းအော်လေသည်ကြောင့် ပိန်ရှည်ရှည် လူသုံးယောက်သည် ကျွန်တော်တို့နား ရောက်လာလေတော့၏။

"ဆရာကြီး‥ဘာဖြစ်လို့လဲ‥"

www.burmeseclassic.com


"ပုဂိုလ်ကောင်း··ငါ့ကို ပြဿနာရှာတယ်··"

သို့ဆိုတော့ ထိုပိန်ပိန်ရှည်ရှည်လူသုံးယောက်က ကျွန်တော်တို့ကို ကျော်၍ ကတုံးကို စူးစူးဝါးဝါးကြည့်နေကြချေတော့၏။

"မင်း··သည်ကနေ မြန်မြန်ထွက်လာချေ· ငါလာခေါ်ရမလား မင်းဘာသာမင်းလာမလား ··"

သို့ဆိုတော့ မဆိုးပါကလားဟု တွက်လိုက်ပေမင့်··

ကတုံးသည် မပြောမဆိုပင် သူ၏ လုံ့ရှည်ဖြင့် ထိုလူကို ပြေးထိုးလေတော့၏။ ပိန်ရှည်ရှည်လူ အဝိုက်မိသွားသည်လား။ သူကိုယ်နှိုက်က မစွမ်းသည်ကြောင့်လာတော့ မသိပါချေ။ ကတုံး၏ လုံ့ဖျားသည် သူ၏ ရင်ဝသို့ စူးဝင်သွားချေတော့၏။

"အား··"

ကြောက်လန့်တကြားဖြင့် နောက်ပြန်လဲကျသွားတော့၏။ သို့ဆိုတော့ ကတုံးသည် တဲမှ ထွက်ပြေးသွားချေတော့၏။

လှံ့ဖြင့် အထိုးခံရသူသည် အသက်ဇီဝိန်ချုပ်သွားလေတော့၏။

"မင်းတို့တွေ သည်ကောင့်အလောင်းကို ယူသွား·· သုဿန်ထဲ ပစ်ထားခဲ့ပြီး တောကျီးစာကျွေးလိုက်·· အေးမင်းတို့နှစ်ယောက်တ ပြေးသွားတဲ့ကတုံးကို မိအောင်လိုက်ဖမ်းကြချေ·· ငါသူ့ကို အရှင်လိုချင်တယ်··ကြားတယ်လား··"

သို့ဆိုတော့လည်း လူအိုကြီးဟုထင်ရသူသည် သေဆုံးသွားသူကို ထမ်းပိုးကာ တဲပြင်သို့ ထွက်သွားကြတော့၏။

သူတို့ထွက်သွားသည်တွင် ကျွန်တော်တို့ချည်း တဲတွင် ကျန်ရစ်ခဲ့လေတော့၏။

လူကြီးသည် အခန်းပြင်သို့ ထွက်လာချေပြီး ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ကြည့်၍

"ဘာမှမဖြစ်ပါဘူး . . သည်လောက်ကလေးဖြစ်နေကြပါ" ပြောလေသဖြင့် သဘောကျမိလေ၏တော့၏။

"သည်ကောင် ကတုံးကလူဆိုး . . ကျုပ်သူ့ကို ဘယ်လိုမှ ကယ်တင်နိုင်လိမ့်မယ်မထင်ဘူး. ကြည့်လေ သူ့ဇနီးငယ်ငယ်ရွယ်ရွယ်နဲ့ သနားပါတယ် . . သည်ကောင် သောက်စားမူးယစ်ပြီး မိန်းမမှန်း ဘာမှန်းမသိ နှိပ်စက်ဒုက္ခပေးနေတော့တာပဲ. သည်လိုဆန်ကုန်မြေလေးကောင် ကို သတ်ပစ်ဖို့ကောင်းတယ် . ."

သို့ ကြိမ်းဝါးလိုက်ပြီးနောက် . .

"ကဲ. ကဲ . . ခင်ဗျားတို့လဲ စိတ်အနှောက်အယှက်ဖြစ်သွားရပြီ ပေါ့ . . နို့ဆိုတော့ သည်လိုလုပ် . ."

"ခင်ဗျားတို့ပြန်လိုက်ကြတော့ . . . ကျုပ်တော့ သည်အမှုကို ရှင်းပေးရမှာပဲ . ."

သို့ဆိုတော့ ကျွန်တော်တို့သည် ဖိုးကျိုင်းတုတ်ဖြစ်သွားရတော့ ၏။

"ကိုပိုက်. . ကျွန်တော်တို့ သွားလို့မဖြစ်သေးဘူး. . ဘာလို့လဲ ဆိုတော့ မြင့်ခွေပြန်မရောက်သေးဘူးလေ . ."

သို့ဆိုတော့ ကျွန်တော်တို့ထိုင်နေရုံသာရှိတော့သည်ပေါ့ . ."

လူကြီးက ကျွန်တော်တို့ကိုကြည့်ပြီး

"နို့ဖြင့်လည်း စောင့်ကြဦးပေါ့ဗျာ . . ကျုပ်တော့ သူနဲ့ခွေးမွေး စရာတွေရှိတယ် . ."

သို့ဆိုလျှက် လူကြီးသည် အိပ်ခန်းတွင်ပြန်ဝင်သွားချေတော့ ၏။ ၄

www.burmeseclassic.com

"ကိုပိုက်··သူ့ကို ဘယ်လိုထင်လဲ··"

ကျွန်တော့်ကို မေးလာလေ၏။

"ကြာကူလီတစ်ယောက်လို့ မြင်တယ်··ဘယ့်နှယ့်ဗျာ·· လင်သားမရှိတုန်း အခန်းထဲလည်းဝင်တယ်။ လင်သားရောက်လာတော့ လည်း သူ့ကို ဂရုမစိုက်တဲ့ပုံပေပဲဗျ··ပြီးတော့ လင်သားဖြစ်သူကို (ကတုံးကိုဆိုလိုခြင်းဖြစ်၏)လည်း ပြဿနာရှာတယ်လေ·· ဘယ်လို လူကြီးလဲ မသိဘူး··"

"ဟား··ဟား··ဟား·· ဘယ်လိုလူကို လူကြီးလို့ ခေါ်နေကြ တာတုန်း··"

သို့အသံနှင့်အတူ လူတစ်ယောက်ကျွန်တော်တို့နား ရောက်လာ လေ၏။

"ဘယ်သူပါလဲ··"

ကျွန်တော်က ယဉ်ယဉ်ကျေးကျေးမေးလိုက်၏။

"ကျုပ်ဘယ်သူလဲ သိချင်လား···"

ထိုသူက ပြန်မေးလာ၏။ ပြီးလေမှ ကျွန်တော်တို့ကို ညည့်ခံရ မည်ဆိုသည့် အမျိုးသမီးဘက်လှည့်လိုက်ကာ

"ဟိတ် ညည်းငါဘယ်သူဆိုတာ ပြောလိုက်စမ်း··"

သို့ပြောပြီး ခြံပြင်သို့ ပြန်ပြေးထွက်သွားပြန်လေ၏။

"ညည်းတို့သိတယ်ထင်တယ်·· ပြောစမ်း သူက ဘယ်သူလဲ ဘာလဲ·· မှန်မှန်ပြောစမ်း··"

"ဟုတ်ကဲ့ပါ··"

"သူနာမည်ဖိုးလုဒင်တဲ့··သည်ရွာမယ် လူကြီးက သူတစ် ယောက်ပဲကြောက်တယ်·· အဲ နို့ပေမင့်··"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက သို့ပြောပြီး တံခါးဝသို့ ပြန်ကြည့်လိုက်ချေ၏။ သူမထိတ်လန့်ဖွယ်မြင်လိုက်သည်ထင်၏။ လွန်မင်းစွာ ထိတ်လန့်သွားဟန်ရချေ၏။ သို့ကြောင့် မည်သို့ဖြစ်နေသည်သိလိုသဖြင့် သူမလှမ်းကဲကြည့်ရာသို့ ကြည့်လိုက်ချေ၏။

"ဟင်"

ဖိုးလှဒင်ဆိုသူပြန်ရောက်လာပါကလား••။ ဘာကြောင့်ပါလိမ့်။ သူမြင်သည်နှင့် ကောင်မလေးဘာကြောင့် ကြောက်နေရပါလိမ့်••။

ကျွန်တော်က သူ့အား ဘယ့်တွက်ပြန်ရောက်ရပါသနည်းရယ်လို့ မေးချင်ပေမင့် သူက ကျွန်တော်တို့အား သူ့အကြောင်း ရှင်းပြနေသည့်ကောင်မလေးနားသွားလိုက်ကာ••

"ဖြန်း"

"ဟင်"

"ဟာ"

ဘယ်လိုပါလိမ့်••ကောင်မလေးကို အသားလွတ်ရိုက်လာပါကလား••။

"မင်း•• ငါ့နာမည်ပဲပြောလိုက်လေ••ဘာလို့ မဆိုင်တာတွေပြောဖို့ စဉ်းစားလိုက်တာလဲ••"

"ဟာ"

"ဟင်"

အလိုလေးဗျာ•• အံ့ဖွယ်ပင်ကောင်းသေးတော့၏။

•ကောင်မလေးအတွင်းစိတ်ကို သူဘယ်လိုသိနေပါလိမ့်••။

လင်းမြင့်လှိုင်ကတော့မှ

"ခင်ဗျား အဝေးကြီးရောက်သွားမှ ပြန်လာတာဟာ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲဆိုတာ ကျွန်တော်တို့ကို ရှင်းပြနိုင်မလား ..."

သို့ လင်းမြင့်လှိုင်အမေးကြောင့် အံ့ဩတကြီးဖြစ်သွားရလေတော့၏။ အာဂ လင်းမြင့်လှိုင်ပါကလား..။

လင်းမြင့်လှိုင်တော့ ပြဿနာတက်ပြီဟု ထင်လိုက်ပေမင့်..

"ကျုပ်က အဝေးကြီးက ပြန်လှည့်လာတာမဟုတ်ဘူး..။ ဟိုရှေ့က သစ်ပင်ပေါ်မှာရှိတာ သူ့မကို စိတ်မချလို့ ချောင်းမြောင်းနေတာပေါ့ကွ.. အေး..ငါက သူမအတွင်းစိတ်လဲ သိချင်တယ်လေ..။ နို့ကြောင့် ငါကြည့်နေတာ သူ့ပါးစပ်လှုပ်တာနဲ့ ဘာပြောချင်တယ်ဆိုတာ သိတာပေါ့..နို့ကြောင့် ခုလို ရောက်လာရပြန်တော့ ငါ့မယ်အပြစ်မရှိလောက်ပါဘူးနော်..ဟုတ်ပြီလား.."

"ဟုတ်ပါတယ်..နို့ပေမင့် တစ်ခုပြောချင်တယ်.. မိန်းမတွေကို ပါးရိုက်၊ ရိုက်ပုတ်၊ ကန်ကျောက်တယ်ဆိုတာ မကောင်းပါဘူး။ ပြောစရာရှိ ပါးစပ်နဲ့ပဲပြောပေါ့ဗျာ.. ယောကျ်ားဆိုတာ အဲလိုမျိုး ဖြစ်ရမှာ.."

သို့ဆိုတော့ သူသည် ကျွန်တော့်အား ပြုံး၍ ကြည့်လာချေ၏။

"ကြိုက်သွားပြီ..နို့ပေမင့် သည်ကောင့်ကို အလွတ်ပေးလို့မရဘူး.."

သို့အသံနှင့်လူကြီး ကျွန်တော်တို့နားရောက်လာလေ၏။

သို့ပေမင့်လို့ ဖိုးလုဒင်သည် လှစ်ခနဲ ပြေးထွက်သွားတော့၏။

"ဘယ်လိုလုပ်မလဲ."

"သူဘာသာသွားပါစေ.. သူ့အကြောင်းပြောမှ ကြိုက်လို့ဖြစ်မပေါ့..နို့ကြောင့် အဲလိုလုပ်ပြီး သွားတာဖြစ်မှာပါ."

www.burmeseclassic.com

www.burmeseclassic.com



လူကြီးကို လင်းမြင့်လှိုင်က သို့ပြောလိုက်သဖြင့် ကျွန်တော် အံ့သြမိသေးတော့၏။

သို့ကား ကျွန်တော့်အထင်ဖြစ်၏။ တကယ်တမ်းမှု လင်းမြင့်လှိုင် ကျွန်တော်အား အသာနေရန် မျက်ရိပ်ပြလေသဖြင့် လင်းမြင့်လှိုင် သို့ ပြောလိုက်ခြင်းသည် အကြောင်းထူးရှိလိမ့်မည်ဟု တွေးလိုက်မိချေ၏။

လူကြီးကတော့မှု လင်းမြင့်လှိုင်ကို ကြည့်ပြီး

"မင်းဘယ်လိုထင်လဲ··သည်မယ် အမျိုးသမီးကို ယောက်ျား လေးက ပါးရိုက်ပြီး ထွက်သွားတာကို ငါတို့ ယောက်ျားတွေရှိလျက် လက်ပိုက်ကြည့်နေရမှာလား··။ နို့ဆိုလျှင် ငါနံဘေးက မိန်းကလေး ရဲ့ လုံခြုံမှုကိုတောင် ငါမပေးနိုင်လျှင် ငါလူကြီးတစ်ယောက်အနေနဲ့ ဘယ်လိုနေရမှာလဲ··"

သို့ပြောလာသည်ကြောင့် လင်းမြင့်လှိုင်က

"ဟုတ်ပါတယ်··ပြန်စဉ်းစားကြည့်လျှင် နှစ်ဦးနှစ်ဖက် မှားတာ ပါ··"

သို့ ပြောလေသည်တွင် လူကြီးက ဒေါသထွက်သွားလေပြီး

"ဘာကွ··သည်မိန်းကလေးက ဘာမှားလို့လဲ··"

"သူဘာလို့ တပါးသူအကြောင်းပြောရတာလဲ··"

"နို့ကတော့ မင်းတို့ မေးလို့မဟုတ်လား··"

"ကျွန်တော်တို့မေးတာ သူ ဘယ်သူလဲပဲမေးတာလေ··။ သူဘယ်လိုလူစားလဲလို့မေးတာမဟုတ်ဘူး··ဟိုတစ်ယောက်ကလည်း သူနာမည်ပဲပြောလိုက်လို့ပြောခဲ့တာလေ··သူက··"

လင်းမြင့်လှိုင်က သို့စကားကို တန်လန်းဖြတ်လိုက်ချေ၏။

လင်းမြင့်လှိုင်ဘာပြောမည်ကို ကျွန်တော်သိလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"သူက လျှာရှည်ပြီး လျှောက်ပြောတာကိုး . ." ဆိုသည့် စကားမှလွဲ၍ အခြားမဖြစ်နိုင်သည်ကိုး . .။ သို့ပေမင့် လင်းမြင့်လှိုင်က သူ့စကားကျွံသွားမည်စိုး၍ တပိုင်းတလက်စ စကားကို ရပ်လိုက်ခြင်း ဖြစ်တော့၏။

"သူက ဘာဖြစ်လဲ ကဲ ပြောစမ်း . . ပွင့်ပွင့်လင်းလင်း . . ပြောစမ်းကွာ . ."

လူကြီးကလဲ ဘာဆက်ပြောမည်ကို သိသည့်ဖြစ်၍ ဒေါသထွက်ကာ လင်းမြင့်လှိုင်အား စူးစူးရဲရဲ ကြည့်ပြောလာတော့၏။

အခြေအနေ တင်းမာလာချေပြီ ဖြစ်သည်ကြောင့်

"ကဲပါ . . တော်ကြပါတော့ . . ကျွန်တော်တို့ ဘာဆက်လုပ်မလဲပဲ ပြောကြတာပေါ့ . ."

သို့ ကျွန်တော်က ကြားဝင်ပြောလိုက်၏။

"ဘာမှ ဆက်လုပ်စရာမလိုဘူး . . မင်းတို့သည်ကနေ သွားကြတော့ . . ငါသည်တဲစုလူကြီးပဲ . . . သည် ကောင်ကို ငါအလွတ်မပေးနိုင်ဘူး . . ဟိတ် ကျားကြီး . . လာစမ်း . . သူတို့ကို ရွာပြင်ပြန်ထွက်ခိုင်းတော့ကွာ . ."

လူကြီးက သို့ပြောပြီး ထွက်သွားလေ၏။ ကတုံးဇနီးသည်နှင့် အမျိုးသမီးများသည်လည်း သူ့နောက်လိုက်သွားကြတော့၏။

"ကဲ . . ကဲ . . ခင်ဗျားတို့ ပြန်ကြပါတော့ . ."

ကျားကြီးဆိုသူက သို့ပြောလာလေ၏။ ကျားကြီးဆိုသည့်အတိုင်း သူ၏ မျက်နှာသည် တင်းမာလွန်းလှ၏။ နှုတ်ခမ်းမွေး ထူထူရှည်ရှည် ရှိချေ၏။ သူ၏ ခန္ဓာကိုယ်အချိုးအစားသည် ကျားတစ်ကောင်နှယ် ဖြစ်ချေ၏။ သို့ကြောင့် ကျားကြီးဟုဆိုလေသည်လားမသိပါချေ . .။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလုပ်စရာရှိတာသွားလုပ်ပါ.. နို့မဟုတ် မင်းလူကြီးနောက် လိုက်သွားပါ.. ငါတို့ဘာသာသွားမယ်.."

လင်းမြင့်လှိုင်က သို့အေးဆေးစွာပြောပြီး ကျွန်တော်တို့အား နှုတ်ရိုပ်ပြ၍ ရှေ့မှ ဦးဆောင်ထွက်သွားလေတော့၏။

လမ်းတွင် ကျွန်တော်က

"ကိုလင်း ..ကျွန်တော်တို့ ဘယ်သွားကြမလဲ.." မေးလိုက်၏။

"ဖိုးလုဒင်နဲ့ ကတုံးတို့နောက် လိုက်ကြမယ်.."

"ဟင်..ဘာလို့လဲ..နို့ဆိုလျှင်မြင့် လူကြီးတို့နဲ့ ထိတ်တိုက် တွေ့နိုင်တယ်လေ.. လုပ်မနေပါနဲ့ကိုလင်းရယ်..ကျွန်တော်တို့ဘာ သာ အမ်ပစ်သွားကြတာပေါ့.."

သို့ဆိုတော့ လင်းမြင့်လှိုင်က

"ဘာလဲကိုပိုက်..မျောက်လူတွေကို မေ့သွားပြီလား.."

သို့ဆိုတော့မှ ကျွန်တော်မျောက်လူတို့ကို သတိရလိုက်တော့၏။ ကတုံးပြောတယ် ကျွန်တော်တို့ ဝက်လူးမြောင်တစ်ဖက်ဆင်းလိုက်လျှင် မျောက်လူတို့နေတဲ့နေရာ ရောက်နိုင်တယ်ဆို..နို့ဆိုတော့ အဲလိုပဲ သွားကြမလား.."

ကျွန်တော်က ပြောလိုက်၏။

"သွားကြမယ်လေ.."

"ဟင်း ဟင်း..အဲလိုလုပ်ပါ ကိုလင်းရယ်.. ဘာလို့များ ကတုံးနဲ့ ဖိုးလုဒင်ကိုတွေ့ချင်ရတာတုန်း.. သူ့ဘာသာသူတို့ လူကြီးနဲ့ တွေ့ကြပါလိမ့်မယ်..ခုလို ကိုလင်း ဆုံးဖြတ်ချက်ချလိုက်တာကို ဝမ်းသာပါ တယ်ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က ပြောသည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး…။

"ကျွန်တော် ခုသွားမယ့်လမ်းကလည်း ကတုံးနဲ့ ဖိုးလုဒင်တို့ တွေ့နိုင်မယ်လမ်းမို့လို့ပေါ့ဗျာ ..."

"ဟင်"

"ဟာ"

"အို"

ကျွန်တော်လင်းမြင့်လှိုင်ကို နားမလည်နိုင်ပါကလား..။ ဘယ်လိုတွေ စိတ်ကူးစိတ်သန်းရနေလေသည်မသိပါချေ..။

"ကဲ..လာကြချေဗျာ..ရေ့တာကြောလေးကျလျှင် နားပြီး စားကြသောက်ကြတာပေါ့.."

သို့ဆိုတော့ ကျွန်တော်တို့သည် လင်းမြင့်လှိုင်ဦးဆောင်ရာ နောက်လိုက်ခဲ့ကြတော့၏။ လမ်းတွင် မြင့်ဆွေနှင့်တွေ့သဖြင့် အကျိုးအကြောင်းပြောပြကာ ခေါ်သွားလိုက်၏။ ကျွန်တော်တို့သည် တောင်ကြောနှစ်ခုကို ဆင်းတက်ပြုလုပ်ပြီးနောက် ဖျဉ်းမတောလေးတစ်ခုသို့ ရောက်လာလေ၏။

ဖျဉ်းမတောလေးတွင် ချောင်းလေး တစ်ခုတွေ့ကြရတော့၏။

"ကိုမြင့်မောင်ကြီးသိလား... ဒါဘာချောင်းလဲ.."

လင်းမြင့်လှိုင်က မေးလေ၏။

"ပြောတတ်ပေဘူးဗျ.."

မြင့်မောင်ကြီးက သို့ပြောလေ၏။ လင်းမြင့်လှိုင်သည် ထိုရေစီးချောင်းလေးကို ကြည့်နေချေပြီး

www.burmeseclassic.com

www.burmeseclassic.com



"သည်ချောင်းအတိုင်း ဆန်တက်သွားကြတာပေါ့··"

သို့ဆိုတော့ ကျွန်တော်တို့သည် ထိုချောင်းလေးအတိုင်း ဆန်တက်သွားကြလေတော့၏။ သို့မှ

"အုဝ··အုဝ··အုဝ··"

စမ်းချောင်းနား ခပ်လှမ်းလှမ်းတောင်ကြောပေါ်မှ သို့ဆိုသလို မျောက်ကောင်တို့သည့် အစုလိုက်အော်သံကြောင့် လှမ်းကဲကြည့်လိုက်၏။

သို့အသံသည် အရေအတွက် နည်းမည်မဟုတ်သည်ကို ကြည့်ခြင်းအားဖြင့် တနေရာသို့ တစ်စုတစ်ဝေးတည်းသွားနေသည့် အသံဖြစ်ချေ၏။

"သည်ကောင်တွေ အရေးတကြီး ဘယ်သွားကြတာလဲ မသိဘူး··"

"သူတို့ကို ရန်သူကလိုက်လို့ ပြေးကြတာမဟုတ်လား··"

ကျွန်တော်က လူတတ်ကြီးလုပ်မေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းပြလာချေပြီး

"သေချာနားထောင်လေဗျာ·· ညာသံပေးပြီး တစ်စုံတစ်ယောက်နောက် လိုက်နေသံမဟုတ်ပေဘူးလား··"

သို့ဆိုတော့ ကျွန်တော်နားစွင့်လိုက်၏။ တကယ်တော့ လင်းမြင့်လှိုင်ပြောသလို ဖြစ်နိုင်လေသည်များလား···။

"ကျွန်တော်တို့တွေ အဲဒီနောက်လိုက်ကြလျှင် မကောင်းပေဘူးလား··"

"ကောင်းတယ်လေ··နို့ဖြင့် မနားကြတော့ဘူးလား··"

မြင့်မောင်က ဆာလောင်နေပြီဖြစ်ချိန်မည်။ သို့ပြောလာလေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်လည်း သူတို့နဲ့ နီးတဲ့တောင်ကြောပေါ်တက်လိုက်ကြတာ ပေါ့· ·ပြီးမှ စီစဉ်တာပေါ့· ·"

သို့ဆိုတော့ ကျွန်တော်တို့သည် ချောင်းကမ်းပေါ်တက်လိုက်ပြီး တောင်ကြောအခြေသို့ သွားလိုက်ကြ၏။ ထိုတောင်ကြောသို့ တက်မည် လုပ်လေပြီးမှ လင်းမြင့်လှိုင်က

"ဟုတ်ပြီ· ·ကျွန်တော်တို့ သည်တောင်ကြောအတိုင်း မလိုက် ဘူး· · ရှေ့ကတောင်ကြောကနေ သွားကြတာပေါ့· ·ကျွန်တော့်အထင် သည်တောင်ကြောက ရှေ့တောင်ကြောနဲ့ တစ်ဆက်တည်း ဖြစ်နိုင်တယ် · ·နို့ဆိုတော့ ကျွန်တော်တို့ သူတို့ရှေ့တောင် ကြိုရောက်သွားနိုင်တယ်"

လင်းမြင့်လှိုင်ပြောသလိုပင် · ·ကျွန်တော်တို့ မငြင်းမဆန် လုပ်လိုက်ကြချေတော့၏။

သို့ဆိုတော့ လင်းမြင့်လှိုင်၊ မြင့်ဆွေ၊ မြင့်မောင်နှင့် ကျွန်တော် တို့သည် ထိုတောင်ကြောပေါ်သို့ ရောက်သွားကြတော့၏။

တောင်ကြောပေါ်တွင် မြက်ရိုင်းပင်နှင့် ဝါးသုန်းပင်ပေါက်လေး များရှိချေ၏။ သစ်ပင်ကြီးရှိသည်ဆိုဖြား ခပ်ကြဲကြဲဖြစ်၏။

အောက်ခြေတွင် ထိကရုံးကဲ့သို့ ဆူးပင်ငယ်လေးများ ရှိချေ၏ ကျွန်တော်တို့သည် ဝါးသုန်းနှင့်မြက်ရိုင်းတောကို ဖြတ်ကျော်ကာ အလယ် လမ်းအတိုင်း ဆက်လျှောက်ခဲ့ကြသည်တွင်· ·။

"ဟိုရှေ့မှာ မြေကွက်လပ်လေးရှိတယ်· ·နားကြတာပေါ့ ကျုပ်အထင် သူတို့ ရှေ့ကလမ်းအတိုင်း လာကြလိမ့်မယ်· · အဲဒီတော့ နို့မှမဟုတ် သူတို့ သည်ကိုဖြတ်ကျော်သွားပြီလားမသိဘူး· ·ဘာဖြစ်ဖြစ် ကျွန်တော်တို့နားဖို့လိုတယ်လေ· ·"

သို့ဆိုတော့ မြင့်မောင်က

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဟိုနားသည်နား စားစရာသွားရှာကြည့်ဦးမယ်"
သို့ဆိုလျှက် ထွက်သွားချေတော့၏။

"ကျုပ်လဲ လိုက်ခဲ့မယ်.."

မြင့်ဆွေကပါ မြင့်မောင်နောက်လိုက်သွားချေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သစ်ပင်အောက်ခြေကို ရှင်းလိုက်ကြပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့၏။

သို့မှမကြာမီအချိန်ကလေးတွင်

"ဒိန်း"

မြင့်မောင်တို့ထွက်သွားရာဘက်မှ သေနတ်သံကြောင့် သူတို့ ဝေးဝေးလံလံ မသွားရသေးဘဲ သားကောင်တွေ့လိုက်ပြီဟု တွက်မိလိုက်ချေတော့၏။

ကျွန်တော်တွက်ထားသလိုပင် မြင့်မောင်ကြီးနှင့် မြင့်ဆွေ ပြန်ရောက်လာကြချေ၏။ သူတို့လက်ထဲတွင် ဖွတ်ကြီးတစ်ကောင်ပါလာ၏။ ဦးခေါင်းတစ်ခုလုံး ကြေမွနေခြင်းအားဖြင့် ဦးခေါင်းကို ချိန်ရွယ်ပစ်လေခြင်းဟု ဆိုလို့ရပေတော့၏။

မြင့်ဆွေက ဖွတ်ကောင်ကို အသားဖျက်ရန် ကြောအစပ်သို့ လျှောက်သွားလေ၏။ မြင့်မောင်က ထင်းခြောက်များ စုဆောင်းကောက်နေချေ၏။ သို့ဆိုတော့ ကျွန်တော်သည်လည်း မြင့်မောင်ကို ကူညီလိုက်တော့သဖြင့် ထင်းမီးပုံတွင် လိုအပ်သော ထင်းခြောက်များကို မကြာလိုက်သောအချိန်တွင် ရရှိလိုက်ကြချေတော့၏။

လင်းမြင့်လှိုင်တစ်ယောက် သစ်ပင်ကျောမှီ မှိန်းနေချေတော့၏။

"ကိုလင်း..နေမကောင်းဘူးလား.."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူနားသွားထိုင်ကာ မေးလိုက်၏။

"ကောင်းပါတယ်··ကျွန်တော်စဉ်းစားနေတာ··"

"ဘာကိုလဲ··"

"မျောက်လူတွေနဲ့ ဟိုတဲစုလူကြီးအကြောင်းပေါ့··"

"ဘယ်လိုလဲ··"

"အော်··သူတို့ ပတ်သက်မှု ရှိနိုင်ပါ့မလားလို့ပေါ့··"

"နို့ကတော့··မျောက်လူတို့နဲ့တွေ့လျှင် ရှင်းသွားမှာပါ·· ကဲ ကိုလင်း··ကျွန်တော်ရေသွားချိုးမလို့ လိုက်မလား·"

"ဘယ်သွားချိုးမှာလဲ··" လင်းမြင့်လှိုင်က မေးလေ၏။

"ကျွန်တော်တို့ လာခဲ့တဲ့ ချောင်းလေးဆီပဲပေါ့··"

"မဝေးလွန်းဘူးလား ··"

သို့မေးလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က ပြုံးပြလိုက်ချေပြီး ဝေါင်ခြေအစပ်သို့ သွားလိုက်ကာ··

"ဟိုမယ် ချောင်းမဟုတ်လား·· နီးနီးလေးပါ··"

"အလိုလေးဗျာ··ဟုတ်ပါရဲ့·· ချောင်းကမ်းသည်ဘက်ကို ကွေ့လာတာပဲ··သည်အောက်ကို ဆင်းလိုက်တာနဲ့ ချောင်းကို ရောက်နေပြီပဲ·· နို့ဖြင့် ကျွန်တော်လဲ လိုက်ခဲ့မယ်ဗျာ··"

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ရေချိုးရန် အလို့ငှာ ချောင်းသို့ သွားလိုက်ကြသည်တွင်

"လိုက်ခဲ့ကြဦးမလား··"

မြင့်မောင်နှင့် မြင့်ဆွေတို့ကို ပြောလိုက်ချေ၏။

"သွားကြပါ··ပြန်လာလျှင် ဖွတ်သားကျက်နေစေရမယ်"

မြင့်ဆွေက ပြုံးပြပြောလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တောင်ကြောအောက်သို့ ခက်ခက်ခဲခဲတွယ်ဆင်းခဲ့ကြ၏။ လမ်းကောင်းကို လိုက်ရှာဆင်းမည်ဆို ပါလျှင် ချောင်းနှင့် ဝေးသွားမည်စိုးရိမ်၍ ဖြစ်ချေ၏။

သို့ဆင်းသွားသည်ဆိုရာ၌ ကျွန်တော်တို့က အမြန်သက်သာစေ ရန် ဓါးဖြင့် လမ်းဖောက်ခုတ်၍ ဆင်းသွားကြခြင်းဖြစ်တော့၏။

သို့မှ ကျွန်တော်တို့သည် တောင်ကြောအောက်သို့ ရောက်ခဲ့ ကြပေ၏။ တောင်ကြောတွင် သစ်ပင်ချုံပုပ်နွယ်ပင်များ ရှုတ်ထွေးစွာ ရှိချေ၏။

"ကျွန်တော်တို့ အဆင်းလမ်း မှားလာပြီဗျ··"

"ဟင်··နို့ဖြင့် ချောင်းကိုမရောက်ဘူးပေါ့··"

ကျွန်တော်က မေးလိုက်၏။

"အဲလိုဟုတ်ဘူး··ကျွန်တော်ပြောတာ မှားသွားတာ· အဆင်းလမ်း မဟုတ်ခဲ့တာကြောင့် အောက်ပေါင်းရှုတ်တဲ့ကြားက တော တိုးသွားရဦးမှာကြောင့်ပါ··။ မှားတော့မမှားပါဘူး·· ရေစပ်တောင် ရောက်နေကြပြီပဲ··"

သို့လည်း အဟုတ်သားကလား··

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ချုံပုပ်နွယ်ပင် ဆူးခြုံတို့ကို ခုတ်ထွင်းရှင်းလင်းခဲ့ရာမှ ချောင်းစပ်သို့ ရောက်ခဲ့ကြတော့၏။

ကျွန်တော်တို့နှစ်ယောက်သည် ချောင်းရှိရာသို့ ခပ်သွက်သွက် ခြေလှမ်းဖြင့် သွားလိုက်ကြသည်တွင်မတော့··

"ဟာ"

"ဟင်"

ချောင်းရေထဲတွင် လူတစ်ယောက် မှောက်ခုံကြီးလဲနေသည်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကမန်းကတန်းသွားကာ ထိုသူ့အားပွေ့ထူလိုက်၏။

"ဟာ"

"ကိုလင်းသူက ဖိုးလှဒင်မဟုတ်လား. ."

"အေးဗျာ. . ဘယ်လိုဖြစ်ရတာပါလိမ့်. . သူ့မျက်နှာမှာလဲ ကုတ်ခြစ်ခံရတဲ့ ဒဏ်ရာတွေနဲ့ဗျ. . မေ့နေတာဖြစ်မယ်. ."

လင်းမြင့်လှိုင်က သို့ပြောလည်းပြော။ ဖိုးလှဒင်အားလည်း သတိရလာစေရန် ရေဖြင့် မျက်နှာကို ပက်ဖျန်းပါးကို လက်ဝါးဖြင့် ညင်ညင်သာသာပုတ်ခတ်နေသည်ကြားမှ ဖိုးလှဒင်သတိရလာတော့၏။ သတိရ ရခြင်း . .

"ဟို. . ဟိုမယ်လေ. . မျောက်ကောင်"

မျက်လုံးပြူး. . မျက်ဆံပြူးဖြင့် ပြောလာချေ၏။ သို့ကြောင့်

"ဘာလဲ. ခင်ဗျားကို မျောက်ကောင်က ကုတ်ခြစ်သွားတာလား"

ကျွန်တော်က မေးလိုက်၏။

"မျောက်ကောင်ဆိုတာ. . တိရိစ္ဆာန်မျောက်မဟုတ်ဘူး. . လူဗျ သူက ကတုံး. . ခင်ဗျားတို့သိသလားမသိဘူး. ."

". . ." လှေကြီးခေါ်သွားတဲ့ ဟိုတဲစုအိမ်က လူကိုပြောတာလား"

လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟုတ်တယ်"

"ခင်ဗျားနဲ့သူက မိတ်ဖက်မဟုတ်ဘူးလား. ."

"ဟုတ်တယ်. . နို့ပေမင့် သူက တကယ်ဟန်ဆောင်ရှင်းတယ်ဗျာ. . ကျွန်တော်က သူ့ကို မိတ်ဆွေကောင်းထင်ခဲ့ပြီး သူတို့ လှေကြီးကိုတောင်သွားတွေခဲ့တာ. . သူ့ကိစ္စပြောလို့ပါ. . ခင်ဗျားတို့ ရှိနေပါတယ်. ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်··သိတယ်··ခင်ဗျားနဲ့လူကြီးက တစ်ယောက်နဲ့ တစ်ယောက် အမြင်မကြည်ဘူးမဟုတ်လား··ကျွန်တော်တို့ နားလည် ပါတယ်··ခုဖြစ်တဲ့ကိစ္စကို အသေးစိတ်ပြောပြနိုင်မလား ··"

သို့ဆိုတော့ ဖိုးလှဒင်က ကျွန်တော်တို့နှစ်ယောက်အား စေ့စေ့ ကြည့်လာချေပြီး

"ခင်ဗျားတို့လူကြီးနဲ့ မိတ်ဆွေတွေ မဟုတ်ဘူးလား··"

မေးလာလေ၏။

သို့ဆိုတော့ ကျွန်တော်တို့က မျောက်လူတို့နှင့် ပတ်သက်၍ စုံစမ်းလိုက်နေကြပုံ။ ဝက်လူးမြောင်တောင်ခြေက သူတို့တဲစုရောက်လာ ပုံကို ပြောပြလိုက်ချေ၏။

"ဟုတ်ပြီ··သိပြီ··နို့ဆိုတော့·· ကျုပ်အားလုံးကို ဖွင့်ပြောလို့ ရပြီပဲဗျာ·· ခင်ဗျားတို့ကို ယုံလိုက်မယ် ဟုတ်လား··"

"စိတ်ချပါဗျာ·· ပြောမှာပြောပါ··ပြီးတော့ ကျွန်တော်တို့ သိချင်တာ တစ်ခုရှိတယ်·· အမှန်အတိုင်း မချွင်းမချန်ပြောပြနော်"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

"နို့ဆိုတော့ ကျုပ်နဲ့ ကတုံးပတ်သက်မှုကို အလျင်ပြောရမယ် ပြီးမှ ကျုပ်အခုလို ဘာကြောင့်ဖြစ်ရတယ်ဆိုတာပြောတာပေါ့··"

"ဟုတ်ပါပြီ··နို့ဖြင့် သည်လိုလုပ် ကျွန်တော်တို့ရေတောင်ကြော လေးမယ် စခန်းချကြမယ်··အဲဒီမယ် မိတ်ဆွေနှစ်ယောက် ကျန်ခဲ့တယ် ကျွန်တော်တို့ ရေချိုးထွက်လာကြတာ ခင်ဗျားလဲ ဘာမှ စားရသေးပုံ မပေါ်ဘူး··သည်တော့ သည်လိုလုပ်ရေချိုးပြီးသွားကြမယ် လိုက်ခဲ့ ချေဗျာ··"

၄ သို့ဖြင့် ဖိုးလှဒင်တစ်ယောက် ကျွန်တော်တို့နှင့် ပါလာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ကောင်ကိုမျှကာစားလိုက်ကြခါဆိုရာတွင် ဝိစကိသောက်ရင်း အမြည်းလုပ်လိုက်ရခြင်းသာဖြစ်ချေ၏။

သူပြောမည့်စကားမပြောမီ -

သူတို့နှစ်ယောက်ကကောဟု မေးလာလေ၏။

"ဘာမှ မပူနဲ့ ကျွန်တော်တို့ မိတ်ဆွေရင်းတွေပဲ၊ သည်ကို တူတူလာခဲ့ကြတာ・・"

သို့ ကျွန်တော်က ပြောလိုက်ပေမင့်・・

"ဟိုတစ်ယောက်က မဖြစ်နိုင်ဘူး・・"

သူသည် လူပါးတစ်ယောက်ဖြစ်ချေ၏။ မြင့်ဆွေကိုကြည့်၍ ပြောလာခြင်းဖြစ်၏။ သို့ဆိုတော့ ကျွန်တော်က မြင့်ဆွေ ကျွန်တော်တို့နှင့် လမ်းတွင် ဆုံ၍ လိုက်လာပုံ・・သူဦးဆောင်ခေါ်လာသဖြင့် လူကြီးတို့ တဲစုရောက်ခဲ့ကြရမှ မျောက်လူနှင့် သူအဆင်မပြေသဖြင့် မျောက်လူတို့ နေရာကို လမ်းပြလိုက်လာပုံပြောပြလိုက်လေမှ သူနှင့် ကတုံးပတ်သက်ပုံကို ပြောပြလာချေတော့သည်။

× × × × ×

လူကြီးအုပ်ချုပ်သော တဲစုလေးတွင် အားလုံးက လူကြီးကို တရိုတသေ လေးလေးစားစား ဆက်ဆံကြပေမင့် ဖိုးလုဒင် တစ်ယောက်ကတော့မှု လုံးဝသို့ပြုမှုခြင်းမရှိပါချေ・・ လူကြီးက ဝဆိုလျှင် သူက ဝိလုပ်သူဖြစ်ချေ၏။ သို့ကြောင့်လည်း

"ဝါးခုတ်တဲစုမယ် သည်ကောင်တစ်ယောက်ပဲ ရှုတ်နေတာ ဘယ်လိုကောင်လဲမသိဘူး・・။ ငါတဲစုလူတွေအားလုံးကောင်းဖို့ ငါလုပ်နေတာကို သူမသိဘူးပဲ・・ခုလည်းကြည့်လေ・・အားလုံးက ငါပြောသလိုလုပ်တယ်・・ငါနိုင်းသလိုလုပ်တယ်・・တဲစုတစ်ခုလုံး

www.burmeseclassic.com



လိုလိုလားလား သစ်ပင်တက်ကျွမ်းကျင်ကြတယ်လေ • • နွယ်ကြိုးခိုသွားလာတက်ကြတယ် • • ငါတို့ တဲစုက လူတွေ သာမန်လူတွေနဲ့ မတူတော့ဘူး • • နို့ကလည်း အတတ်ပညာတစ်ခုပဲ • • မဟုတ်လား • • ။ ပြီးတော့ လူသားအချင်းချင်းတောင် လုည့်စားနိုင်ကြတယ်။ ငါတို့ကို မမြင်ကြပဲ အသံသာ ကြားရမယ်ဆိုလျှင် ငါတို့ကို လူတွေက မျောက်တွေလို့ပဲ ထင်ကြမှာလေ • • "

သို့ တဲစုလူကြီးက ပြောတတ်၏။ လူသားစင်စစ်ကနေ မျောက်ဖြစ်ရခြင်းလို့ ဖိုးလုဒင်က ခံယူထား၏။

"ဘယ့်နှယ့်ကွာ မျောက်တကောင်ကို လူလိုပြုမူနေထိုင်တတ်အောင် သင်လျှင်ဟုတ်သေး • • ခုဟာက ပြောင်းပြန် လူကို မျောက်လိုဖြစ်အောင် ပြန်သင်တာပဲ • • "

"သူ့ ဘာသဘောနဲ့ လုပ်သလဲဆိုတာ ငါသိပါတယ်ကွာ"

ဖိုးလုဒင်ကလည်းသို့နှယ့် လူကြီး၏ သဘောတရားနှင့် ပတ်သက်၍ ပြောတတ်၏။ သို့ဆိုတော့ အချို့သော တဲစုနေလူတို့သည် ဖိုးလုဒင်ကို ခေါင်းထဲထည့်တွက်လာကြ၏။

"သူပြောတာလဲ ဟုတ်တယ်ကွ • • နိမ့်ရာကနေ မြင့်ရာကို တက်တာသဘာဝကျတယ်လေ • • မြင့်ရာကနေ နိမ့်ရာဆင်းတာကြတော့ မဟုတ်သေးပါဘူး • • "

သို့ဆိုသလို အချို့ကလည်း လူကြီး နားမပေါက်ကြားအောင် တီးတိုးပြောလာတတ်ကြချေ၏။ ပြောရပါလျှင် ဖိုးလုဒင်ခံယူချက်နောက် လိုက်လိုသူတွေ အတော်များများရှိကြပေမင့် လူကြီး၏ အင်အားများနေသည့်ကြောင့် ငြိမ်သက်စွာ ခေါင်းငုံ့နေကြရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသည်ကလည်း ကတုံးကြောင့်ဖြစ်ချေ၏။ ကတုံးသည် လူကြီး၏ သက်ရင်းတပည့်ကြီးဖြစ်ချေ၏။

သို့ကြောင့်လည်း လူကြီးကွယ်ရာတွင်သာမက ကတုံး၏ ကွယ်ရာတွင်သာပြောကြခြင်းဖြစ်၏။

ကတုံးသိသွားလို့ကတော့ လူကြီးနားပေါက်ပြီသာမှတ် ‥ သို့ကလည်း ထိုသို့ပြောသောသူတို့သည် ထိုနေ့မှ မကြာသော အချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် လူလောကမှ ထွက်သွားရချေတော့၏။

သို့ဆိုတော့ တဲစုနေလူတို့သည် လူကြီးကို ထူးဆန်းသော လူကြီးဟု သတ်မှတ်လာကြတော့၏။

"လူကြီးအကြောင်း မကောင်းမပြောနဲ့ကွ‥ ပြောတဲ့လူက ကြာကြာမနေရတော့ဘူး‥သည်လူကြီးက ငါတို့ထက် ပါဝါမြင့်လွန်းတာ ဖြစ်မယ်ကွ‥"

ဘယ့်တွက်မှု သို့ပြောလာကြသည်မှာ ထိုအတင်းပြောသူတို့သည် တောတောင်ထဲတွင် သားရဲကိုက်ခံရ၍ လည်းကောင်း၊ မြွေကိုက်ခံရ၍လည်းကောင်း၊ သစ်ပင်ပေါ်မှ ပြုတ်ကျ၍လည်းကောင်း သေဆုံးကြရလေခြင်းကြောင့် ဖြစ်ချေ၏။ သို့ဆိုတော့

"ဟိတ်လူကြီးက ငါတို့ထက် ပါဝါမြင့်တယ်‥ သူ့အတင်း ပြောတဲ့သူ ဥပေစ္ဆာကကံထိုက်ပြီး သေရတာချည်းကွ‥ "

သို့ကြောင့် လူကြီးက -

"ငါက ခွင့်လွှတ်ပေမင့် သက်ဆိုင်ရာတွေက ခွင့်မလွှတ်ကြတော့ ငါလည်း မတတ်နိုင်ဘူးကွာ‥ စိတ်မကောင်းပါဘူး‥ အေး ငါလုပ် ပေးနိုင်တာက သူ့အသုဘမြေချတဲ့ကိစ္စတွေတော့ ငါကူညီပေးနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ လူကြီးသည် စိတ်မကောင်းဖြစ်ဟန်ဖြင့် ပြောလာတတ်လေ၏။

"မင်းတို့တွေ ငါပြောသလိုလုပ် ငါပြောသလိုနေ မင်းတို့တွက် ငါ အားလုံးတာဝန်ယူတယ်··"

သို့ဆိုတော့ တဲစုနေလူတို့သည် လူကြီးပြီးလျှင် ပြီးတတ်ကြရ၏။ လူကြီးခိုင်းလျှင် လုပ်ကြရတော့၏။ လူကြီးပြောလျှင် နားထောင်ကြရချေတော့၏။

"ငါတို့တွေ စည်းလုံးညီညွတ်ဖို့လိုတယ်··" ဆိုပြီး လူကြီးက အားလုံးကို တစ်စုတစ်ဝေးတည်း နေစေ၏။ သွားစရာလာစရာရှိလျှင် ကတုံးမှတဆင့် တင်ပြရ၏။ လူကြီးခွင့်ပြုမိန့်ရမှ သွားရ၏။

နိစ္စဒူဝ စားဝတ်နေရေးတွက် ကိုယ်ကျွမ်းကျင်ရာလုပ်ကိုင် ရှာဖွေကြရသော်လည်း ရရှိလာသည်ကို လူကြီးအား အကုန်အပ်ရ၏။ ဆိုပါစို့ မုဆိုးတစ်ယောက် အမဲရလာလျှင် လူကြီးကို ပေးရ၏။ သီးနှံစိုက်ပျိုးသူက စိုက်ပျိုး၍ ဖြစ်ထွန်းသီးနှံတို့ကို လူကြီးအားပေးရ၏။ ကိုယ်စီဝမ်းစာရှာဖွေ၍ ရလာလျှင် လူကြီးအား အပ်ရ၏။ သို့မှ လူကြီးက

ကတုံးကို ဦးစီးစေ၍ နိစ္စဒူဝ စားရေးသောက်ရေးအတွက် ချက်စေ၏။ သို့ဆိုတော့ ကတုံးက တဲနေလူစုမှ လူတွေဖြင့် အိုးကြီးချက်ပြုတ်လေ၏။ ပြီးလျှင် တဲစုနေ လူတို့ တစုတဝေးတည်း စားသောက်ကြရ၏။ သို့ဆိုတော့ အစားကြီးသူ အစားသေးသူမခွဲခြား ပုံစံဖြင့် စားကြရ၏။ သို့ဆိုတော့

မုဆိုးတစ်ယောက်မကြေမနပ်ဖြစ်ခဲ့၏။

"ဘယ့်နှယ့်ကွာ·· ငါ ဂျီတစ်ကောင်လုံးဖမ်းရတာကို··ဂျီသားလေးတစ်တုံးသာစားရတယ်·· အကာသိုလ်အလုပ်နဲ့ ဝမ်းစာရှာနေတာကိုယ်ကြီးစားသလောက် အနစ်နာခံသလောက် မစားရဘူးကွာ··



www.burmeseclassic.com

www.burmeseclassic.com



ကတုံးနဲ့ လူကြီးတို့ကတော့ ဗိုက်ကားအောင် စားရတယ် နို့တော့ မတရားဘူး..."

သို့ပြောခဲ့သည်မှာ သူတို့နှစ်ယောက်နောက်ကွယ်ဖြစ်ပြား ဘယ်လိုက ဘယ်လိုဖြစ်သွားသည်မသိ

နောက်နေ့ မုဆိုးတာတီးအမဲပစ်ထွက်သည်တွင် ဝက်ပက်ခံရ၍ သေဆုံးသွားရချေ၏။

"နို့ကြောင့်ပြောတာပေါ့..လူကြီးက လူကောင်းလေး..ဘာလို့ အထင်လွဲမကောင်းပြောရတာလဲ..လူကြီးက ခွင့်လွှတ်ပေမင့် သက်ဆိုင်ရာတွေက မနေဘူးဆိုတာ တွေ့တယ်လား.. မင်းတို့တွေ မှတ်ထားကြချေ..လူကြီးအကြောင်း မကောင်းမပြောကြနဲ့ကွာ..ဟုတ်ပြီလေ.. မင်းတို့အကျိုးအတွက် ငါပြောရတာ.."

သို့ဆိုလာချေတော့၏။

အံ့ဖို့အကောင်းသားကလား..။ ဖိုးလူဒင်ပင် ဝေဝေဝါးဝါးဖြစ်မိ၏။ သူတို့ပဲ မှန်နေသည်လား..။

သူသည်ပင်လူကြီးကို မကြေနပ် မကောင်းပြောပေမင့် သူ သွားသတိ၊ စားသတိ၊ အိပ်သတိ လုပ်နေရတော့၏။

သူ့တွက် ကံကြမ္မာဆိုးက ယနေ့တိုင်မရောက်လာသေးသဖြင့် သူ အံ့ဩရပြန်သေး၏။

သို့ဆိုသလို တဲစုတွင် လူကြီးကို အားလုံးက ကြောက်ကြ၏။ ရိုသေကြတော့၏။ သို့ကြောင့် လူသားစင်စစ်မှနေ၍ မျောက်ကောင်ကဲ့သို့ နေထိုင်ကြရချေတော့၏။ ဘယ့်လိုပါလိမ့် လူကြီးက သူ့ညြော်တည် မတည် စမ်းသပ်နေခြင်းများလေလား..။

သို့ထက် အံ့ဖွယ်ကောင်းသည်က မျောက်ကောင်အချို့ ပင်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးက မျောက်တို့၏ သဘာဝနေထိုင်ခြင်း၊ ပြုမူခြင်း စားသောက်ခြင်းကို ပြောင်းလဲနိုင်ခဲ့ချေ၏။

ဆိုပါစို့ မျောက်သည် မျောက်စင်စစ်ဖြစ်ပေပြီး သူ၏ အော်ဟစ်နေသောအသံသည် မျောက်ကောင်တို့ အသံစင်စစ်မဟုတ်တော့ဘဲ လူတို့မျောက်လို တုအော်ဟစ်သည့်အသံဖြစ်လာရချေတော့၏။

မျောက်ဇာတ်ပျက်၏ ဟု ပြောရပေမည်လား••။

လူကြီးသည်သာမန်စိတ်ကောဟုတ်ပါရဲ့လား••သို့ ဖိုးလုခင်စဉ်းစားမိ၏။ မှုမမှန်ဖြစ်လေသည်ကိုး••

ကြည့်စမ်း "ငါတို့အဖ" ဟုသူကို နောက်ပိုင်းခေါ်စေ၏။

သို့ဆိုတော့

ငါတို့အဖ••ငါတို့အဖ••ငါတို့အဖ••ရယ်လို့ဖြစ်သွားကြ၏။ သည်တော့ ဖိုးလုခွင်တစ်ယောက် တဲစုနေလူတို့ကို သူ့လူကြီးကို နားလည်သလို သိသလို နားလည်အောင် သိလေအောင် ပြောဆို၍ မရပါတော့ချေ• သို့ဆိုတော့ သူတစ်ယောက်တည်း တကောင်ကြွက်လိုဖြစ်သွားရတော့၏။

သို့ဆိုတော့ သူက လူကြီးမကောင်းကြောင်း မကြေမနပ်ပြောမိပြီး

"သည်ကောင် သူတစ်ယောက်အားနဲ့ ဘာအံ့တုလို့ရမှာလဲကွာ•• ပြောစမ်းပါစေ သူ့ပဲမောပြီး ပက်လက်လန်မှာ••"

သို့ လူကြီးက ပြော၏။ သည်တွင် တဲစုနေလူ တစ်ယောက်က "ငါတို့အဖကို မသိလို့မေးချင်တယ်••" ဟု အရေးဆိုလာ၏။

"မေးလေဗျာ••"

"သူကျတော့ ဘာလို့ ငါတို့အဖကို ဓော်ကားမော်ကား မဟုတ်

www.burmeseclassic.com



မမှန်ပြောပေမင့် ကာလနာတိုက်မသေတာတုန်း..."

အလိုလေးဗျာ..ဟုတ်ပါရဲ့..ဟုတ်ပါရဲ့..လို့ တဲစုနေလူတို့ စဉ်းစားမိလိုက်ကြချေတော့၏။

ငါတို့အဖ ဘာများပြောမလဲ နားစွင့်နေလိုက်ကြတော့၏။ သို့ဆိုတော့..

"ဘာပြောပြော သည်ကောင်ရှိနေတာဟာ အဖရဲ့ အစွမ်းပို သထက်ပိုအောင်လုပ်သလိုဖြစ်နေလို့ပဲ.. နားလည်လား နားမလည် လျှင်ပြောပြမယ်..သူက သည်လိုပဲ အဖကို အပုပ်ချပြောလေလေ အဖက ဘာမှမပြောပဲနေလိုက်တာဟာ သူ့ကိုယ်သူ သူ့ရဲ့မနာလိုစိတ် ကို ဖော်ပြလိုက်တာသလိုဖြစ်သွားတာပဲကွ.. ဟင်း ဟင်း..ဟင်း. နို့ကြောင့် သူ ငါ့ကြောင့် ကာလနာမတိုက်စေချင်လို့ သက်ဆိုင်ရာတွေကို အဖကြိတ် ပြီးပြောဆိုထားရတာလေကွာ..ဟဲ..ဟဲ..ဟဲ.."

သို့ဆိုတော့ တဲစုနေလူတို့သည် လူကြီးအား ပို၍ ယုံကြည်ကိုး စားလာကြချေတော့၏။ ယခင်မကြေနပ်သူတို့သည်ပင် ငါတို့အဖ ငါတို့အဖဟူ၍ တဖတည်းဖနေချေတော့၏။

ထိုသည်ကို ဖိုးလုဒင်တစ်ယောက် နားကြည်းမြင်ပြင်းကပ်လွန်းလှ ချေတော့၏။ သို့ ပေမင့် လည်း သူဘာတတ်နိုင်တော့မည်နည်း..။

သို့ပေမင့်လို့ ဖိုးလုဒင်သည် ခန်အုပ်တော့မည့် ကျား နောက်ခြေ တလှမ်းဆုတ်သလို နေလိုက်၏။

နှတ်က ဖွင့်ဟခြင်းမရှိတော့တဲ လူကြီး၏ အမှားကို စောင့်ကြည့် နေလေတော့၏။

သို့မှ တနေ့လူကြီး၏ မသမာမှုကြီးတစ်ခုကို သူ ကံဝါးထင်ထင် မြင်လိုက်သည်ကြောင့် သူဝမ်းမြောက်ဝမ်းသာဖြစ်သွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကံအားေလ်ာ္စြာပင္ တဲစုေနလူတစ္ေယာက္ ဝက္ပက္ခံရေသဆုံးသည္ကို သၿဂႋဳလ္ေပးရန္ ကတုံးတာဝန္ယူရသလို ဖိုးလုဒင္သည္လည္း ထိုသူႏွင့္ ပတ္သက္ေနရသျဖင့္ ကတုံးႏွင့္ ေတာေတာင္ထဲတြင္ ႏွစ္ေယာက္ထပ္ဆုံ ခြင့္ရခဲ့ေခ်ေတာ့၏။

သို႔ေတာင္မွ

"ေတြ႕လား ဖိုးလုဒင္ သည္ေကာင္လြန္ခဲ့တဲ့ ႏွစ္ရက္ေလာက္က ကတြတ္ေခ်ာင္းထဲမယ္ လူႀကီးမေကာင္းေၾကာင္းေျပာခဲ့တာေၾကာင့္ ခုလို ကာလနာတိုက္ခံရတာပဲ..ဟင္း..ဟင္း..မင္းေတာင္မွ လူႀကီးက သက္ဆိုင္ရာေတြကို ေတာင္းပန္ထားလို႔ ကာလနာမတိုက္ေသးတာကြ" ဟု ေျပာလာေလ၏။

ဖိုးလုဒင္ေဒါသထြက္သြားေပမင့္ သူ၏ ေဒါသကို ထိန္းခ်ဳပ္လိုက္နိုင္၏။ ဘယ့္ေတြက္မွ သူလုပ္ခ်င္သူမွာ လူႀကီးျဖစ္၏။ လူႀကီးေနာက္လိုက္ကိုလုပ္လို႔ သူ႕တြက္ မည္သို႔အက်ိဳးရွိမည္မဟုတ္သလို တဲစုေန လူတို႔အတြက္လည္း အက်ိဳးမရွိနိုင္သည္ကိုး..။

"ဟုတ္ပါတယ္ဗ်ာ..ေက်းဇူးတင္ပါတယ္..ႏို႔ေၾကာင့္လည္း ကၽြန္ေတာ္က သည္ေနာက္ပိုင္း လူႀကီးမေကာင္းေၾကာင္းေျပာတာ ခင္ဗ်ား တို႔ၾကားလို႔လား..၊ သိလို႔လား.."

သို႔မ်က္ႏွာခ်ိဳေသြးေျပာလိုက္ေခ်၏။

သည္တြင္ ကတုံးတစ္ေယာက္မ်က္ႏွာၿပဳံးသြားရင္းက

"ေအး..ဖိုးလုဒင္ မင္းအေတာ္ကေလးကို သိနားလည္လာၿပီပဲကြ.. သည္လိုလုပ္ပါလား.. မင္းငါနဲ႔အတူ ငါတို႔အဖ ႏွင္းဆယ္ ေခြဆုပ္လက္နယ္ျပဳေနပါလား.. ငါေျပာေပးမယ္ေလ မင္းကို ငါတို႔အဖက လက္ခံမွာပါ..မင္းလိုရဲရင့္တဲ့သူမ်ိဳးကို ငါတို႔အဖေတာ

www.burmeseclassic.com



သူ့အောက်မှာ ရှိစေချင်တာလေ‥ငါ့ကိုပြောဖူးတယ် ‥"

သို့ဆိုတော့ ဖိုးလုဒင်တစ်ယောက်ကတုံးကို ထထိုးသတ်လိုက်ချင်စိတ်ဖြစ်သွားရပေပြား သူ့အကြံနှင့်သူမို့ -

"အေးပါကွာ‥ငါလဲ မင်းတို့အဖနားနေချင်ပါတယ်‥ အလုပ်အကျွေးပြုချင်ပါတယ်‥နို့ပေမင့် ငါ့မယ် ဘာမှအစွမ်းအစရှိသေးတာမဟုတ်ဘူးလေ‥ ဆိုပါစို့ကွာ မင်းလို သားကောင်ဖမ်းတတ်တဲ့ မုဆိုးလည်းမဖြစ်သေးဘူး‥နို့ကြောင့်မင်းငါ့ကို မုဆိုးကောင်းတစ်ယောက်ဖြစ်အောင် သင်ပေးပါကွာ‥"

သို့ ဖိုးလုဒင်က ပြောလိုက်ချေ၏။

သည်တွင် ကတုံးတစ်ယောက် လွန်မင်းစွာသဘောကျသွားချေတော့၏။ ဘယ့်တွက်မူ ကတုံးတစ်ယောက် မုဆိုးအလုပ်ကို လွန်မင်းစွာလုပ်လိုသူတစ်ယောက်ဖြစ်ခြင်းကြောင့်ပင်‥ သူ့အမဲလိုက် ဝါသနာပါသည်ကို ဖိုးလုဒင်လည်း သိထား၏။ သူ့အမဲလိုက်လိုခြင်းသည် လူကြီး၏နှလုံးပြူးသေနတ်ကြီးကို ပစ်လိုခြင်းဖြစ်ချေ၏။

သို့ဆိုတော့ လူကြီးသည် သူ့လက်ရင်းတပည့်ရင်းကြီးတစ်ယောက်ဖြစ်သည်ကြောင့် သူ့နှစ်လုံးပြူးသေနတ်ကိုပေး၍ အမဲပစ်ထွက်စေ၏။ သို့ဆိုရာတွင်

"ဟိတ်ကောင် မင်း ညအိပ်ညနေသွားချေ‥ညဘက် လင့်စင်ထိုးသားရဲကောင်ပစ်ရတဲ့အရသာကို မင်းသဘောကျလောက်တယ်ကွ"

သို့နှယ့်ပြောလိုက်၏။ သို့ဆိုတော့ ကတုံးတစ်ယောက် ဖိုးကျိုင်းတုတ်ဖြစ်သွားရတော့၏။

တနေကုန် တနေခန်း တောထဲလှည့်အမဲ့ပစ်လေ၏။ ပြီးတော့ တညဥ့်လင့်စင်ထိုး သားရဲကောင်ကို စောင့်ဖြစ်ပေ၏။ အချိန်ပေါင်း

www.burmeseclassic.com



များစွာဆိုတော့ သူ့သားကောင်ကို ရအောင်ပစ်နိုင်ခဲ့၏။ မုဆိုးတစ်ယောက် ဖြစ်လာခဲ့၏။

သားကောင်ရလာလျှင်သူဝမ်းသာမိ၏။ သို့မှ သားကောင် မဟုတ်ဘဲ သားရဲကောင်ရလျှင် သူကိုယ်သူ လူစွမ်းကောင်းကြီးဟု ထင်မိချေ၏။ ဂုဏ်ယူဝမ်းမြောက်စွာ သားရဲကောင်အသေကို ထမ်းပိုးကာ တဲစုသို့ ပြန်လာရခြင်းအရသာကို သူခံစားတက်လာတော့၏။

သူတို့တဲစုနေသူတို့ကလည်း မုဆိုးကြီးတစ်ယောက် မုဆိုး ကောင်းတစ်ယောက်ဟု သတ်မှတ်လာကြတော့၏။

သို့ကလည်း

"အဖမင်းတို့ကို ပြောတယ်・・ ငါတို့တဲစုမယ် ကတုံးက အတော်ဆုံးမုဆိုးပေပဲကွ・・နို့ကြောင့် ငါသူကို သည်နှစ်လုံးပြူးသေနတ် ကို အပိုင်ပေးထားတာမဟုတ်ပေမင့် သူသဘောရှိ သူသုံးခွင့်ပြုလိုက် ပြီလေ・・"

သို့နှယ့် တဲစုနေလူတို့ကို ကြေငြာခဲ့သည်မဟုတ်ပါကလား။

ယခုလည်းကြည့် သူတို့ကို အမြင်မကြည်သော ဖိုးလှုဒင်ကာပင် သူကို တပည့်ခံလာရပြီဆိုတော့ ပိုလို့ပင် ဝင့်ကြွားနေချေတော့၏။ သို့ကြောင့်လည်း

"ဟာ・・သိပ်ဖြစ်တာပေါ့ကွာ・・ငါနက်ဖြန်・・သဘက်ခါလောက် တောထဲသွားမယ်・မင်းလိုက်ခဲ့ချေ・သေနတ်ပစ်နည်းကော・ သားကောင် ချောင်းရာခံလိုက်နည်း။ အိုကွာ မုဆိုးတို့တတ်အပ်တဲ့ ပညာအားလုံး ဆရာ စားမချန် ပေးမယ်・・ဟုတ်ပြီလား・・ အေး・・မင်းလောလောဆယ် စိတ်မခိုင်သေးလို့ ငါတို့အဖ လက်အောက်မှာ မလုပ်ချင်တော့ မင်းနဲ့ငါ တူတူ ငါ့တပည့်အနေနဲ့နေပါလား・・ဟင်း・"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ဖိုးလုဒင်တစ်ယောက် ရင်မှာကြိတ်၍အံ့ကြိတ်မိ၏။

သို့ဖြား

"ဟား··ဆရာကတုံးရယ်·· သိပ်ဟုတ်တာပေါ့·· လောလော ဆယ် ဆရာကတုံးရဲ့ တပည့်လုပ်ကြည့်ဦးမယ်ဗျာ··ဟုတ်လား"

သို့ သူ့ရင်တွင်းမပါပေမင့် သရုပ်ပါပါပြောလိုက်ချေ၏။

သည်တော့ကာ နောက်နှစ်ပတ်လောက်တွင် ကတုံးနှင့်သူ အတူ အမဲပစ်ထွက်ခဲ့ကြတော့၏။

ကတုံးက သူ့ကို သင်ကြားပြသလေ၏။ သူနာခံခဲ့ပါသည်။ ကြိတ်မိတ်ပြီးတော့ပေါ့··။

သို့မှ ညဘက်ရောက်သည့်တွင်

"ငါတို့ လင့်စင်ထိုးပြီး ညဘက်သားရဲကောင် စောင့်ဖမ်းကြမယ်၊ ဟိုနားက ပျဉ်းမတောလေးမယ် ဆားကျင်းရှိတယ်··အဲဒီကို ညဘက်ဆို သားရဲကောင်တွေ ရောက်လာနိုင်တယ်·· မုဆိုးဆိုတာ ကိုယ့်ကို အန္တရာယ်ပေးနိုင်လောက်တဲ့ သားရဲကောင်တွေကို သတ်ဖြတ်တယ် ဆိုတာ ကိုယ့်ကို အချိန်မရွေး အန္တရာယ်ပေးနိုင်တဲ့သားရဲကောင်ကို ပစ်ခတ်သတ်ဖျတ်နိုင်တာ မုဆိုးလောကမှာ နာမည်ကောင်းရစေတယ် ကွ·· မင်းကြုံဖူးတယ်ရှိအောင်ပေါ့·"

သို့ကတုံးကပြောလေ၏။ သူ လွှန်မင်းစွာ ကြေနပ်ကျေးဇူးတင် ဟန်ပြလိုက်၏။

သို့မှ သူ ကတုံးနှင့် နှစ်ယောက် နှစ်ရက်လောက် တောတောင် ထဲလိုက်သွားခဲ့၏။ သူ့သဘောမှာ လက်ဖက်ကောင်းစာချင် တောင်းဘက် နေးနေရခြင်းဖြစ်သည်ကို ကတုံးမသိပါချေ··။

သို့မှ တတိယပတ် သုံးကြိမ်မြောက် အမဲပစ်လိုက်ခဲ့ကြသည်

www.burmeseclassic.com

www.burmeseclassic.com



တွင် မတော့

"ဆရာကတုံးကို ကိုယ့်ဆရာမို့ ပြောစရာရှိတယ်"

သို့ သူက ခရီးစစခြင်း စကားစလိုက်၏။

"ပြောလေကွာ.. တပည့်ကြီးရဲ့.."

"ဟိုလေ..ဆရာကတုံးက ကျွန်တော့်ကို အမုန်ပြောပါ.. ဘယ်လိုမြင်လဲ.."

"ဟေ..မင်းဘာကိုဆိုလိုတာလဲ.."

ဖိုးလုဒင်စကားကြောင့် ကတုံးအံ့အားသင့်သွားတော့၏။

"သည်လိုပါ ဆရာကတုံးက ကျွန်တော်ကို တပည့်အရင်းအချာလို မြင်တယ်..ပြီးတော့ ကျွန်တော် ပြောစကားကို ယုံကြည်လက်ခံမယ်ဆိုလျှင် ဆရာနဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခုပြောချင်လို့ပါ.."

"ဟေ"

သို့ဆိုတော့ ကတိုးစိတ်ဝင်စားသွား၏။

"တကယ်တော့ ကျွန်တော်သည်ကိစ္စကို သိတာကြာပါပြီ။ ဆရာကတုံးကိုပြောသင့်မပြောသင့် ပြီးတော့ ဆရာကတုံးက ကျွန်တော် ပြောတာယုံပါ့မလားလို့ သံသယတွေကြောင့် မပြောဖြစ်တာပါ.."

"ဟာ..မင်းကလဲ..ပြောပါကွာ..ငါ မင်းကိုယုံပါတယ်။ ရှင်းရှင်းပြောကွာ.. ငါ့မိန်းမစကားထက် မင်းစကားကိုပိုယုံတယ်ကွ.. ဟုတ်ပြီလား.."

သို့ဆိုတော့ ဖိုးလုဒင် ကြေနပ်သွားချေတော့၏။ စိတ်တွင် ဝမ်းသာမိချေ၏။

"ဆရာ သည်ကနေ လင့်စင်မစောင့်နဲ့တော့ ကျွန်တော်တို့ အတွက်လည်း ဒရယ်တစ်ကောင်ရထားပြီးပဲ..ပြန်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော··ဘာဖြစ်လို့လဲ··"

"ဆရာကတုံးအကျိုးအတွက်ပြန်မှာ··"

"ဟော··ရှင်းအောင်ပြောကွာ··"

"ဆရာကတုံးအိမ်ရောက်လျှင်ပြောမယ်··"

"မင်း··ဘာတွေ သိထားလို့လဲ·· အေး··ငါက မင်းသဘောပါ။ မင်းက ငါ့အယုံကြည်ရဆုံးတပည့်ကြီးပဲကွ··ဟုတ်ပြီလား··ပြန်ကြတာပေါ့··"

သို့ဖြင့် သူတို့နှစ်ယောက်သည် ညမှောင်စပျိုးတွင် ရွာသို့ပြန်ခဲ့ကြ၏။

သို့ဆိုတော့ ရွာတွင်းသို့ ညဦးနက်သန်းခေါင်လောက်တွင် ပြန်ရောက်ခဲ့ကြတော့၏။ သို့ဆိုတော့ ကတုံးအိမ်သို့တန်း၍ တန်းတန်းမတ်မတ် ပြန်လာခဲ့ကြသည်ဆိုပေမင့် တိုးတိတ်ညင်သာစွာ ခြံဝင်းတွင်းဝင်ခဲ့ကြခြင်းဖြစ်၏။ သို့ကလည်း ဖိုးလုဒင်၏ အကြံပြုချက်ဖြင့် တိတ်တဆိတ် ပြန်ဝင်ခဲ့ကြခြင်းဖြစ်၏။

"ဟင်"

သူတဲနားရောက်လုတွင် ကတုံးတစ်ယောက် ဒွိဟဖြစ်သွားရ၏။ သူ့ဇနီးသည် မအိပ်သေးပါကလား··။ ဘယ်လိုကြောင့်ပါလိမ့်။ သန်းခေါင်ယံအချိန်ပဲ ရောက်ပေရော့မည်။

ပြီးတော့ သူတဲအတွင်းသူ့ဇနီးချည်းသာမဟုတ် ကျောပေးရပ်နေသောသူ တစ်ယောက်ရှိချေ၏။

သူဒေါသထွက်သွားတော့၏။

လက်ထဲမှ ဓါးကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ တဲအတွင်းပြေးဝင်မည်လုပ်သည်တွင် ဖိုးလုဒင်က တားဆီးထားလိုက်ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ··ဘာလုပ်မလို့လဲ"

"ဖောက်ပြန်တဲ့သူတို့နှစ်ယောက်ကို သတ်မလို့"

"အဲလိုလုပ်လို့မဖြစ်ဘူး··"

"ဘာလို့လဲ··"

"အဲဒီလူကို ဆရာ သေသေချာချာကြည့်ဦး··"

သည်တော့ ကတုံးသည် ငြိမ်သက်သွားပြန်ကာ ကျောပေး အနေအထားရှိနေသူကို စေ့စေ့ကြည့်လိုက်၏။ သို့မှ ထိုသူသည် သူ၏ဇနီးသည်အား ပွေ့ဖက် နမ်းရှုံ့လိုက်ပြီး

"ငါ့အဖသွားတော့မယ်··မင်းသေသေဝပ်ဝပ်နေနော်··ဟုတ်လား··ငါ့အဖနဲ့ တပတ်တစ်ကြိမ်တွေ့ခွင့်ရတာပဲ·· တော်ပြီပေါ့··ဟုတ်လား"

ဘုရားရေ··ကတုံးတစ်ယောက် ခေါင်းနပမ်းကြီးသွားတော့၏။ တဆတ်ဆတ်တုန်နေလေ၏။

သူ့ရှိသေလေးစားသူ အဖက သူ့အပေါ်စည်းဖောက်နေပါကောလား··သူဘာလုပ်ရမည်နည်း။

သူ့အားကိုးတကြီးဖြင့် ဖိုးလုဒင်ကို ကြည့်လိုက်၏။

"သည်မယ် ကတုံး ငါရှင်းရှင်းလင်းလင်းပြောမယ်·· ငါသည်ကိစ္စကို မင်းကိုပြောချင်လို့ ငါအချိန်ယူပြီး မင်းတပည့်အနေနဲ့ နေနေခဲ့ရတာ·· မင်းရဲ့ယုံကြည်မှုကို ငါရမှဖြစ်မှာကိုး··မင်းငါ့ကို နားလည်ပါကွာ·· ခု ငါမင်းကို ပြောချင်တာက ဘုရားမှတ်ပြီးမင်းတို့ကိုးကွယ်နေတဲ့ မင်းတို့အဖဆိုတာ တကယ်တော့ ဖွတ်ကျားကြီးပါကွာ·· သိပြီလား·· အေး တဲ့စုနေလူတွေထက် မင်းက ပိုခံစားရမှာပဲ··ငါကွာ ရှင်းရှင်း ပြောမယ်·· သည်လူကြီးက လုံးဝမစွံတဲ့လူကြီးကွ··အသိဉာဏ်ရှိတဲ့ လူတွေကိုလည်း အသိဉာဏ်မဲ့အောင် လုပ်တယ်။ မိန်းမတွေကိုလည်း တိရိစ္ဆာန်ဖြစ်အောင် လုပ်တယ်။ ပြီးတော့ သူများအားမယားကို ကြာခို

www.burmeseclassic.com


ခဲ့တယ်‥မင်းဇနီးတစ်ယောက်တည်းမဟုတ်ဘူးကွ‥တခြားမိန်းမတွေကို လည်း သူ့အဲလိုပဲ ဆက်ဆံနေတာ၊ ခု ‥မင်းကိုယ်တွေ့ပဲ မဟုတ်လား ‥ သည်တော့ မင်းဘာလုပ်မလဲ‥"

သည်တွင် ကတုံးတစ်ယောက် ရှိဝေသော မျက်လုံးများဖြင့် ဗိုးလုဒင်ကိုကြည့်ပြီး

"ငါမင်းစေတနာကို နားလည်သလို မင်းဟာ ငါတို့ တဲစုလူ တွေရဲ့ အကျိုးကို လိုလားသူဆိုတာ လက်ခံပါတယ်ကွာ‥ ငါမသိလို့ မင်းအပေါ် လွန်ခဲ့တဲ့ရက်တွေက ကျူးလွန်ခဲ့တာတွေကို ခွင့်လွှတ်ပါကွာ"

"အေးပါ‥ငါသဘောပေါက်ပါတယ်‥ငါလည်း မင်းရဲ့ယုံကြည် မှုကိုရမှ အဲဒီလူကြီးရဲ့ ယုတ်မာတဲ့အကြံကို ဖော်ထုတ်ပြနိုင်မှာလေ‥ သည်တော့ မင်းရဲ့ ကူညီမှုလိုတယ်လေကွာ‥ မင်းသဘောပေါက်ပါ တယ်‥ငါတစ်ယောက်တည်းဆို‥ တဲစုလူတွေကို စည်းရုံးပြောလို့ ရမှာမဟုတ်ဘူး‥"

"လူကြီးရဲ့ လက်ရင်းတပည့်ကြီးဖြစ်တဲ့ မင်းပြောတာဆို တဲစုက လူတွေ လက်ခံပါလိမ့်မယ်‥ မင်းသဘောပေါက်တယ်နော်‥"

"ဟုတ်ပါပြီ‥‥ ငါဘာလုပ်ရမှာလဲ‥"

"မင်းဘာလုပ်ချင်လဲ‥"

"ငါသည်လူကြီးကိုသတ်မယ်‥ ခုပဲသတ်မယ်"

"ဟင်း‥အဲလိုလုပ်လို့မရဘူး‥ မင်းသူ့ကို သတ်လိုက်ပေမင့် တဲစုနေလူတွေကို ဘယ်လိုမှ ကယ်တင်နိုင်မှာ မဟုတ်ဘူး‥ တဲစုနေ လူတွေကို သူက ပုံစံခွက်ချပြီးဖြစ်နေပြီလေ‥ သူသေသွားလို့ မင်းပဲ ဖြစ်ဖြစ် ငါပဲဖြစ်ဖြစ် တဲစုက လူတွေအပေါ် ဩဇာလွှမ်းဖို့ မဖြစ်နိုင်ဘူး တဲစု လူကြီးအဖြစ် ငါ့ကိုလည်း သူတို့လက်ခံနိုင်ကြမှာမဟုတ်ဘူး‥၊

www.burmeseclassic.com

www.burmeseclassic.com


သည်တော့ ငါတို့ သူ့ကို ကြိုးရှည်ရှည်နဲ့ လွှတ်ထားရလိမ့်မယ်။ ပြီးတော့မှ ငါတို့ ဘယ်လိုလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်တာပေါ့ . . ခုကာမင်းသည်းခံပါကွာ . မင်းအခု ကြည့်လေ ငါ့မင်းကို ဘယ်လိုစည်းရုံးခဲ့လဲ . သိတယ်နော် . . "

"အေးပါကွာ . မင်းက စိတ်ရှည်ပြီး တွေးတောကြံဆမှုကောင်းပါတယ် . . ၊ မင်းဆရာငါမဟုတ်ပါဘူး . ခုတော့ မင်းက ငါ့ဆရာဖြစ်သွားပါပြီ . . မင်းပြောတာ ငါလုပ်ပါ့မယ် . . အေး တစ်ခုပဲ . . မင်းကိုတောင်းဆိုမယ် . ငါ့ဇနီးနဲ့ အဖကို အပြစ်ဒဏ်ပေးပါလို့ ငါတောင်းဆိုချင်တယ် . . "

"ဟုတ်ပြီလေ . . သည်တော့ ငါမင်းကိုမေးမယ် . မှန်မှန်ပြော"

"ပြောလေ . . "

"မင်း ငါ့အဖကို သုတ်သင်ပေးရမယ် . . နို့မှ မဟုတ် ငါဘာသာ သုတ်သင်မယ် . . မင်းခွင့်ပြုရမယ် . . မင်းခွင့်ပြုတဲ့အချိန်ကိုပြောတာပါ . . "

"ဟုတ်ပြီ . . ကတုံး . . ငါပြောမယ် . . နားထောင် . . မင်းတို့ငါတို့က သူ့ကို တရားလက်လွှတ်သုတ်သင်လို့မရဘူး . . ငါတို့နေတဲ့တဲစုလေးက မြို့နဲ့ အလှမ်းဝေးတယ်ဆိုပေမင့် မြို့ကြီးရဲ့ အုပ်ချုပ်မှုလက်အောက်မှာရှိတယ်။ တဲစုလေးပဲကွာဆိုပြီး ဥပဒေမဲ့လုပ်လို့မရဘူး . . သူ့အပြစ်ဒဏ်ပေးမယ်ဆို သူ့အပြစ်တွေ ဖော်ထုတ်ဖို့ ငါတို့က လက်ဆုပ်လက်ကိုင်ရှိရမယ် . . "

"ဟုတ်ပြီလေ . . နို့ဆိုတော့ အဲဒါတွေရှိပါပြီဆိုလျှင် မင်းအဖကို သတ်လို့ရပြီလား . . "

"အေး"

"တကယ်လား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ . . နို့ပေမင့် . . သုတ်သင်လို့ရတယ်ဆိုတာ . . မင်းလက်နဲ့ ငါလက်နဲ့တော့မဟုတ်ဘူးနော် . . တရားဥပဒေနဲ့ သတ်ရမှာ"

"အေး . . ငါမရှင်းဘူး . . ရှင်းအောင်ပြော . ."

"သူ လူသတ်တယ်ဆိုတာငါသိတယ်. နို့ပေမင့် သက်သေ မရှိဘူး . ."

"မင်းက သက်သေရှာပေးနိုင်မယ်မယ်ထင်တယ် . ."

"ဟေး . . မင်းဒါတွေကို မင်းဘယ်လိုလုပ်သိလဲ . ."

"ငါကသူနဲ့မင်းကို မျက်ခြေမပြတ်ကြည့်နေတာလေ . . နို့ကလဲ ငါသူ့ကို အမုန်းတရားကြောင့်မဟုတ်ပါဘူး . . တဲစုနေလူတွေ အကျိုး အတွက်ပဲကွ . . သူ့ကြောင့် တဲစုနေလူတွေ လူစင်စစ်ကနေ မျောက်တွေ လိုဖြစ်နေတာလေ . ."

"ဟုတ်ပါပြီ . . ငါသဘောပေါက်သွားပြီ . ."

"မင်းပြောတာ . . သူက လူသတ်သမားတစ်ယောက် တကယ် နော် . ."

"အော် . . တကယ်ပါ . . မင်းကသာ သက်သေခိုင်ခိုင် လုံလုံဖြစ်ဖို့ ကူညီပေးစမ်းပါ . ."

သို့ဆိုတော့ ကတုံးသည် ဖိုးလုဒင်အား ရီဝေသောမျက်နှာဖြင့် ကြည့်နေလေပြီး

"သက်သေက ငါကိုယ်တိုင်ပဲကွ . ."

"ဟေ"

"ဟုတ်တယ် . . သူ သူ့ကိုသပုတ်လေလွင့်ပြောတဲ့သူတွေ အတင်းပြောတဲ့လူတွေကို သူသတ်ခဲ့တာ ငါက သူ့တပည့်ကြီးမို့တော့ ငါသူ့နားအမြဲရှိတယ်လေကွာ . . နို့ကြောင့် ငါ့ကိုသက်သေလုပ်လို့မျှင် မရဘူး လား . ."

www.burmeseclassic.com

www.burmeseclassic.com


သို့ဆိုတော့ ဖိုးလှခင်တစ်ယောက် ကဝုံးကိုပွေ့ဖက်လိုက်ချေပြီ
"မင်းဟာ တကယ်တော့ ကိုယ်ကျိုးစွန့်ပြီး တဲစုနေလူတွေကို လူတလုံး သူတလုံးဖြစ်အောင် လုပ်ပေးနိုင်မဲ့ သူပါကွာ··မင်းသမိုင်းကို မင်းရေးတာပဲ·· ငါဝမ်းသာတယ်ကွာ··"

"သည်လိုနဲ့ ကဝုံးနဲ့ကျွန်တော်လူကြီးကို ရင်ဆိုင်ဖို့ဆိုပြီး သွားတွေ့ခဲ့တယ်လေ။ တကယ်တမ်းကျတော့ ကဝုံးက အပြောတစ်မျိုး အလုပ်တစ်မျိုးပေပဲဗျ··။ ကျွန်တော့်ကို သစ္စာဖောက်သွားတယ်၊

"တိုတိုပြောရလျှင် လူကြီးအိမ်မှာ ကျွန်တော့်ကို ချည်နှောင်ထားကြတယ်။ နောက်နေ့မယ် ကျွန်တော့်ကိုသတ်ဖို့ ကဝုံးကပဲ တာဝန်ယူခဲ့တယ်။ ကဝုံးနဲ့အတူ လူကြီးရဲ့လက်မရွံ့နှစ်ယောက်ပါတယ်။ ကျွန်တော်ကံကောင်းချင်တော့ သူတို့ရဲ့သတ်ကွင်းမရောက်ခင်မှာ၊ လူကြီးရဲ့လက်မရွံ့တစ်ယောက်က ကံဆိုးစွာနဲ့ တောကြီးမြွေပေါက်ကိုက်ခံရပြီး သေသွားတယ်။ သူကိစ္စနဲ့ကဝုံးတို့အလုပ်များနေတုန်း ကျွန်တော်က သူတို့လက်က ထွက်ပြေးခဲ့တယ်။ ကျွန်တော့်ကို ကဝုံးက အလွတ်မပေးဘူး။ တိုက်ခိုက်ခဲ့တယ်။ သည်ကောင် မျောက်ရိုင်းတစ်ကောင်လိုပဲဗျာ။ သူနဲ့သတ်တာမှာ ကျွန်တော်တယ်လိုမှ မယှဉ်နိုင်ခဲ့ဘူး။ ကိုယ်လွတ်ရုန်းပြေးခဲ့ရတယ်။ သည်လိုနဲ့ ခင်ဗျားတို့နဲ့ဆုံတာပဲ··"

လင်းမြင့်လှိုင် ကျွန်တော်နှင့် မြင့်ဆွေ မြင့်မောင်တို့သည် ဖိုးလှခင်ပြောလာသည့် အကြောင်းကိုသိလိုက်ကြသည်နှင့် ဖိုးလှခင်ဆိုသူကို ဂုဏ်ယူသောအကြည့်ဖြင့် ကြည့်လိုက်ကြချေတော့၏။

သို့အချိန်လေးတွင် ကဝုံးဆိုသူက ရောက်လာလေ၏။ သူနှင့်အတူ လူတစ်ယောက်ပါလာ၏။

ထိုသူကိုတော့ဖြင့် လက်ပြန်ကြိုးတုတ်ခေါ်လာခြင်းဖြစ်၏။
www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ဘယ်လိုဖြစ်တာလဲ . ."

ဖိုးလှုဒင်က ကတုံးကိုမြင်လိုက်သည်နှင့် အံ့သြတကြီးကြည့်မေးလေ၏။

"ဖိုးလှုဒင် ခင်ဗျားက ကျွန်တော့်ကို အထင်လွဲနေမှာပဲ။ ကျွန်တော်တစ်ယောက်တည်းရဲ့ သက်သေက မခိုင်လုံလောက်ဘူးထင်လို့ သေချာတဲ့ သက်သေတစ်ယောက်ကိုပါ ကြံဖန်ရှာလာတာလေ"

အလိုလေးဗျာ . . ဘယ်လိုပါလိမ့် . . ကျွန်တော်တို့ပင် မရှင်းဖြစ်ရချေတော့၏။

"မင်း . . ငါ့ကို ရှင်းအောင်ပြောပါလား . ."

ဖိုးလှုဒင်က ကတုံးကို မေးလိုက်၏။

"သည်လိုလေ . . မင်းကို လူကြီးက သတ်မိန့်ပေးလိုက်တယ်လေ . . ငါနဲ့ သူတို့နှစ်ယောက်ကို လွှဲလိုက်တယ်။ သည်တော့ မင်းလဲသိတာပဲ . . တောထဲမယ် တစ်ယောက်က မြွေကိုက်သေတယ်။ ငါက မင်းကိုတမင်ထွက်ပြေးရအောင် အခွင့်အရေးပေးလိုက်တယ်။ မင်းပြေးတော့ သူက လိုက်သတ်တယ်။ မင်းဒဏ်ရာနဲ့ ပြေးသွားတယ်။ မင်းက ငါ မင်းအပေါ် သစ္စာဖောက်လုပ်ကြံတယ်လို့ထင်တယ်။ သည်တော့ ငါက သူ့ကိုနောက်ကနေ အဖိုင်တွယ်လိုက်ပြီး ချုပ်နှောင်လိုက်တာပဲ။ ခုတော့ ခိုင်လုံတဲ့သက်သေတစ်ခုရပြီလေ . ."

"မင်းတစ်ယောက်နဲ့လုံလောက်ပါတယ်ကွာ . ."

ဖိုးလှုဒင်က သက်သမကင်းပုံစံဖြင့် မေးလိုက်လေကြောင်းကို ကျွန်တော်တို့ သိလိုက်ချေတော့၏။

"မင်းသေချာစဉ်းစားစမ်းပါကွာ . . ငါက လူကြီးကို အမှုဖွင့်တိုင်တန်းပါပြီတဲ့ . . ငါစကားကို သက်ခိုင်ရာယုံမှာလား . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ••ယုံမှာပေါ့ •••"

သို့ဆိုတော့ ကတုံးက ခေါင်းကို ခါယမ်းလိုက်ချေပြီး

"ငါ့မိန်းမကို လူကြီးက ကြာခိုလို့ နှိပ်စက်စွကြောင့် ငါက လူကြီးကို အငြိုးအတေးထားပြီး လည်ဆည်တိုင်တန်းတာပါလို့ ထင်မသွားနိုင်ပေဘူးလား••"

ဘုရားရေ••ဟုတ်ပါ့••သို့လည်း ဖြစ်နိုင်ချေသည်ပဲ။

မည်သို့ပင်ဆိုစေ ကတုံး၏ လုပ်ရပ်က ချည်ပြီး တုတ်ပြီး ဖြစ်နေသည်ပဲကိုး••။ သို့ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ကတုံးကို အထင်ကြီးလေးစားစွာဖြင့် ကြည့်လိုက်ကြချေတော့သည်။

တကယ်တော့ ဖိုးလုဒင်နှင့် ကတုံးသည် တဲစုနေလူတို့၏ ဘဝကို အမှောင်မှ အလင်းသို့ ခေါ်ဆောင်လာကြသူတွေဖြစ်ကြသည်ကိုး••။

သို့ဆိုတော့ ကျွန်တော်တို့သည် လူကြီးတို့တဲစုရှိရာ ပြန်ခဲ့ကြချေတော့၏။

"ကိုကတုံး ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကို ပြင်ချင်သေးလား"

သို့ဆိုသလို လင်းမြင့်လှိုင်က မေးလေ၏။ ဘယ့်တွက်မူ လူကြီးနှင့် ထိတ်တိုက်တွေ့လေမှ ကတုံးတစ်ယောက် စိတ်ပြောင်းလဲသွားပါလျှင် ကျွန်တော်တို့သည် လူကြီးအား အရေးယူနိုင်ရန်အတွက် ခိုင်လုံသော သက်သေမပြနိုင်မည်စိုး၍ ဖြစ်ချေ၏။ သို့ဆိုတော့ ခပ်စောစော သိထားပါလျှင် ကျွန်တော်တို့သည် လူကြီးကို ပစ်ဒဏ်ချနိုင်ရေးအတွက် အချိန်ယူ ခိုင်လုံသော သက်သေရှာရဦးမည်မဟုတ်ပါကလား။

သို့ဆိုတော့ ကတုံးက

"ဟာ••ရပါတယ်ဗျာ••စိတ်ချပါ••ကျွန်တော်စိတ်ပြောင်းသဲ

www.burmeseclassic.com



မှာမဟုတ်ပါဘူး..."

သို့ဆိုတော့ ကျွန်တော်က လင်းမြင့်လှိုင်အား တိုးညှင်းသောလေသံဖြင့်

"သေချာပါ့မလား..ကိုလင်းရယ်..တကယ်တော့ သူ့လူကြီးကို ပစ်ဒဏ်ချနိုင်ဖို့ သူ့သက်သေခိုင်လုံးပြနိုင်တယ်ဆိုတော့ သူ့ပါ အမှုထဲပါနေပြီလေ.. သူလဲ မလွတ်နိုင်တော့ဘူးပေါ့.. နို့ကိစ္စကို သူမသိလို့ လွှယ်လွှယ်ခုံးဖြတ်ထားတာပဲဖြစ်နေဦးမယ်.."

သို့ ကျွန်တော်က ပြောလိုက်ချေ၏။

"ဟုတ်တယ်ကိုပိုက်ရဲ့.. နောင်မှ သူ့ပါအမှုထဲပါနေလျှင် ကျွန်တော်တို့ကို တမျိုးတမည်ထင်နေဦးမယ်ဗျာ.. ခုကတည်းက သူ့ကို ပွင့်ပွင့်လင်းလင်းပြောထားလျှင် မကောင်းဘူးလား.."

"ကောင်းတာပေါ့..ကိုလင်းရယ်..ပွင့်ပွင့်လင်းလင်းသိအောင် ပြောကြတာပေါ့.."

သို့ တွက်လိုက်မိသည့်ကြောင့်..

"ကိုကတုံး သေချာရဲ့လားဆိုတာကို အလွတ်မပြောနဲ့ လူကြီးကို နိုင်လုံတဲ့ သက်သေ ခင်ဗျားက ပေးမယ်ဆိုတော့ ခင်ဗျားလဲ အမှုတွဲပါနိုင်တယ်နော်..နို့ကိုကော သိရဲ့လား.."

လင်းမြင့်လှိုင်စကားကြောင့် ကတုံးတွေဝေသွားမည် ကျွန်တော်ထင်လိုက်ပေမင့်..တကယ်တမ်းကျတော့မှု ကတုံးက ပြုံးပြလာချေပြီး

"ကျွန်တော်ပါ လူကြီးနဲ့အတူ စက်တိုင်တက်ရမယ်ဆိုတောင် တက်မယ်လို့ ကျွန်တော် တွက်ထားပြီးပါပြီဗျာ.. စိတ်ချပါ..နို့စ္စက လည်း ဆရာလေးတို့သိတာက မယားထိလို့ဆိုတာလောက်ပါ..အမှန်ဝန်ခံရလျှင်ဖြင့် မယားကိစ္စကြောင့် မဟုတ်ပါဘူး.. အခုနေလူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရေးအတွက် ကျွန်တော်စွန့်စားချင်တာပါ‥တကယ်တော့ ကျွန်တော် အသိဆုံးပါဗျာ‥ တဲစုလူတွေရဲ့ ရှေ့ရေးအတွက် စွန့်စားချင်တာပါ-တကယ်တော့ တဲစုလူတွေအပေါ် ကျွန်တော်အပြစ် တွေ ကျူးလွန်ခဲ့တာ ရှိပါတယ်‥ကျွန်တော်နောင်တရပါပြီ‥သည့်တွက် ကျွန်တော် ရထိုက်တဲ့ ပစ်ဒဏ်တွေကိုလည်း ကျေကျေနပ်နပ်ကြီးခံသွား ချင်လို့ပါဗျာ‥ မပူပါနဲ့ စိတ်ချပါဗျာ‥"

သို့ပြောလာသည့် ကတုံးကို ကျွန်တော် လေးစားစွာဖြင့် ကြည့် လိုက်မိချေတော့၏။

သို့မှ ကျွန်တော်တို့သည် လူကြီးတဲစုရှေ့ရောက်သည့်တွင်

"အုဂု‥အုဂု‥အုဂု‥"

"အုဂု‥အုဂု‥"

သို့အသံတို့သည် ပတ်ပတ်လည်မှ ပေါ်လာပြန်ချေ၏။ ကျွန်တော်တို့ လှည့်ကြည့်လိုက်၏။

ဘုရားရေ‥ မျောက်ကောင်တွေချည်းသာမဟုတ်‥လူအချို့ လည်းပါကြချေ၏။ ထိုလူသားတို့သည် တဲစုနေလူတို့ဖြစ်ချေ၏။ သူတို့ သည် မျောက်ကောင်များကဲ့သို့ သစ်ပင်ထက်မှ ကိုင်းခက်များပေါ်တွင် ရှိကြချေ၏။ ကျွန်တော်တို့အား ဝိုင်းပတ်ကာ အော်ဟစ်နေကြခြင်းဖြစ် ၏။

သို့မှ မျောက်ထီးကြီးတစ်ကောင်ကို တွေ့လိုက်၏။ ကျွန်မျောက် ကောင်များထက်ကြီးသော မျောက်ကောင်ဖြစ်ချေ၏။ ထူးဆန်းသည် မှာ ထိုမျောက်ကောင်၏ အော်သံမှာ မျောက်စင်စစ်တို့၏ အသံမဟုတ် ဘဲ လူသားတို့ မျောက်လိုအော်သံဖြစ်နေခြင်းပင်‥။

"သည်ကောင်ကြီးက ကျွန်မျောက်တွေရဲ့ ခေါင်းဆောင်ထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်… သူ့အော်လျှင် ကျန်မျောက်တွေက အသားကုန်အော်ကြတာ ဗျ··သူငြိမ်သက်နေလျှင် ငြိမ်နေကြတယ်ဗျာ··"

မျောက်လူတို့လည်း မျောက်သံကဲ့သို့ အော်ဟာစ်နေကြ သော်လည်း ထပ်ထူတူလေခြင်းတော့ဖြင့် မရှိပါချေ··။

"သည်မျောက်က ထူးခြားတယ်···"

ကျွန်တော်က ထိုမျောက်ကြီးကိုကြည့်၍ ပြောလိုက်၏။

"သည်ကောင်ကြီးက လူကြီးရဲ့ လက်သပ်မွေးမျောက်ကြီးလေ၊ သူ့ကို ဖိုးညိုလို့ခေါ်တယ်··နို့ဆိုတော့ လူကြီးလည်း သည်နားတဝိုက် ရှိလိမ့်မယ်··"

"သေချာလား·"

လင်းမြင့်လှိုင်က ကတုံးကိုမေးလိုက်၏။

"သေချာတာပေါ့··ကျုပ်ဆရာနဲ့ သည်ကောင်ကြီးက ခွဲနေကြ တာရယ်လို့မှ သိပ်မရှိတာချည်း··"

"ဟုတ်ပြီ··နို့ဆိုတော့··ကျွန်တော်တို့ လူကြီးကို အထွေအထူး ရှာစရာမလိုချေတော့ဘူးပေါ့··"

"ဟုတ်တယ်··သည်ကောင်ကြီးကိုသာ မိအောင်ဖမ်းလိုက် ချေ··· လူကြီးထွက်လာလိမ့်မယ်"

"အ··အား··"

ကတုံးတစ်ယောက် သို့ပြောနေစဉ်မှာပင် မြားတံတချောင်း က သူ၏ လက်ပြင်သို့ စူးနစ်ဝင်လာချေတော့၏။

"ဟာ··"

"ဟာင်"

ကတုံးကိုပစ်လိုက်သူသည် အခြားမဟုတ်··လူကြီး ဖြစ်ချေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

သူသည်လည်း မျောက်တကောင်ကဲ့သို့ သစ်ပင်ကိုင်းထက်တွင် တွယ်မှီရှိနေချေ၏။

လင်းမြင့်လှိုင်က ကပျာကသီပင် သူ၏သေနတ်ဖြင့် လှမ်းချိန်လိုက်ပြီး

"ခင်ဗျားပြေးမလွတ်လောက်ဘူးနော်‥ ဆင်းလာခဲ့ပါ‥ကျွန်တော်က မတော်တဆလွဲချော်ဦးတော့ သည့်မယ် တစ်ချက်တစ်ကောင် မြင့်မောင်လဲပါတယ်‥"

သို့ လင်းမြင့်လှိုင်က လူကြီးကိုပြောလေမှ ကျွန်တော် မြင့်မောင်ကို သတိထားမိချေတော့၏။

မြင့်မောင်တစ်ယောက် လူကြီးထံသို့ သူ၏ ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ရန် အသင့်ချိန်ရွယ်ထားပြီးဖြစ်ချေတော့၏။

သို့ဆိုတော့ လူကြီးသည် ကျွန်တော်တို့အား အတန်ကြာမျှ တွေဝေကြည့်နေလေပြီးမှ‥ ‥

"ကျုပ်လည်းတွေးပြီးသားပါ‥မောင်ရင်တို့နဲ့ ကတုံး အဖွဲ့ကျနေပြီဆိုကတည်းက ကျုပ်ကို သူသစ္စာဖောက်တော့မယ်ဆိုတာ သိနေပါတယ်ဗျာ‥၊ ဂျူပ်သူကို လျော့တွက်မိတယ်‥ပြီးတော့ ကျုပ်ကလည်း စည်းမစောင့်ခဲ့ပေဘူးကိုဗျ‥"

လူကြီးက သို့ပြောပြီး ထိုသစ်ပင်ကိုင်းထက်မှ နွယ်ကြိုးကို ခို၍ အောက်သို့ ဆင်းလာချေတော့၏။

အသာတကြည့်ပင် သူ့လက်တွင်းမှ ဒူးလေးကို ထုတ်ပေးလာချေ၏။ အကယ်တမ်းကျတော့ ကြက်ကလေး ငှက်ကလေးဖမ်းသည့် လွယ်ရေချည်ကလား‥‥။

"ခင်ဗျားရဲ့နှစ်လုံးပြူးသေနတ်ကော‥"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့တွင် နှစ်လုံးပြူးသေနတ်ရှိသည်သိထားပြီးဖြစ်၍ ရန်သူမှ လက်နက်ထုတ်မပေးလာခြင်းတွက် ဘဝင်မကျခြင်းသာမက ယုံကြည်မှုကိုလည်း စိတ်မချရသဖြင့် သို့မေးလိုက်ခြင်းဖြစ်တော့၏။

ကျုပ်မှာရှိတဲ့သေနတ်တလက်က ဘာအသုံးချလို့ ရမှာလဲဗျာ၊ ပြီးတော့ ကျည်မရှိတဲ့သေနတ်နဲ့ ဟန်ပြခြိမ်းခြောက်တာကိုလည်း ကျုပ်လုံးဝ မနှစ်သက်ဘူးဗျ • ကျုပ်မယ်• • လတ်တလော အသုံးဝင်တာ သည်ဓူးလေးပဲလေ• •"

သို့ဖြင့် ကျွန်တော်တို့သည် လူကြီးကို လွယ်လင့်တကူ ဖမ်းဆီးချုည်နှောင်လိုက်ချေတော့၏။

သို့မှ ကျွန်တော်တို့ တောတိုးလျှောက်ခဲ့ကြစဉ်

"ရွှီး"

"ရွှီး"

"အာ• •အား• •အား• •"

အလိုလေးဗျာ• •ကျွန်တော်တို့လူစုကို မျောက်ကောင်ဖိုးညိုက လျှပ်တပြတ် အလစ်အငိုက် ဝင်တိုက်လာခြင်းဖြစ်တော့၏။

သူဝင်ရောက်တိုက်ခိုက်လေသည်မှာ ကတုံးကို ဖြစ်ချေတော့၏။ ထင်မှတ်မထားသောတိုက်ခိုက်ခြင်းဖြစ်ပေမင့် ကတုံးတစ်ယောက် အသက်အန္တရာယ်မထိခိုက်နိုင်သော ကုတ်ခြစ်ဒဏ်ရာသာလျှင် ရသွားပုံပင်• •

"ဒိန်း"

ကျွန်တော်က မျောက်ကောင်ဖိုးညိုကို အလွတ်မပေး အဝေးသို့ မရောက်မီမှာပင် ပစ်ချလိုက်နိုင်ခဲ့ချေတော့၏။

"စိတ်မကောင်းပါဘူး• •ခင်ဗျားရဲ့အားကိုးအားထားရာ မျောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ပေပဲဗျ‥သခင်အတွက် သူကြိုးစားတာပဲဗျ‥ သည်တွက် နားလည်းပေးမယ်ထင်ပါတယ်‥"

သို့ ကျွန်တော်က လူကြီးကို တောင်းပန်စကားဆိုလိုက်ရချေတော့သည်။

"နို့ကတော့ ကျုပ်ဘက်ကကြည့်လျှင်သူက သူ့ရဲကောင်းပေပဲဗျ‥သစ္စာခံသူ့ရဲကောင်း တိရိစ္ဆာန်ဖြစ်ပေမင့် သခင်အပေါ်မှာ ကျေးဇူးသိတတ်တာပေပဲ‥ ဟိုကောင်ကသာ အသိဉာဏ်ရှိတဲ့ လူသားဖြစ်ပြီး ကျေးဇူးကမ်းရတယ်လို့ သစ္စာမဲ့ရက်တယ်လို့‥ မျောက်ကောင်လောက်တောင် အသုံးမကျတဲ့ကောင်ပေပဲဗျ‥ဟင်း‥ဟင်း‥ဟင်း‥"

သို့ဆိုလာချေတော့၏။

"လူကြီးပြောတာလဲ မှန်တယ်လို့ ဆိုလို့ရပါတယ်‥ ကျွန်တော်တို့အနေနဲ့ကတော့ ကတုံးက မဟာသူ့ရဲကောင်းပါ‥ပြီးတော့ သူ့ရဲ့ဆုံးဖြတ်ချက်က ခင်ဗျားအပေါ် သူသစ္စာရှိခြင်းဟာ ပုဂ္ဂိုလ်ရေးပါ။ တစ်ဦးတစ်ယောက်အတွက်ပါ‥‥နို့ကလည်း လူသားမျိုးနွယ်ဖျက်မယ့်လူပါ။ ခု သူ့ရဲ့ဆုံးဖြတ်ချက်က တဲစုနေလူသားအားလုံးကောင်းစားဖို့အတွက်ပါ"

သို့ လင်းမြင့်လှိုင်က ပြောလိုက်လေတော့သည်။

စာဖတ်ပရိသတ်အား လေးစား

ကြိုးစားလျှင်

ရှိုက်

၂၆- ၂၀၀၀

10:26 PM

www.burmeseclassic.com

www.burmeseclassic.com

# ဦးရသေ့အားဦးထိပ်ထားကာ

မွေးဖေ၊ မွေးမေ၊

ပြီးတော့. . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

ကိုပိုက်

www.burmeseclassic.com

www.burmeseclassic.com

# ကိုဝိုက်

## ကြိုးဝိုင်းအကွက် ၁၈၀ ရောက် မုဆိုးနှစ်ယောက်

## ကံသီပေလို့ သက်မပျောက်

(စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၄၄၀၉၁၀)

ဆက်လက်ထွက်ရှိမည်။

ဖြန့်ချိရေး

**နဂါးပျံစာပေ**

၃

www.burmeseclassic.com